ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကိုပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ်မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာရှောင်ရှားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၇)

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 12 February 2017 (၈၈၃၅)

# (၂၁)ရာစု ပင်လုံညီလာခံ၏အနှစ်သာရသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဖြစ်

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၏အရင်းခံသည် ပြည်ထောင်စုစိတ်ဓာတ်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား -**

ယနေ့အချိန်အခါသည် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်အခါသမယမှာ ပြည်ထောင်စုအတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွလက်တွဲနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမတွေအားလုံး ကောင်းမြတ်တဲ့ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အတိတ်သမိုင်းမှာ မြန်မာမင်းအဆက်ဆက်တို့ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းပြီး စုစည်းခိုင်မာတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ခဲ့ကြပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်နိုင်တဲ့ မင်းများလက်ထက်မှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်ခဲ့ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာ မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက်ကို ကျရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ကြရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာ့တပ်မတော်ကို ဖွဲ့စည်းပြီး ဂျပန်တို့ရဲ့အကူအညီရယူကာ နယ်ချဲ့တွေကို တွန်းလှန်မောင်းထုတ်နိုင်ခဲ့ပေမယ့်လည်း ဖက်ဆစ်ဝါဒရဲ့အနိဋ္ဌာရုံကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခါးစည်းခံခဲ့ကြရပြန်ပါတယ်။ ထို့အတူ ဒုတိယကမ္ဘာစစ်မီး တောက်လောင်ချိန်မှာ မဟာမိတ်တို့နဲ့ပူးပေါင်းပြီး ဖက်ဆစ်တို့ကို တော်လှန်နိုင်ခဲ့ပေမယ့် ပြန်လည်ဝင်ရောက်လာတဲ့ နယ်ချဲ့တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ဝန်လေးခဲ့ကြပါတယ်။ နယ်ချဲ့တို့ဟာ ပြည်မကိုသာလွတ်လပ်ရေးပေးလိုပြီး တောင်ပေါ်ဒေသတွေကို ချန်ထားလိုတဲ့အတွက်

**စာမျက်နှာ ၃ သို့** ☆



**ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ခိုင်မာအောင် ပြန်လည် တည်ဆောက်နိုင်ပါက မြန်မာနိုင်ငံကို ကမ္ဘာ့ အလယ်မှာ ဝင့်ထည် လာအောင် ဆောင်ကြဉ်း ပေးနိုင်မှာဖြစ်**

# နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

# ကြေးမုံ

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့၏ သန္နိဋ္ဌာန်

ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်မှာ နှစ်ပေါင်း ၇၀ ရှိပြီဖြစ်သည်။ ပင်လုံစာချုပ်ဟူသည် နယ်ချဲ့ဗြိတိသျှတို့ထံမှ တိုင်းပြည်လွတ်လပ်ရေးရယူသည့်အခါ ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်စုစည်းရယူမည်ဟု လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပင်လုံစာချုပ်သည် ပြည်ထောင်စုကြီးတစ်ရပ်လုံး လွတ်လပ်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဤပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများအပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများအားလုံးက ညီညီညွတ်ညွတ် စုစည်းပုံဖော်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီးများက ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အုတ်မြစ်ကို ဤကဲ့သို့ချမှတ်ခဲ့ရာ၌ အတင်းအကျပ် အာဏာသုံး၍ ချမှတ်ခဲ့ခြင်းမဟုတ်။ သူတို့အပေါ် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နှလုံးသားထဲမှပေးအပ်ထားသော ယုံကြည်ကိုးစားမှုကို ဆုပ်ကိုင်ကျင့်သုံးချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ နှလုံးသားထဲမှ ယုံကြည်ကိုးစားမှုကို အမျိုးသားခေါင်းဆောင်များကသာ ရယူဆုပ်ကိုင်နိုင်စွမ်းရှိပါသည်။

အမျိုးသားခေါင်းဆောင်ကြီးတို့၏ ခေါင်းဆောင်မှုစွမ်းပကားကို သာမန်နိုင်ငံရေးသမားတို့၏ ခေါင်းဆောင်မှု စွမ်းပကားနှင့် တစ်တန်းတည်းထားသုံးသပ်စဉ်းစားခြင်းသည် မှန်ကန်သောချဉ်းကပ်ပုံမဟုတ်သည်မှာ ထင်ရှားပါသည်။ ကွယ်လွန်သွားပြီဖြစ်သော သာမန်နိုင်ငံရေးသမားတစ်ဦးနှင့်ပတ်သက်၍ သူသာသက်ရှိထင်ရှားရှိခဲ့ပါလျှင် တိုင်းပြည်ပိုကောင်းမည်(သို့မဟုတ်) ပိုဆိုးမည်(သို့မဟုတ်)မည်သို့မျှမထူးခြားဟု ဆုံးဖြတ်ပြောကြားရန် မဖြစ်နိုင်သော်လည်း အမျိုးသားခေါင်းဆောင်ကြီးများသာ သက်ရှိထင်ရှားရှိခဲ့ပါက တိုင်းပြည်၏အခြေအနေသည် အမှန်တကယ်လက်တွေ့ဖြစ်ခဲ့သည်ထက် ပိုမိုကောင်းမွန်မည်မှာ ယတိပြတ်ပြောဆိုနိုင်သောအချက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားခေါင်းဆောင်ကြီးများကသာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်စွမ်းရှိသောကြောင့်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ချမှတ်ထားသောမူဝါဒအတိုင်း စည်းရုံးခေါင်းဆောင်နိုင်စွမ်းရှိသူများမှာ အမျိုးသားခေါင်းဆောင်ကြီးများသာ ဖြစ်သောကြောင့်ဖြစ်ပါသည်။ တင်ပြလိုသည်မှာ ပင်လုံစာချုပ်ကို ပြင်ဆင်ဆုပ်ကိုင်ရယူပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီးများ၏ တန်ဖိုးအပေါ် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နက်နက်ရှိုင်းရှိုင်း လေးစားတန်ဖိုးထားကြရန်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီးများသည် တန်ဖိုးအနဂ္ဃထိုက်တန်သည်ကို နားလည်သဘောပေါက်မှသာ တန်ဖိုးထားကာကွယ်စောင့်ရှောက်ရမှန်းသိရှိမည်ဖြစ်ပါသည်။သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကိုအခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီးများ၏ စံနမူနာအတိုင်း လက်တွေ့ကျင့်သုံးဆောင်ရွက်မည်ဟူသော သန္နိဋ္ဌာန်ကိုချမှတ်ကြပါရန် လေးစားစွာနှိုးဆော်တင်ပြအပ်ပါသည်။ ဤသန္နိဋ္ဌာန်သည်ပင် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့၏ သန္နိဋ္ဌာန်ဖြစ်သည်ဟု တင်ပြအပ်ပါသည်။ ။

## ဆဌမအကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပ




ဆဌမအကြိမ်မြောက် အမျိုးသားအဆင့် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဆဌမအကြိမ်မြောက် အမျိုးသားအဆင့် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင် အပြန်အလှန်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အစိုးရအနေဖြင့် လူထုလူတန်းစားအသီးသီး၏ အကျိုးစီးပွားဖော်ဆောင်ရာတွင် ကောင်းမွန်သော မူဝါဒများချမှတ်၍ ဆောင်ရွက်နေသော်လည်း လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံလူတန်းစားအဖွဲ့အစည်း အသီးသီးမှ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးစသည့် အသေးစိတ်လိုအပ်ချက်များအား အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလုပ်သမား အဖွဲ့အစည်းများအနေဖြင့် မိမိအဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းစဉ်များအား အဖွဲ့ဝင်များကိုယ်တိုင် ရေးဆွဲသတ်မှတ်ပြီး လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပါက မျှတစွာဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အလုပ်သမားထု၏ အင်အားသည် အဓိကကျသကဲ့သို့ အလုပ်သမားများအတွက်အလုပ်အကိုင်များ ဖန်တီးပေးသည့် အလုပ်ရှင်ဆိုသည်မှာလည်း မရှိမဖြစ်လိုအပ်သည့် မိတ်ဖက်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများဆိုသည်မှာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန် အထောက်အကူပြုပြီး နိုင်ငံစီးပွား တိုးတက်စေရေးအတွက် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် အစိုးရကိုယ်စားတက်ရောက်လာသော ဝန်ကြီးဌာနမှကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ILO ကိုယ်စားလှယ်တို့က အပြန်အလှန် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အမှတ်တရအဖြစ် ကာတွန်း ဟန်ထွေးနိုင်၏ ကယ်ရီကေးချားပြပွဲပြုလုပ်

**မန္တလေး ဖေဖော်ဝါရီ ၁၁**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အမှတ်တရအဖြစ် ကာတွန်းဆရာ ဟန်ထွေးနိုင်၏ ကယ်ရီကေးချားပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေးရှိ သီရိပန်းချီအနုပညာပြခန်း၌ ကျင်းပသည်။

ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်ပြီး ကာတွန်းဆရာများနှင့် ဧည့်သည်တော်များကိုနှုတ်ဆက်ပြီး ကယ်ရီကေးချားပန်းချီကားများကို လေ့လာကြည့်ရှုသည်။

ပြပွဲတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဇနီး ဒေါ်ခင်ကြည်နှင့်သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ ကယ်ရီကေးချားပန်းချီကား ၄၀ ကျော် ပြသထားပြီး တန်ဖိုး ငွေကျပ်လေးသောင်းမှ ကျပ်ခုနစ်သောင်းအထိ သတ်မှတ်ထားကာ ဖေဖော်ဝါရီ ၁၃ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၀၂)**

■

## ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သထုံ ဖေဖော်ဝါရီ ၁၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် လက်တွဲညီကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၀ ရွာအတွက် ရေပေးဝေရေးလုပ်ငန်း(အခြား) ၁၀ ခုအား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဝင်းနှင့်အဖွဲ့တို့က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ခုနှစ် ၁၈ ၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂၊
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၁၃၅၁

☆ရွှေဖုံးမှ

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဟာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံညီလာခံကြီးကို ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုဖို့ ကတိပြုလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပင်လုံညီလာခံရဲ့အနှစ်သာရကတော့ တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း အတူတကွ လွတ်လပ်ရေးရရှိရေးပဲဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့တဲ့ ဒီနေ့ဒီရက်ကို ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်ခဲ့တာ ဒီနေ့ဆိုရင် နှစ်ပေါင်း (၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား-**

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာလည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိသေးဘဲ လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူတို့ရဲ့ လူမှုဘဝတွေဟာ များစွာနိမ့်ကျခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့တဲ့ အဲဒီလက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများနဲ့နှိုင်းယှဉ်လျှင် တိုးတက်ဖွံ့ဖြိုးမှု များစွာနောက်ကျကျန်ခဲ့ပြီဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ခိုင်မာအောင် ပြန်လည်တည်ဆောက်နိုင်ပါက မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်လာအောင် ဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးနဲ့စီးပွားရေးဟာ ဒွန်တွဲလျက်ရှိပြီး စီးပွားရေးမူဝါဒကိုအခြေခံတဲ့ အုတ်မြစ်များထဲက အရေးကြီးဆုံးအချက်တစ်ချက်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးပဲဖြစ်ပါတယ်။ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်နိုင်ဖို့အတွက် (၂၁)ရာစု ပင်လုံညီလာခံကိုလည်း ကျင်းပနေပြီ ဖြစ်ပါတယ်။ (၂၁)ရာစု ပင်လုံညီလာခံရဲ့ အနှစ်သာရကတော့ တစုတစည်းတည်းဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာသက်တမ်းရှည်ကြာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးနိုင်ရေးအတွက် ဖြေရှင်းချက်က “ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး”ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရေးရဲ့အရင်းခံဟာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်နဲ့ အချင်းချင်းအပြန်အလှန်ညှိနှိုင်းတိုင်ပင်ကာ ပြည်ထောင်စုကြီးတစ်ရပ် တည်ဆောက်မယ်ဆိုတဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်ဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာမှု မရှိဘဲ၊ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်မှုမရှိဘဲ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မှာမဟုတ်ပါ။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုအပေါင်းတို့နဲ့ ဖွဲ့စည်းတည်ရှိတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ပါတယ်။ ကွဲပြားခြားနားတဲ့ ပထဝီဝင်ဒေသအသီးသီးမှာရှိကြတဲ့ တိုင်းရင်းသားအသီးသီးဟာ မိမိတို့ရဲ့ ဘာသာဓလေ့အသီးသီးကို အမြတ်တနိုးကျင့်သုံးနေထိုင်ကြရင်း မြဲမြံသောသံယောဇဉ်တရားနဲ့ အပြန်အလှန်ဖေးမကူညီကာ အတူတကွ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်များနဲ့ ရိုးရာဓလေ့စရိုက်များကို မပျောက်ပျက်စေဖို့ တိုင်းရင်းသားပြည်သူအပေါင်းက ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ချစ်ခင်စည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုကြီးအဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရာမှာ တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုဟာ အရေးကြီးလှပါတယ်။ ဒီမိုကရေစီဖက်ဒရယ်စနစ်အတွင်းမှာ တိုင်းရင်းသားတွေ လိုလားတောင့်တနေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တည်ဆောက်ကြရမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ကြရာမှာလည်း နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား သင့်မြတ်အောင် ဆောင်ရွက်ရုံသာမက တိုင်းရင်းသားအချင်းချင်းအကြား သင့်မြတ်ရေးအတွက်ပါ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အဓိကလိုအပ်ချက်ဟာ ယုံကြည်မှုပင်ဖြစ်တဲ့အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယစိတ်ကင်းစင်ပြီး ခိုင်မာတဲ့ ယုံကြည်မှုရရှိဖို့ ကြိုးပမ်းသွားဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသား သွေးစည်းညီညွတ်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်တာနဲ့အမျှ ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ရင်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ် ဖြစ်တဲ့-

- ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊
- ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးတို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါလို့ တိုက်တွန်းရင်း ပြည်ထောင်စုနေ့သဝဏ်လွှာ ပေးပို့လိုက်ပါတယ်။


ဒေါ်ခင်စောမြင့်


ဒေါ်နန်းခင်လတ်


ဒေါ်ခင်ခင်ပု


ဦးဆင်မှုန်


ဒေါ်အုန်းကြွယ်


လဖိုင်ခွန်အောင်း

**ကျောဖုံးမှ ❒**

ဝမ်းသာနေကြတာ။ အဖေကလင်းခေးမှာလည်းပင်လုံနဲ့ပတ်သက်တဲ့ အတွေ့အကြုံကို ပြောပြောလိုက်သေးတယ်။ အဖေ့အနေနဲ့ တိုင်းပြည်အတွက် ဒီလိုလုပ်ငန်းမျိုးကို လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ အလွန်လည်း ပင်ပန်းခဲ့တာပါ။ အဖေက ရှမ်းပြည်လွတ်လပ်ရေးရရှိရေးအဖွဲ့မှာလည်း အမှုဆောင်လူကြီးလည်း လုပ်ပါတယ်။ ဒီအတွက် တိုင်းပြည်ကလည်းပြန်ကြည့်ပါတယ်။ ၁၉၇၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှာ အဖေကွယ်လွန်ခဲ့ပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ အခုလိုအခမ်းအနားမျိုးကို တက်ရောက်ရလို့လည်း ဝမ်းသာပါတယ်။ အဖေ့အတွက်လည်း ဂုဏ်ယူပါတယ်။ ငြိမ်းချမ်းရေးလည်းအမြန်ဆုံးရစေချင်ပါတယ်။ ငြိမ်းချမ်းရေးရမှလည်းလူထုဘဝတွေ တိုးတက်လာမှာပါ။ ငြိမ်းချမ်းရေး အမြန်ဆုံးရပါစေလို့ဆုတောင်းပါတယ်။

**လူထုကိုယ်စားလှယ် စဝ်ယိပ်ဖ၏ တူမ ဒေါ်နန်းခင်လတ်**

ကျွန်မတို့ ဒီအခမ်းအနားတက်ဖို့ ပြည်နယ်အစိုးရက ဖိတ်ကြားတာပါ။ ဒီအတွက်လည်း လွန်စွာဝမ်းသာပါတယ်။ ဦးလေးအတွက်လည်း ဂုဏ်ယူတယ်။ ဦးလေးရဲ့ ချွေးမလည်းပါတယ်။ ဦးလေးရဲ့ဇနီးကတော့ ကွယ်လွန်သွားပါပြီ။ အခုလိုဖိတ်ကြားတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အခုလိုလုပ်လိုက်တဲ့အတွက် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်တယ်လို့ပဲ သဘောပေါက်ပါတယ်။

**လူထုကိုယ်စားလှယ် ဦးကြာပု၏ သမီး ဒေါ်ခင်ခင်ပု**

အဘွားတို့က စိုက်ပျိုးရေးမိသားစုပါ။ အဖေကလည်းစိုက်ပျိုးရေးလုပ်ပြီးတော့ ရှမ်းပြည်မှာပဲ အခြေချတယ်။ အင်္ဂလိပ်အစိုးရကလည်း အဖေ့ကို အရင်ဆုံးအလုပ်ခန့်ခဲ့တယ်။ ညောင်ရွှေမြို့နယ်ခွဲမှာ တာဝန်ပေးတယ်။ အဲဒီမှာ စိုက်ပျိုးရေးရွာဆိုတာ အခုထက်ထိရှိသေးတယ်။ ဟိုတုန်းက သွားရေး၊ လာရေးကအတော်ဒုက္ခရောက်တယ်။ စာတွေဘာတွေကလည်း ပို့ဖို့ခက်ပါတယ်။ ဒါကြောင့် ညောင်ရွှေစော်ဘွားကြီးရဲ့ တောင်ကြီးနယ်မြေထဲကို ပြောင်းလိုက်ပါတယ်။ အဲဒီမှာလည်း ဥယျာဉ်တည်ထောင်ရတယ်။ နောက်ပိုင်းမှာသီပေါစော်ဘွားကြီးက ခေါ်ပြီးစိုက်ပျိုးရေးလုပ်ပေးပါဆိုတော့ အင်္ဂလိပ်ဆီကို တင်ပြရတာပေါ့။ သူတို့ကတော့မပြောင်းစေချင်ဘူး။ သီပေါစော်ဘွားကြီးက အစစအရာရာ လုပ်ပေးမယ်ပြောတယ်။ ဒါကြောင့် ပြောင်းပါရစေ ပြောလိုက်တယ်။ အခုဒီအခမ်းအနားကို တက်ရောက်ရတဲ့အတွက် ဝမ်းသာတယ်။ ဂုဏ်ယူတယ်။

**ဦးကြီးယိုမန်း ချင်းကိုယ်စားလှယ် (ဟားခါး)၏သား ဦးဆင်မှုန်**

ကျွန်တော်တို့မောင်နှမ၁၁ယောက်ရှိပါတယ်။ သားသုံးယောက်ထဲက အလတ်ပါ။ ဒီလိုအခမ်းအနားကို တက်ရောက်ရတဲ့အတွက် အဝင်ဝမှာတင် မျက်ရည်ကျမိတယ်။ ဖိတ်ကြားတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မဖော်ပြနိုင်အောင်ဝမ်းသာတယ်။ ကျွန်တော့်အတွက် ပင်လုံမြေက ထူးဆန်းပါတယ်။ တစ်ခါမှလည်း


ကျော်ဖားနော်


ဦးစိုင်းခမ်းပန့်


စဝ်သောင်းတင်

မရောက်ဖူးပါဘူး။ လုံးဝမမျှော်မှန်းပါဘူး။ ကျွန်တော်ကအဲဒီအချိန်က ငယ်လွန်းပါသေးတယ်။ ဒါကြောင့် ထင်တယ်။ အဖေကပင်လုံအကြောင်း မပြောဘူး။ နိုင်ငံရေးကိုကျွန်တော် နားမလည်ပါဘူး။ ဒါပေမယ့် အခုဆောင်ရွက်ချက်တွေကို ထောက်ခံပါတယ်။ အားပေးတယ်။

**သထုံစော်ဘွားကိုယ်စားလှယ် ဦးဖြူ၏ သမီး ဒေါ်အုန်းကြွယ်**

ပင်လုံမြေကိုတော့ အန်တီတို့ငယ်ငယ်ကတည်းက ရောက်ဖူးပါတယ်။အန်တီဒီအခမ်းအနားကို တက်ရောက်ရမယ်ဆိုတဲ့အတွက် အလွန်ဝမ်းမြောက်မိတယ်။ ဂုဏ်လည်းယူပါတယ်။ အဖေကတော့ ၁၉၇၅ ခုနှစ်မှာ ဆုံးသွားတာပါ။ ပင်လုံစာချုပ်ချုပ်တုန်းက အန်တီတို့က ငယ်သေးတယ်လေ။ လက်ရှိအစိုးရရဲ့ တိုင်းပြည်အတွက်ဆောင်ရွက်နေတဲ့အပေါ်မှာ သဘောကျပါတယ်။ ဝမ်းလည်းသာပါတယ်။

**ဒူးဝါးဇော်လွန်း ကချင်ကိုယ်စားလှယ် (ဗန်းမော်)၏သား ဦးလဖိုင်ခွန်အောင်း**

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ချုပ်ဆိုခဲ့ကြတဲ့ ပင်လုံကတိကဝတ်ကို ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် ပြေပြေလည်လည်နဲ့ အကောင်အထည်ဖော်ဖို့ ပြောချင်ပါတယ်။ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့မှာ ဒီအခမ်းအနားကို လာတက်ရတဲ့အတွက် ဝမ်းသာတယ်။ ဂုဏ်ယူမိတယ်။ ကျွန်တော့်ရဲ့ တစ်သက်တာမှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က ဖိတ်ကြားတာကို တက်ရောက်ရလို့ပါပဲ။ ကျွန်တော့်အနေနဲ့ကတော့ တိုင်းရင်းသားတွေအားလုံးစုပေါင်းပြီးမှ လက်မှတ်ထိုးထားတဲ့အတွက်ကြောင့် ဒီကိစ္စဟာဖြစ်မြောက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဆမားဒူးဝါးဆင်ဝါးနောင် ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား)၏သား ဆမားဒူးဝါးကျော်ဖားနော်**

ပင်လုံစာချုပ်ကတော့ လူကြီးတွေ ဆွေးနွေးပြီးသဘောတူမှ လက်မှတ်ရေးထိုးတာပါ။ ဒါပေမယ့်ပြည်ထောင်စုဖွဲ့စည်းပေးပါဆိုပြီး ဗိုလ်ချုပ်ကို တောင်းဆိုခဲ့တာ ကျွန်တော့်အဖေပါ။ ပင်လုံအစည်းအဝေးပျက်တော့မယ်ဆိုပြီး ဖြစ်တဲ့အခါမှာလည်း ကျွန်တော့်အဖေက ဇာတ်လိုက်လုပ်ခဲ့တာပါ။ ဒါနဲ့ပတ်သက်ပြီး အဖေကပြောပြသလို သမိုင်းတွေကလည်း ဒီလိုပဲပြောပါတယ်။ ရှမ်းတွေကလည်း ဆမားကြီးက ဗိုလ်ချုပ်ကိုယုံကြည်လွန်းအားကြီးလို့ ဒီလက်မှတ်ဖြစ်လာပါတယ်ဆိုပြီး ပြောပါတယ်။ ဗိုလ်ချုပ်ကအစည်းအဝေးဖျက်ပြီး ပြန်တော့မှာလေ။ နှစ်ဖက်ကို အဖေကဝင်လိုက်တာလေ။ ကချင်မှမဟုတ်ပါဘူး။ တိုင်းရင်းသားအားလုံးက ဗိုလ်ချုပ်ရဲ့နှုတ်ကတိနဲ့ ပင်လုံစာချုပ်ကို အလေးထားကြတယ်။ နှလုံးသားထဲမှာလည်း ဒါပဲရှိတယ်။ ဒီနေ့ဗိုလ်ချုပ်ရဲ့နှုတ်ကတိနဲ့ ပင်လုံစာချုပ်ရဲ့ ကွဲလွဲလာတဲ့အချက်တွေ အများကြီးဖြစ်လာတယ်။ ကျွန်တော်တို့ကတော့ ပင်လုံဆွေးနွေးချက်တွေအတိုင်းပဲ ဖြစ်စေချင်တယ်လေ။

**လူထုကိုယ်စားလှယ် ဦးခွန်ထီး၏သား ဦးစိုင်းခမ်းပန့်**

ပင်လုံစာချုပ်ကတော့ အကုန်လုံးသဘောတူညီပြီး လုပ်ထားတဲ့အလုပ်ပါ။ ဒါကြောင့်လည်း ပင်လုံစာချုပ်မှာပါတဲ့အချက်တွေကို လိုက်နာစေချင်တယ်။ အကောင်အထည်ဖော်ပေးစေချင်တယ်။ ဒီအခမ်းအနားကို တက်ရတဲ့အတွက် ဝမ်းသာတယ်။ စာချုပ်ပါအချက်တွေကို အကောင်အထည်ဖော်နိုင်ရင်တော့ ပိုကောင်းမှာပါ။

**မိုင်းပွန်စော်ဘွား စဝ်စံထွန်း၏သား စဝ်သောင်းတင်**

ရှမ်းပြည်နယ်နဲ့ ပတ်သက်တဲ့၊ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့၊ ပင်လုံစာချုပ် သဘောတူညီချက် အကောင်အထည်မဖော်နိုင်လို့ စားပွဲပေါ်မှာ မဖြေရှင်းဘဲ လက်နက်ကိုင်ဖြေရှင်းကြလို့မငြိမ်းချမ်းတာ။ ဒါသေချာတယ်။ ပင်လုံသဘောတူညီချက်ကို ဟိုတုန်းကသာ ဆက်ပြီးအကောင်အထည်ဖော်နိုင်မယ်ဆိုရင် လက်နက်ကိုင်စရာမလိုဘူး။ ၁၉၆၂ ခုနှစ်မှာ ဖက်ဒရယ်ကိစ္စကိုလုပ်တယ်။ အဲဒီတုန်းကသဘောတူညီပြီးပြီး လက်မှတ်ထိုးဖို့ပဲကျန်တော့တယ်။အဲဒီအချိန်မှာ ပျက်ခဲ့တာ။ မပျက်ခဲ့ဘူးဆိုရင် ဒီအချိန်မှာ ကျွန်တော်တို့တိုင်းပြည်က ငြိမ်းချမ်းနေမှာ။

**မေး - ညီမျိုးရဲ**
**ဓာတ်ပုံ - ကိုကိုစိုးညွန့်**

# အမေရိကန်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများ ဆွေးနွေး



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်လက်ထက် ပထမအကြိမ်အမေရိကန်-ဂျပန်ထိပ်သီးအစည်းအဝေး၌ သမ္မတဒေါ်နယ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့က နှစ်နိုင်ငံဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများကို ဦးစားပေး ဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးပွဲကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်တွင် ကျင်းပခဲ့သည်။

အမေရိကန်နှင့်ဂျပန်နှစ်နိုင်ငံမဟာမိတ် ဆက်ဆံရေးခိုင်မြဲမှုကြောင့် အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လွတ်လပ်မှုရရှိရေးကို အထောက်အပံ့ပေးသည့် ရလဒ်ကောင်းများ ပေါ်ထွန်းနိုင်စေကြောင်း အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ အမေရိကန်စစ်တပ်က ဂျပန်နိုင်ငံအား ကာကွယ်ရေးကဏ္ဍတွင် အင်အားပြည့် ပါဝင်ကူညီထောက်ပံ့ပေးမည်ဖြစ်သည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်က ဖော်ညွှန်းလျက်ရှိသည်။ အမေရိကန်နိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကာကွယ်ရေးကဏ္ဍများကို မြှင့်တင်မည်ဖြစ်သည်။

အစည်းအဝေးတွင် ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေး ပိုမိုတိုးတက်စေရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးများ ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ပင်လယ်ရေကြောင်းဆိုင်ရာနယ်နိမိတ်သတ်မှတ်မှု အရေးကိစ္စများတွင် နိုင်ငံတကာ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက မှတ်ချက်ပြု ပြောကြားခဲ့သည်။ ထို့ပြင် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြင့် ပိုင်ဆိုင်မှုနယ်နိမိတ်များ ရယူခြင်း နည်းလမ်းကို ဆန့်ကျင်ကြောင်း ခေါင်းဆောင်နှစ်ဦးက ဆိုသည်။

တောင်တရုတ်ပင်လယ်နယ်နိမိတ်အငြင်းပွားမှုနှင့် ပတ်သက်ပြီး နိုင်ငံအချင်းချင်း တင်းမာမှုများဖြစ်ပေါ်စေသည့် လုပ်ရပ်များကို ရှောင်ရှားရန် ပါဝင်ပတ်သက်သည့် နိုင်ငံများအား ခေါင်းဆောင်နှစ်ဦးက တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးက ဂျပန်နိုင်ငံ အိုကီနာဝါ စီရင်စုရှိ အမေရိကန် Marine Corps Futenma လေတပ်စခန်းအား ပြန်လည်ပြောင်းရွှေ့ရေးကိစ္စကို အတည်ပြုဆွေးနွေးခဲ့ကြသည်။

ပြုံယမ်း၏ နျူကလီးယားဒုံးလက်နက်ဖွံ့ဖြိုးရေးအစီအစဉ်များကို ရပ်တန့်နိုင်ရန် ခေါင်းဆောင်နှစ်ဦးက မြောက်ကိုရီးယားအား တိုက်တွန်းပြောကြားခဲ့သည်။

နှစ်နိုင်ငံဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေး၊ငွေကြေးကဏ္ဍနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ မူဝါဒများအပေါ် ကိုင်တွယ်ဖြေရှင်းရာတွင် အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကို ချဲ့ထွင်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံစီးပွားရေးအကျိုးရလဒ်များ ထွက်ပေါ်လာစေရေးအတွက် အမေရိကန်-ဂျပန်စီးပွားရေးဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေး ခေါင်းဆောင်နှစ်ဦးက ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။

ယခုနှစ်အတွင်း သမ္မတဒေါ်နယ်ထရန့်အား ဂျပန်နိုင်ငံသို့ အလည်အပတ် လာရောက်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဖိတ်ကြားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်၍ လူ ခုနစ်ဦးသေ၊ ၁၂၀ ထိခိုက်ဒဏ်ရာရ

**မနီလာ ဖေဖော်ဝါရီ ၁၁**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူရီဂါအိုမြို့တွင် ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းက ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခဲ့မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၁၂၀ ခန့်ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အဆိုပါမြို့၏ မြို့တော်ဝန်က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသွားသူငါးဦးအား အမျိုးအမည်ခွဲခြားသတ်မှတ်မှုပြုလုပ်နေပြီး ၎င်းတို့ထဲတွင် အသက် လေးနှစ်အရွယ် ကလေးတစ်ဦးနှင့် အသက် (၈၄) နှစ်အရွယ်အဘိုးအိုတစ်ဦးပါဝင်ကြောင်း မြို့တော်ဝန် အာနက်စတိုမာတူဂတ်စ်က ပြောကြားသည်။

သေဆုံးသူလေးဦးမှာ ငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်သည့်အပြိုအပျက်များပိမိ၍ သေဆုံးခြင်းဖြစ်ပြီး တစ်ဦးမှာ ရုတ်တရက် နှလုံးရပ်တန့်၍ သေဆုံးခြင်းဖြစ်ကာ အခြားတစ်ဦးမှာ ငလျင်လှုပ်ခတ်မှုကြောင့် နံရံပြိုကျမှုနှင့် ထိခိုက်မိကာ သေဆုံးခြင်းဖြစ်သည်ဟု မြို့တော်ဝန် မာတူဂတ်စ်က ပြောကြားသည်။



အဆိုပါငလျင်သည် ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၃ မိနစ်တွင် လှုပ်ခတ်ခဲ့ပြီး ငလျင်ဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားခဲ့ကာ ယင်းမြို့ရှိ လေဆိပ်၏ လေယာဉ်ပြေးလမ်းများ၊ လမ်းများ၊ တံတားများ၊ ဟိုတယ်နှင့် စာသင်ကျောင်းများ အပါအဝင်အဆောက်အအုံများပျက်စီးခဲ့သည်။ **ဆင်ဟွာ။**

# အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေကြောင်း သံသယဖြင့် ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် လူလေးဦးဖမ်းဆီး

**ပါရီ ဖေဖော်ဝါရီ ၁၁**
ပြင်သစ်နိုင်ငံတောင်ပိုင်း မောင့်ပီလီယာဒေသဝန်းကျင်တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ကြံစည်နေသည်ဟု သံသယဖြင့် လူလေးဦးအား ဖမ်းဆီးခဲ့ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့နှင့် တရားရေးဌာနသတင်းရင်းမြစ်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးခံရသူများထဲတွင် အသက်(၂၂)နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏မိတ်ဆွေ အသက် (၁၆) နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း ပါဝင်သည်။ ၎င်းတို့နှစ်ဦးသည် အစ္စလာမ့်စ်အစွန်းရောက်တစ်ဦးနှင့် အဆက်အသွယ်ရှိကြောင်း တာဝန်ရှိသူများက သိရှိထားပြီး ၎င်းတို့၏နေအိမ်အား အာဏာပိုင်များက ရှာဖွေရာတွင် ဖောက်ခွဲရေးပစ္စည်းများနှင့် ဗုံးပြုလုပ်သည့်ကုန်ကြမ်းပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

ပြင်သစ်နိုင်ငံတွင် စစ်သွေးကြွများ တိုက်ခိုက်လာဖွယ်ရှိသည့် သတိပေးမှုအဆင့်ကို အမြင့်ဆုံးထားရှိဆဲဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ၂၀၀၅ ခုနှစ်မှ စတင်ကာ စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ အစီအရီဖြစ်ပွားမှုကြောင့် လူ ၂၃၀ ကျော် သေဆုံးခဲ့ရပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ယမန်နှစ် နိုဝင်ဘာလအထိတိုင်အောင် နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာထားခဲ့သည်။

**ရိုက်တာ။**



# ဂရိနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တွင် ဒုတိယကမ္ဘာစစ်ကျန်ဗုံးကြီးတစ်လုံး ဖယ်ရှားရန် လူပေါင်း ၇၂၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရမည်



**အေသင် ဖေဖော်ဝါရီ ၁၁။** ။ဂရိနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် တက်ဆာလိုနီကီမြို့တွင် ဒုတိယကမ္ဘာစစ်ကျန်ဗုံးကြီးတစ်လုံး၏စနက်တံအား ကျွမ်းကျင်သူများက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖြုတ်သိမ်းပြီး ဖယ်ရှားမှုပြုလုပ်မည်ဖြစ်ရာ ဗုံးကြီးတွေ့ရှိရာ ဒေသအတွင်း နေထိုင်သော လူပေါင်း ၇၂၀၀၀ ကျော်ကို ၎င်းတို့၏နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အလေးချိန်ကီလိုဂရမ် ၂၅၀ ရှိ အဆိုပါဗုံးကြီးကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ဓာတ်ငွေ့ဆိုင်တည်ဆောက်ရေးအတွက် မြေတူးဖော်စဉ် မြေအောက်အနက် ငါးမီတာခန့်တွင် တွေ့ရှိရခြင်းဖြစ်သည်။

ဂရိကာကွယ်ရေးဌာနမှ ကျွမ်းကျင်သူများသည် အဆိုပါဗုံးကြီး၏စနက်တံကို ဖေဖော်ဝါရီ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် စတင်ဖယ်ရှားမည်ဖြစ်ပြီး ဖယ်ရှားချိန်မှာ နာရီအနည်းငယ်ကြာမြင့်မည်ဖြစ်သည်။ ဗုံးကြီး တွေ့ရှိရာနေရာမှ အချင်းနှစ်ကီလိုမီတာ(၁ ဒသမ ၂မိုင်)အတွင်းရှိဒေသခံများအား ဘတ်စ်ကားများဖြင့် တင်ဆောင်ကာ ဒေသတွင်းရှိ အားကစားရုံများ၊ အားကစားကွင်းများနှင့်ကဖေးဆိုင်များသို့ ပို့ဆောင်ပေးထားမည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# ဒီမိုကရေစီရေး ညီညွတ်ရေး ငြိမ်းချမ်းရေး ပန်းတိုင်သို့

မောင်းဆက်

ယနေ့ အနှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ဖြစ်၏။ ပြည်ထောင်စုနေ့ဆိုသည်မှာ မြန်မာ့လွတ်လပ်ရေးသမိုင်း၏ အချိုးအကွေ့တစ်ခုဖြစ်ပါ၏။ အနှစ် (၇၀) ကြာခဲ့ပြီဖြစ်သော သမိုင်းမှာ အလွယ်တကူ ဖြတ်သန်းခဲ့ရတာဖြင့် မဟုတ်ပါ။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးခရီး ပန်းတိုင်ရောက်ခါနီးကာလ အပြီးသတ်ဆွေးနွေးပွဲများအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရောက်ရှိခဲ့၏။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်၌ မြန်မာ့အရေးဆွေးနွေးပွဲစ၏။

ဗြိတိသျှ နန်းရင်းဝန် (ဝန်ကြီးချုပ်) မစ္စတာ ကလီမင့်အက်တလီ၏ ရုံးထိုင်ရာဖြစ်သော အမှတ်(၁၀) ဒေါင်းနင်းလမ်းတွင် ဖြစ်၏။ မြန်မာ့လွတ်လပ်ရေးအတွက် အလွန်အရေးပါလှသော အဆိုပါဆွေးနွေးပွဲတွင် အင်္ဂလိပ်တို့ဘက်မှ နန်းရင်းဝန် မစ္စတာ အက်တလီ နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘီဘင်တို့က ခေါင်းဆောင်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်ခဲ့၏။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဖဆပလ ကိုယ်စားပြုအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘော၊ သခင်မြ၊ ဦးတင်ထွဋ်၊ ဦးကျော်ငြိမ်း စသူတို့နှင့်အတူ ဘုရင်ခံရွေးချယ်သော ကိုယ်စားလှယ်များအဖြစ် ဂဠုန်ဦးစော၊ သခင်ဗစိန် စသူတို့ ပါဝင်ခဲ့သည်။ အားလုံး အဖွဲ့ဝင် ၁၆ ဦးပါရှိသော မြန်မာကိုယ်စားလှယ်အဖွဲ့။

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားမှာ ပြတ်သားပြီးဖြစ်သည်။ တွေ့ဆုံဆွေးနွေးပြီး လွတ်လပ်ရေးကို ရအောင်ယူနိုင်မယ်ဟု မျှော်လင့်ထားသည်။ သည်လိုမှ ဆွေးနွေး၍မရလျှင် မရအရတိုက်ယူမည်ဟု ပိုင်းဖြတ်ပြီးဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်ခရီး ရန်ကုန်မှ အထွက် ပြောခဲ့သော နာမည်ကျော်စကားရပ်ဖြစ်သည့် အကောင်းဆုံးကို မျှော်လင့်ထားသည်၊ အဆိုးဆုံးကို ရင်ဆိုင်ဖို့လည်း အဆင်သင့်ပြင်ထားသည်ဟူသည့် အတိုင်းဖြစ်ပါ၏။

အင်္ဂလိပ်အစိုးရ၏ ရည်ရွယ်ချက်မှာ "မြန်မာနိုင်ငံလွတ်လပ်ရေး ပန်းတိုင်သို့ရောက်အောင် ကူညီရန်ဖြစ်ကြောင်း" ဟူသည့် နန်းရင်းဝန် အက်တလီ၏ အဖွင့်စကားနှင့် "ဖြူစင်သောစိတ်ထားဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန်လာသည်" ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အဖွင့်စကားတို့ဖြင့် ဆွေးနွေးပွဲစခဲ့ကြသည်။

လန်ဒန်မြို့တွင် ယင်းသို့ဆွေးနွေးပွဲ ပြုလုပ်နေစဉ် တစ်နေ့သ၌ မြန်မာနိုင်ငံရှိ ရှမ်းစော်ဘွားအချို့ ပေးပို့လိုက်သော ကြေးနန်းတစ်စောင် ရောက်လာ၏။ နယ်ချဲ့တို့က လွတ်လပ်ရေးကို လွယ်လွယ်မပေးချင်သည့်အားလျော်စွာ တောင်တန်းဒေသများ လွတ်လပ်ရေးကို သီးခြားစဉ်းစားရန် စည်းရုံးလှုံ့ဆော်မှုကြောင့် စော်ဘွားအချို့တို့က 'ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်။ တောင်တန်းနယ်များ၏ အရေးကိစ္စကိုဆွေးနွေးရန် ရှမ်းပြည်စော်ဘွားများကို သီးသန့်ဖိတ်ခေါ်ပါ' ရေးသားကာ ကြေးနန်းပို့လိုက်ခြင်းဖြစ်၏။

ယင်းကြေးနန်းကြောင့် လန်ဒန်ရှိဆွေးနွေးပွဲမှာ အနည်းငယ် တန့်သွားခဲ့ရသော်လည်း ထိုသတင်းကို ကြားသိသော ရှမ်းပြည် လွတ်လပ်ရေးအဖွဲ့ချုပ် (ရပလ) က လူထုစည်းဝေးပွဲကြီးတစ်ခု ချက်ချင်းဆိုသလို တောင်ကြီးမြို့တွင် ကျင်းပကာ အစည်းအဝေးဆုံးဖြတ်ချက်အဖြစ် 'တောင်တန်းဒေသများသည် မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို ရယူလိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများအတွက်လည်း ပြောဆိုပိုင်ခွင့်ရှိကြောင်း၊ ဗိုလ်ချုပ်၏ အဆိုပြုချက်များကို ထောက်ခံကြောင်း' သံကြိုးရိုက် ကြေးနန်းပြန်လည်ပေးပို့လိုက်သည်။

ယင်းကြေးနန်းကြောင့် ဆွေးနွေးပွဲ ဆက်လက်နိုင်ခဲ့သော်လည်း အင်္ဂလိပ်တို့က 'တောင်တန်းဒေသကိုယ်စားလှယ်များနှင့် တိုင်ပင်ညှိနှိုင်းရန် အများစုက ပူးပေါင်းလိုလျှင် ပူးပေါင်းပေးမည်၊ သီးခြားနေလိုလျှင် သီးခြားနေခွင့်ပြုမည်' ဟူ၍ မြန်မာကိုယ်စားလှယ်အဖွဲ့ကို အသိပေးလိုက်သည်။ ထိုအသိပေး အကြောင်းကြားချက်ကို ဗိုလ်ချုပ်အောင်ဆန်းကလည်း သဘောတူလက်ခံခဲ့သည်။

ဇန်နဝါရီလ ၁၃ ရက် နံနက်ခင်းမှ စသည့် ဆွေးနွေးပွဲသည် ဇန်နဝါရီလ ၂၆ ရက် သန်းခေါင်းကျော်ထိ ရောက်ခဲ့သည်။ အကြိတ်အနယ်ဆွေးနွေးမှုများ၊ ဥပဒေသဘော၊ နိုင်ငံရေးသဘော၊ မြန်မာပြည်သူလူထုတို့၏ သဘောတို့ကို ဘက်စုံချင့်ချိန်ထောက်ရှုခဲ့ပြီး မြန်မာ-အင်္ဂလိပ် နှစ်ဖက်လုံးက စာချုပ်ချုပ်ဆိုရန် သဘောတူမှုရခဲ့ကြသည်။

ယင်းသို့ အားလုံးသဘောတူကြသည့်အချိန်ကျမှ ဦးစောနှင့် သခင်ဗစိန်တို့က ၎င်းတို့လက်မခံနိုင်ကြောင်း၊ လက်မှတ်မထိုးနိုင်ကြောင်း ထကြေညာသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက 'ကျွန်ုပ်တို့သည် သဘောတူညီချက်နှင့်ပတ်သက်၍ နောက်ပိုင်းဖြစ်ပေါ်လာမည့် ကိစ္စအဝဝကို လက်ခံရန်အသင့်ရှိကြောင်း' ပြောကြားကာ စာချုပ်အတွက် တာဝန်ခံလိုက်၏။ သည်သို့ဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အာမခံသော အင်္ဂလိပ်-မြန်မာ စာချုပ်ချုပ်ဆိုရန် အသင့်ဖြစ်ခဲ့ပြီ။



လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ရောက်ရှိခဲ့စဉ်။

လန်ဒန်မြို့၌ နှင်းများဖွေးဖွေးဖြူအောင် ကျနေသည့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အမှတ် (၁၀) ဒေါင်းနင်းလမ်း ဗြိတိသျှနန်းရင်းဝန်၏ ရုံးခန်းတွင်း၌ အပိုဒ်ပေါင်း ၁၀ ပိုဒ်ပါရှိသည့် သဘောတူညီချက်စာချုပ်ကို ဗြိတိသျှနန်းရင်းဝန် မစ္စတာ ကလီမင့် အက်တလီနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာ့လွတ်လပ်ရေးသမိုင်း၏ အရေးပါလှသော စာချုပ်များထဲကတစ်ခုဖြစ်သည့် အောင်ဆန်း-အက်တလီစာချုပ်ဟူ၍ ပေါ်ပေါက်လာခဲ့လေသည်။

တောင်တန်းဒေသများနှင့်ပတ်သက်၍ စော်ဘွားများပေးပို့သော ကြေးနန်းကို အကြောင်းပြုကာ အောင်ဆန်းအက်တလီစာချုပ်၏ အပိုဒ်(၈) အပိုဒ်ခွဲ(ဂ)တွင် အောက်ပါအချက် တစ်ချက်ပါလာခဲ့သည်။

(ဂ) ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်ပြီးဆုံးသည့်အခါ ဗြိတိသျှအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့သည် နယ်ခြားဒေသလူထု၏ ဆန္ဒနှင့် လိုက်လျောညီစွာ အကျိုးတူရည်မှန်းချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးစနစ်နှင့်ပတ်သက်၍ သဘောတူညီချက် ရယူလိမ့်မည်ဖြစ်သည်. . . ဟူ၍ ဖြစ်၏။

အောင်ဆန်းအက်တလီစာချုပ်ထဲမှာ ပင်လုံအစည်းအဝေး သို့မဟုတ် ပင်လုံကဲ့သို့သော အထူးကွန်ဖရင့်တစ်ခုဆိုသည့်အချက် အတိအလင်းပါလာသည့်အတွက် ပင်လုံဟာ ပြည်ထောင်စုတစ်ခုလုံးအတွက် အရေးကြီးသည့်အနေသို့ ရောက်ရှိလာပါတော့သည်။

အမှန်တော့ ပင်လုံကွန်ဖရင့်ကို ဗြိတိသျှတို့က ၎င်းတို့၏ အစီအစဉ်ဖြင့် ကြိုတင်ပြင်ဆင်ထားတာရှိနေသည်။ စော်ဘွားအချို့ကို စည်းရုံး၍ တောင်တန်းဒေသများကို သီးခြားခွဲထုတ်ကာ ဆက်လက်အုပ်ချုပ်ရန် ရည်ရွယ်ရင်းရှိပြီးဖြစ်၏။

နိုးကြားတက်ကြွနေသော တိုင်းရင်းသားခေါင်းဆောင်များက အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီးစီးကြောင်း သိကြသည့်အခါ မြန်မာနိုင်ငံကို သေချာပေါက် လွတ်လပ်ရေး ပေးရတော့မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ဆနိုင်ခဲ့ပြီးဖြစ်၏။ သည်လိုပြည်မနှင့် တောင်တန်းဒေသများ ခွဲခြားလွတ်လပ်ရေးပေးမည်ဆိုလျှင် တောင်တန်းဒေသများအဖို့ နောက်ထပ်မည်မျှကြာအောင် လွတ်လပ်ရေးအတွက် စောင့်ရမည်ဆိုတာ မသေချာ။

ပြီးတော့ အဓိကအကျဆုံးအချက်က ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆောင်မျိုးက တစ်ခေတ်တစ်ယောက်ဆိုလောက်သည်။ သည်လိုတည်ကြည်၊ ကတိတည်ပြီး ကိုယ်ကျိုးမဖက်သည့် ခေါင်းဆောင်မျိုးလက်ထက်မှာ အတူပူးပေါင်းလက်တွဲကာ လွတ်လပ်ရေးကို အရယူခြင်းက အမှန်ကန်ဆုံးလမ်းဖြစ်မည်ဟု မြင်ကြသည်။

ပင်လုံ ညီလာခံကျင်းပရန် ရက်ပိုင်းသာလိုတော့သည့်အချိန်ထိ တိုင်းရင်းသားခေါင်းဆောင်များကြားမှာ တိတိကျကျ ညှိနှိုင်းလို့မရသေး။ သဘောတူညီမှု သေသေချာချာ မရသေး။

ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံသို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် ရောက်လာပြီ။ ဟဲဟိုးလေယာဉ်ကွင်းက ဂျပန်ခေတ်ပုံးဒဏ်ကြောင့် လေယာဉ်ဆင်းလို့မရ။ သည်တော့ မိတ္ထီလာလေယာဉ်ကွင်းတွင်ဆင်းကာ မိတ္ထီလာမှတစ်ဆင့် သာစည်၊ ယင်းမာပင်၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုံး၊ မိုင်းပွန်၊ လွယ်လင်မြို့များကို ကားဖြင့် ဖြတ်သန်းမောင်းနှင်ပြီးမှ ညမိုးချုပ်ပင်လုံသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။

ရောက်ရောက်ချင်း အစည်းအဝေးတွင် တောင်ပေါ်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှ အမျိုးသားမြင့်တင်ရေး၊ ကြီးပွားရေးတို့ဖြစ်နိုင်ကြောင်း၊ စော်ဘွားများသည် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လုပ်ကိုင်ရာ၌ ပြည်သူတို့၏ အကူအညီမပါဘဲ ခရီးမရောက်နိုင်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များမပါရှိဘဲ ဘယ်လိုကိစ္စမျိုးမှ တိုင်ပင်ဆွေးနွေးဆုံးဖြတ်မည်မဟုတ်ဟု စော်ဘွားများက ဆုံးဖြတ်ထားကြောင်းတို့ကို ပြောခဲ့သည်။

ဗိုလ်ချုပ်ကလည်း အင်္ဂလိပ်နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ နှစ်ဦးတွင် လွတ်လပ်ရေးရတော့မည်၊ ပူးပေါင်းရယူမည်ဆိုလျှင် လွတ်လပ်ရေး အတူတကွရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဖို့၊ မပူးပေါင်းဖို့ ဆုံးဖြတ်ရန်မှာ တောင်ပေါ်သား ကချင်၊ ချင်း၊ ရှမ်းတို့၏ တာဝန်သာဖြစ်ကြောင်း၊ အားလုံး၏ သဘောထားကို သိလိုကြောင်း၊ ပူးပေါင်းမည်ဆိုလျှင် တောင်ပေါ်သားများ မနစ်နာအောင် စာချုပ်ပြုလုပ် လက်မှတ်ရေးထိုးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ချင်းသဘောတူညီချက်ကို ဥပဒေအဖြစ် ပြုလုပ်ထားမည်ဖြစ်ကြောင်းတို့ကို ပြောခဲ့သည်။

နှစ်ရက်မျှနေလျှင် ဗိုလ်ချုပ်ကိုယ်တိုင်ပင် ပင်လုံစာချုပ်အတွက် တိုင်းရင်းသားခေါင်းဆောင်တို့နှင့် သဘောတူညီမှုရနိုင်ပါ့မလားဟု သံသယရှိလာခဲ့ရသည်။ အချို့သောပဒေသရာဇ်စော်ဘွားတို့ကြားမှာ အင်္ဂလိပ် လက်အောက်မှာ ဆက်လက်နေလိုသည့် အယူအဆကရှိနေဆဲ။

အမြင်ကျယ်သော တိုင်းရင်းသားခေါင်းဆောင်တို့က သည်မျှ အပင်ပန်းခံ လာရောက်ရသော ဗိုလ်ချုပ်အောင်ဆန်းကိုလည်း လေးစားအားနာလှပြီ။ နောက်ဆုံးသည်ခေါင်းဆောင်တို့က မရအရ ညှိနှိုင်းခြင်းဖြင့် သဘောတူညီမှုများ စတင်ရရှိလာသည်။ ဗိုလ်ချုပ်ကလည်း မြန်မာပြည်အနေနှင့် သက်သက် လွတ်လပ်ရေးယူဖို့မစဉ်းစား။ ဗိုလ်ချုပ်၏ တောင်တန်းပြည်မ မခွဲခြား အတူတူ လုံးဝလွတ်မြောက်ရေး အယူအဆက တိုင်းရင်းသားခေါင်းဆောင်များကြား တဖြည်းဖြည်းချင်း ကျယ်ပြန့်လာသည်။

သည်လိုဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် ဗိုလ်ချုပ်လက်ထဲသို့ တိုင်းရင်းသားခေါင်းဆောင်တို့၏ စာချုပ်မူကြမ်းရောက်ရှိလာခဲ့သည်။ ထိုနေ့တစ်နေ့လုံး ဆက်လက်ဆွေးနွေးပြီး ညဘက်တွင် အပြီးသတ် စာချုပ်မူကြမ်းရရှိခဲ့၏။

အတူပူးပေါင်း လွတ်လပ်ရေးယူမည်ဆိုသည့် သဘောတူညီချက်ကိုရရှိပြီးနောက် ဝမ်းမြောက်သည့် အထိမ်းအမှတ်အဖြစ် ရှမ်းစော်ဘွားများက ထမင်းစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းပွဲ၌ ရှမ်းစော်ဘွားများအသင်းဥက္ကဋ္ဌ တောင်ပိုင်စော်ဘွားကြီးက ယခု ပင်လုံညီလာခံ အစည်းအဝေးကြီးက ရာဇဝင်မှာ မကြုံဖူးသော အစည်းအဝေးဖြစ်ကြောင်း၊ တိုင်းရင်းသားများအချင်းချင်း ယခင်က ကွဲလွဲမှုများ ဘယ်လိုရှိရှိ ယနေ့တွင် မကွဲလွဲတော့ကြောင်း၊ ပြည်မနှင့် တောင်တန်းသားများ အားလုံးကောင်းရာကောင်းကြောင်း အချိန်သို့ ရောက်ပြီဖြစ်ကြောင်း၊ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ယခုလိုလာရောက်ပြီး ညီညီညွတ်ညွတ်ဖြစ်အောင် ဆောင်ရွက်ပေးတာကို အလွန်ပဲ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ရှေ့အဖို့မှာလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအတိုင်း တစ်သွေးတစ်သားတည်း ညီညွတ်ကြမယ်လို့ ယုံကြည်စေလိုကြောင်းတို့ကို ပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ". . . ယခုအစည်းအဝေးတွင် ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း၊ အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် ဒီရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုရှိပါတယ်။ ဘာလဲဆိုရင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ ဒီဟာပါပဲ။"

ထို့နောက် လွန်ခဲ့သည့် ဆယ်နှစ်ခန့်ကစပြီး တိုင်းပြည်လွတ်လပ်ဖို့၊ ညီညွတ်ဖို့၊ ကြီးပွားဖို့ ကြိုးစားခဲ့ကြောင်း၊ နောင်လည်း ကြိုးစားဦးမည်ဆိုသည့်အကြောင်း၊ လုံးလုံး လွတ်လပ်တဲ့ကိစ္စပြီးပြတ်သည်အထိ ကြိုးစားမည်ဆိုသည့်အကြောင်း၊ ကမ္ဘာ့အခြေအနေက ပြောင်းလဲနေပြီဖြစ်ပြီး တိုင်းပြည်တစ်ပြည်တည်း အထီးတည်းမနေနိုင်၊ တစ်ပြည်နှင့်တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိနေမှ နေနိုင်မှာဖြစ်ကြောင်း စသည်ဖြင့် ပြောပါသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်၍ "ဘာသာစကားပင်တူသော်လည်း လူမျိုးခြားနားမှုလည်းရှိပါတယ်။ ဘာသာပင် မတူသော်လည်း လူမျိုးသီးခြားဖြစ်နေတာလည်း ရှိပါတယ်။ ဥပမာ - အမေရိကန်နိုင်ငံကိုကြည့်ရင် လူအမျိုးမျိုးဖြစ်သော်လည်း ဘာသာစကား တူပါတယ်။ ရုရှားပြည်မှာဆိုရင် ဘာသာစကားအမျိုးပေါင်းများစွာ ကွဲသော်လည်း လူမျိုးကတော့ တစ်မျိုးတည်းဖြစ်ပါတယ်။

သာသနာဆိုတာကတော့ ကိုယ်ကိုးကွယ်ချင်တဲ့ဘာသာ၊ သာသနာကို ကိုးကွယ်နိုင်ကြတာပဲ။ ဗမာပြည်မှာ လူများစုက ဗုဒ္ဓဘာသာဖြစ်ပေမယ့် ခရစ်ယာန်ဘာသာကိုးကွယ်သူ၊ မဟာမေဒင်ဘာသာ ကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အမျိုးမျိုးရှိတာပဲ။ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေးတရားလုပ်လို့ မဖြစ်နိုင်ဘူး။

. . . အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာ စစ်သေနာပတိဟာ ကရင်ဖြစ်ချင်ရင်လည်းဖြစ်မယ်။ ကချင်၊ ချင်း ဖြစ်ချင်ရင်လည်း ဖြစ်မယ်။ ဘယ်သူဖြစ်ဖြစ် တစ်မိန့်တည်း လိုက်နာဆောင်ရွက်ကြရမှာပဲ"ဟူ၍လည်းကောင်း။

ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ဗမာ အမျိုးမျိုးအဖုံဖုံ အကွဲကွဲ အပြားပြားလုပ်လျှင် အကျိုးရှိမည် မဟုတ်ကြောင်း၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမည့်အကြောင်း စသည်ဖြင့် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးရေး၊ ညီညွတ်ရေးတို့ကို ပြောဆိုခဲ့ပါသည်။

ဤသို့ဖြင့် နောက်တစ်နေ့၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်သည် မြန်မာ့သမိုင်းတွင် ပြည်ထောင်စုနေ့ဟု အမည်တွင်သည့် တိုင်းရင်းသားများ အတူပူးပေါင်းလက်တွဲပြီး လွတ်လပ်ရေးကို အရယူကြရန် သဘောတူညီသည့် ပင်လုံစာချုပ်ချုပ်ဆိုသောနေ့ ဖြစ်လာပါတော့သည်။

ပြည်ထောင်စုနေ့သည် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည် ဆိုတာမျှမက ပြည်ထောင်စုသားတို့ တစ်ဦးနှင့်တစ်ဦး နားလည်စာနာကာ မြန်မာနိုင်ငံအလုံးကို ဝိုင်းဝန်းလက်တွဲထူထောင်ကြမည်ဆိုသည့် အနှစ်သာရပါရှိပါသည်။

ယနေ့ဆိုလျှင် အနှစ် ၇၀ ရှိခဲ့ပြီ။

ပြည်ထောင်စုသား တိုင်းရင်းသားများအားလုံး ပြည်မ ပြည်နယ် မခွဲခြားဘဲ ပင်လုံညီညွတ်ရေးစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းပြီး အမှန်တကယ် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ပြည်ထောင်စုဖက်ဒရယ် မြန်မာနိုင်ငံအဖြစ် လက်တွဲထူထောင်ကြပါစို့။

# ပင်လုံစီးကြောင်းထဲမှ ပြည်ထောင်စုစိတ်ဓာတ်

## ဟံသာဝတီ- ဦးအုန်းကြိုင်

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မြန်မာနိုင်ငံတော်အတွက် အထူးအရေးပါလှသော "ပြည်ထောင်စုနေ့" ဖြစ်ပေါ်ရာ မြန်မာ့လွတ်လပ်ရေး သမိုင်းဝင်ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြသည်။ ယနေ့ကျရောက်သော "ပြည်ထောင်စုနေ့"သည်ကား နှစ်ပေါင်း (၇၀) ပြည့်မြောက်သည့် ကျက်သရေအပေါင်း ခညောင်းပြည့်ဝသော မင်္ဂလာအရှိဆုံးနေ့မြတ်လည်း ဖြစ်သည်။

**ထူးကဲမြင့်မြတ်ပေါင်းစည်းခဲ့ကြ**

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကာလကို ပြန်ပြောင်းကြည့်ရှုသော် ထိုနေ့ထိုရက်က ရှမ်းပြည်နယ်တောင်ပိုင်း လဲချားစော်ဘွားအပိုင် ပင်လုံအမည်ရှိ မြို့ငယ်ကလေးတွင် ကျင်းပကြသည့်"ပင်လုံညီလာခံကြီး"အကြောင်းကို အမှတ်တရရှိကြမည်ဖြစ်သည်။ တကယ်တော့ ဤ "ပင်လုံညီလာခံကြီး"သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးရင်းသားချင်း တိုင်းရင်းသားအပေါင်းတို့ သမိုင်းတစ်လျှောက် ပထမဆုံးထူးကဲမြင့်မြတ်လှစွာ ပေါင်းစည်းညီညွတ်ခဲ့ကြသည့် သင်္ကေတအထိမ်းအမှတ်မော်ကွန်းကျောက်တိုင်ကြီးလည်း ဖြစ်သည်။

**အောင်ပွဲခံတော်လှန်ခဲ့ကြသည့်နေ့မြတ်**

မကြာမီ လုံးဝလွတ်လပ်တော့မည့် မြန်မာနိုင်ငံတော်ကြီးတွင် ဗမာပြည်မကိုသာ လွတ်လပ်ရေးပေးလျက် နယ်ခြားဒေသ၊ တောင်တန်းဒေသများအား ဆက်လက်၍ ကိုလိုနီကျွန်ပြု စိုးမိုးအုပ်ချုပ်ထားနိုင်ရန် အပြင်းအထန်ကြံစည်ကြိုးပမ်းနေကြသည့် ဗြိတိသျှနယ်ချဲ့သမားတို့၏ စဉ်းလဲကောက်ကျစ်မှုကြီးကို တောင်တန်းပြည်မ လက်တွဲကြလျက် အပြီးအပြတ် တော်လှန်အောင်မြင်ခဲ့ကြသည့် မင်္ဂလာနေ့မြတ်ကြီးလည်းဖြစ်သည်။

**အရေးကြီးဆုံးပွဲကြီး**

ထိုနှစ်ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားသော "ပင်လုံညီလာခံကြီး"သည်ကား ဗမာပြည်မနှင့်တောင်တန်းဒေသတို့ပူးပေါင်းမည်၊ မပူးပေါင်းမည်ဆိုသည့်ပြဿနာကို အပြီးအပြတ် အဆုံးအဖြတ်ပေးကြရမည့်ပွဲကြီးလည်း ဖြစ်ပေသည်။

ဗြိတိသျှနယ်ချဲ့သမားများသည် တောင်ပေါ်ဒေသ အနှံ့ခြေဖြန့်ကြလျက် တောင်တန်းသားများအား အမျိုးမျိုး သပ်လျှိုသွေးခွဲနေကြပြီး ဗမာပြည်မနှင့် မပူးပေါင်းနိုင်ရန် စီမံချက်အမျိုးမျိုးချမှတ်ဖော်ဆောင်နေခဲ့ကြလေသည်။

**ဗြိတိသျှတို့အကြံ သမဂ္ဂနိုင်ငံ**

ယင်းဗြိတိသျှနယ်ချဲ့သမားတို့၏ နောက်ဆုံးအစီအစဉ်မှာ ယခုကျင်းပမည့် "ပင်လုံညီလာခံကြီး"အပြီး ၎င်းတို့ဖွဲ့စည်းပေးထားသော ရှမ်းစော်ဘွားများ၏ လက်ရှိပဒေသရာဇ်ကောင်စီ (Federated Shan State Council)အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တောင်ကြီးကောင်စီရုံးခန်းမ၌ ကျင်းပရန် စီစဉ်ထားပြီး ဖြစ်သည်။

ထိုရှမ်းပဒေသရာဇ်ကောင်စီအစည်းအဝေးသို့ ဗြိတိသျှတို့၏ ဗမာပြည်အစိုးရဘုရင်ခံကိုယ်တိုင်တက်ရောက်၍ "နယ်ခြားဒေသပြည်နယ်များသမဂ္ဂနိုင်ငံ" (United Frontier States)ဟု အကောင်အထည်ဖော်တည်ထောင်ပြီး အောင်ပွဲခံရန်ဖြစ်သည်။ ထို"နယ်ခြားဒေသပြည်နယ်များသမဂ္ဂနိုင်ငံ"ဆိုသည်မှာ ရခိုင်တိုင်း၊ ချင်းတောင်တန်း၊ ကချင်တောင်တန်း၊ ရှမ်းပြည်နယ်နှင့် ကရင်နီ(ကယား)ပြည်တို့ ပါဝင်သော မြန်မာပြည်အရှေ့၊ အနောက်၊ မြောက်ပိုင်းမြင်းခွာပုံသဏ္ဌာန်ရှိသော နယ်ခြားဒေသများကို "ဗမာပြည်မနှင့်ခွဲထုတ်၍ သီးခြားအုပ်ချုပ်မည့် စည်းမျဉ်း" (Schedule Area Administration Regulations)အတိုင်း အကောင်အထည်ဖော်မည့် ဗြိတိသျှနယ်ချဲ့သမားတို့ မဖြစ်ဖြစ်သည့်နည်းဖြင့် နောက်ဆုံးကြံစည်ကြသော "အကြံကုန် ဂဠုန်ဆားချက်"စီမံချက်ဖြစ်လေသည်။

**ဗြိတိသျှတို့လျှို့ဝှက်ချက် ဗမာ့လက်နက်**

ရှမ်းစော်ဘွားများနှင့် တောင်တန်းဒေသကိုယ်စားလှယ်၊ ဂျိန်းဖော(ကချင်)ဒူးဝါးကြီးများ၊ ချင်းအမျိုးသားခေါင်းဆောင်များမှာ"ဗမာပြည်မှခွဲထုတ်၍ သီးခြားအုပ်ချုပ်မည့် စည်းမျဉ်း" ဆိုသော ဗြိတိသျှနယ်ချဲ့သမားတို့၏ ထိပ်တန်းလျှို့ဝှက်ကြံစည်မှုကြီးကို သတင်းထောက် ဦးစံအောင်ကျေးဇူးဖြင့် အသေးစိတ်လေ့လာသိရှိထားပြီးဖြစ်၍ အပေါ်ယံ သကာလိမ်းထားသော ဆက်လက်ကျွန်ပြုအုပ်စိုးမည့် စီမံချက်ဖြစ်သည်ကို နားလည်သဘောပေါက်ထားကြလေသည်။ နယ်ချဲ့သမားတို့၏ ထိုထိပ်တန်းလျှို့ဝှက်စည်းမျဉ်းမှာ ထိုစဉ်က ရှမ်း-ဗမာ ပေါင်းစည်းကြရေးအတွက် အလွန်ကောင်းသော စည်းရုံးရေး လက်နက်သဖွယ်ဖြစ်ခဲ့လေသည်။

နယ်ချဲ့သမားတို့၏ ကြံစည်ခဲ့သော "နယ်ခြားဒေသပြည်နယ်များသမဂ္ဂနိုင်ငံ" တည်ထောင်မည့် အစီအစဉ်ကို ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သော "ပထမ ပင်လုံညီလာခံ"တွင် ရှမ်းစော်ဘွားများတစ်ဝက်၊ လူထုကိုယ်စားလှယ်များတစ်ဝက် ပါဝင်သည့် ရှမ်းပြည်နယ်ကောင်စီအဖြစ် ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ဗြိတိသျှ နယ်ချဲ့သမားတို့နောက်ဆုံးကြံစည်သော ဂဠုန်ဆားချက်စီမံချက်သည် အလိုလိုပျက်ပြယ်သွားခဲ့ရလေသည်။

**ပထမပင်လုံညီလာခံမှဆုံးဖြတ်ချက်**

အထက်ပါ"ပထမပင်လုံညီလာခံဆုံးဖြတ်ချက်" အတိုင်း အကောင်အထည်ဖော်ချက်မှာ ဗြိတိသျှတို့ ဖွဲ့စည်းပေးထားသော ရှမ်းပဒေသရာဇ်ကောင်စီ (Federated Shan State Council)မှာလည်း အလိုအလျောက် ချုပ်ငြိမ်းသွားပြီဖြစ်၍ ယခုဆုံးဖြတ်ထားသော စော်ဘွားတစ်ဝက်၊ လူထုတစ်ဝက် ရှမ်းပြည်နယ်ကောင်စီမှာ နိုင်ငံရေးအသင်းအဖွဲ့များမှ လူထုကိုယ်စားပြု ကိုယ်စားလှယ်များပါဝင်နေသဖြင့် ဗြိတိသျှဘုရင်ခံပါဝင်လာရန် အကြောင်း မရှိတော့ကြောင်းဖြင့် ဗြိတိသျှဘုရင်ခံအစိုးရထံသို့ စော်ဘွားများက အကြောင်းပြန်ကြားစာပေးပို့လိုက်ကြလေသည်။

**ရှမ်းစော်ဘွားများ၏ ပထမဆုံးတော်လှန်ရေး**

နှစ်ပေါင်း ၆၀ အတွင်း ရှမ်းစော်ဘွားများအနေဖြင့် ဗြိတိသျှအစိုးရဘုရင်ခံအား ပထမဆုံးအကြိမ် အန်တုတော်လှန်လိုက်ခြင်းဖြစ်လေသည်။ ယခုဒုတိယပင်လုံညီလာခံ ကျင်းပသည့် ဒုတိယနေ့ ဖေဖော်ဝါရီ ၇ ရက်နေ့ နံနက် ၉ နာရီခွဲအချိန်တွင် လွိုင်လင်နှင့်ပင်လုံတို့မှ ဒေသခံ လူထုသုံးထောင်ကျော်ပါဝင်သော အရေးပေါ်လူထုဆန္ဒပြပွဲကြီး ကျင်းပကြပြီး စော်ဘွားတစ်ဝက်၊ လူထုတစ်ဝက်ပါဝင်သော "ရှမ်းပြည်ကောင်စီ"ကို အကြွင်းမဲ့ထောက်ခံကြကြောင်း ဆုံးဖြတ်ချက်ကို နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိချုပ် မစ္စတာစတီဗင်ဆင်နှင့် ဗမာပြည်ဘုရင်ခံတို့ထံသို့ ကြေးနန်းရိုက်၍ အကြောင်းကြားလိုက်ကြသည်။

ထိုလွိုင်လင်-ပင်လုံရှမ်းလူထုအစည်းအဝေးပွဲကြီးတွင် သဘာပတိအဖြစ် ရှမ်းပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ စဝ်ယစ်ဖကဆောင်ရွက်၍ လူထုလူတန်းစားခေါင်းဆောင်များက ဟောပြောစည်းရုံးကာ အထက်ပါ ရှမ်းစော်ဘွားတစ်ဝက်၊ လူထုတစ်ဝက်ပါဝင်သော ရှမ်းပြည်ကောင်စီဖွဲ့စည်းခြင်းကို ကြိုဆိုထောက်ခံသည့်အဆိုကို တစ်ခဲနက်ဟစ်အော်ကြွေးကြော်ကြလျက် ထောက်ခံကြလေသည်။

**နယ်ချဲ့တို့ သွက်သွက်ခါတုန်လှုပ်သွားသောသတင်းကြီး**

ဤရှမ်းလူထု အစည်းအဝေးပွဲကြီး၏ သတင်းသည် ဗြိတိသျှနယ်ချဲ့သမားများအဖို့ သူတို့၏ နောက်ဆုံးပင်လုံခံတပ်ကြီးပေါ်သို့ ဗုံးလက်နက်ကြီး ထိမှန်သည့်အလား သွက်သွက်ခါတုန်လှုပ်သွားကြပြီး ဘုရင်ခံမင်းကြီး၏ ပင်လုံခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြရသည်အထိ ဖြစ်သွားလေသည်။ ဗြိတိသျှတို့အခိုင်အမာရည်ရွယ်တည်ဆောက်ထားကြသော ရှေ့တန်း ခံတပ်ကြီး အမြွှာမြွှာကွဲလျက် ပြိုကျသွားလေတော့ပြီ။

**သွေးခွဲခြေထိုး**

ရှမ်း-ဗမာပူးပေါင်းရေးမှသည် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလမ်းကြောင်းပေါ် အမြန်ဆုံးရောက်ရှိအောင် ဖော်ဆောင်ကြိုးပမ်းနေကြစဉ် ရှမ်းစော်ဘွားများနှင့် ရှမ်းလူထုခေါင်းဆောင်များအား လစ်လျှင်လစ်သလို နယ်ချဲ့သမားတို့က သွေးခွဲခြေထိုးလေ့ရှိကြသည်။ ရိုးသားကြသော တောင်တန်းသား ကချင်၊ ချင်းနှင့် ရှမ်းခေါင်းဆောင်များထံ ချဉ်းကပ်ကြပြီး "ခင်ဗျားတို့ကြည့်ယုံနော်။ ဗမာတွေအကြောင်းသိကြတယ်မဟုတ်လား" ဆိုသည့် စကားလုံးကလေးများသည် အပေါ်ယံသာမန်ကြည့်သော် အရေးမပါဟု ထင်ရသော်လည်း ရိုးသားသောတောင်ပေါ်သားများအဖို့ များစွာထိခိုက်စေသောစကားလုံးများဖြစ်သည်။

**ဗိုလ်ချုပ်၏စိတ်ရင်းတောင်တန်းသားများစွဲထင်နေခြင်း**

နယ်ချဲ့သမားအကောက်ကြံသူတို့သည် ဤလက်သုံးစကား လက်နက်များဖြင့် တစ်သက်လုံး သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ ထိုစဉ်အခါက တောင်တန်းဒေသများအဖို့ အသိပညာအရာတွင် များစွာနုနယ်ကြသေးသည့် အချိန်အခါဖြစ်သည်။ စကားလုံးအတိမ်းအစောင်းမခံ၊ အမှားမခံနိုင်သည့်အခြေအနေမျိုးဖြစ်သည်။ ထိုအခြေအနေမျိုးတွင်ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုစိတ်ရင်းစေတနာအလျောက် ပွင့်ပွင့်လင်းလင်းပြောဆိုတတ်သောစကားလုံးများက တောင်တန်းဒေသခေါင်းဆောင်များ၏အသည်းဘဝင်ကိုစွဲထင်စေခဲ့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရနှင့် မြန်မာပြည်လွတ်လပ်ရေးရှေ့ပြေး၊ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ပြီးနောက် ပင်လုံတွင် ရှမ်း၊ ချင်း၊ ကချင်လူမျိုးစုံကွန်ဖရင့်ကြီးဖြစ်သည့် "ပင်လုံညီလာခံ"ကို ထမြောက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေသည်။

**ဗိုလ်ချုပ်ရောက်ပြီဆိုသည်နှင့် ကြောက်လန့်တုန်ခြင်း**

ဗိုလ်ချုပ်အောင်ဆန်းသည် ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီမှ ပင်လုံသို့ရောက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းရောက်လာပြီဟုဆိုလျှင်ပင် မျက်နှာဖြူနယ်ချဲ့သမားအုပ်စုတို့မှာ မျက်စိပျက်၊ မျက်နှာပျက်နှင့် ရပ်တည်ရာမရဖြစ်ကုန်ကြတော့သည်။ ယမန်နေ့က အစည်းအဝေးတွင် ရှမ်း၊ ချင်း၊ ကချင်တို့ ပူးပေါင်းသွားကြပြီး ယခု ဗမာခေါင်းဆောင်ကြီး ဆိုက်ရောက်လာလေပြီ။ ဗမာ၊ ရှမ်း၊ ချင်း၊ ကချင်တို့ ပူးပေါင်းလိုက်ကြမည့် အချိန်သည် ဗြိတိသျှနယ်ချဲ့သမားတို့၏ နောက်ဆုံးအဆင့် ခံတပ်ကြီးပြိုလဲကျဆုံးသွား၍ လက်နက်ချအရှုံးပေးလျက် မြန်မာနိုင်ငံကို လက်လွှတ်လိုက်ရတော့မည့် အခြေအနေဖြစ်နေလေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဤ"ပင်လုံညီလာခံကြီး"သို့ သူနှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော အိုင်စီအက်စ်-ဦးတင်ထွန်း၊ ဆာမောင်ကြီး၊ ဦးအောင်ဇံဝေနှင့် ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ခင်မောင်လေးတို့ကိုပါ တစ်ပါတည်း ခေါ်လာခဲ့သည်။

**နယ်ခြားဒေသတိုင်းရင်းသားခေါင်းဆောင်များ**

နယ်ခြားဒေသမှ ထင်ရှားသည့်ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတို့မှာ တောင်ပိုင်စပ်ဖလုံ-ခွန်ပန်းစိန်၊ ညောင်ရွှေစပ်ဖလုံ-စဝ်ရွှေသိုက်၊ မိုင်းပွန်စပ်ဖလုံ-စဝ်စံထွန်း၊ မြောက်သိန္နီစဝ်ဖလုံ-စဝ်ဟုံဖ၊ ကချင်ခေါင်းဆောင်ကြီးများဖြစ်ကြသော ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဒူးဝါးဇော်ရစ်၊ ဒိန်ရတန်၊ ဇော်လ၊ ဇော်လွန်း၊ လဗန်ဂရောင်းတို့ တက်ရောက်လာကြသည်။

ချင်းခေါင်းဆောင်များမှာ ဦးလွှာမှုန်း(ဖလမ်း)၊ ဦးသောင်ဇာခုတ်(တီးဒင်)၊ ဦးကွယ်မန်း(ဟားခါး)တို့ ဖြစ်ကြပြီး အခြားခေါင်းဆောင်များမှာ လဲချားစပ်ဖလုံ-စဝ်နွံ၊ သာမိုင်းခမ်းစပ်ဖလုံ-စဝ်ထွန်းအေး၊ သထုံစပ်ဖလုံ ကိုယ်စားလှယ်-ဦးဖြူ၊ မြောက်သိန္နီကချင်ကိုယ်စားလှယ်ဦးခွန်ဖုံး၊ တောင်ကြီးလူထုကိုယ်စားလှယ်ဦးတင်အေး၊ ဦးထွန်းမြင့်၊ ဦးကြာပု၊ ဦးခွန်စော၊ ဦးခွန်ထီး၊ စဝ်ယိဖတို့ဖြစ်ကြသည်။

**ပင်လုံအဓိကဆွေးနွေးပွဲ**

ဆွေးနွေးပွဲမှာ ငယ်သော်လည်း ပင်လုံမြို့ငယ်ကလေးတွင် ဖေဖော်ဝါရီ ၉၊ ၁၀၊ ၁၁ သုံးရက်ကြာမျှ ကျင်းပရာ တက်ရောက်ကြသူပုဂ္ဂိုလ်အားလုံးလိုလိုတို့သည် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြသည်ဖြစ်၍ သမိုင်းတစ်လျှောက် မကြုံစဖူး ပေါင်းစည်းညီညွတ်မှုကြီးကို ရရှိခဲ့ကြလေသည်။

ထိုပင်လုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တောင်တန်းဒေသတိုင်းရင်းသားခေါင်းဆောင်များအားလုံးလိုလိုက အထူးစိုးရိမ်နေကြသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြောမှားဆိုမှားဖြစ်ကြ၍ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသည့် ကိန်းမျိုးဆိုက်မည်ကိုစိုးထိတ်နေကြသည်။

**ဗိုလ်ချုပ်၏မြတ်နိုးဖွယ်စကားလုံးများ**

သို့သော် ထိုပင်လုံညီလာခံဆွေးနွေးပွဲတွင်ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောကြားရာတွင် ရှည်ရှည်ဝေးဝေး ဟိုဒီလှည့်ပတ်သွယ်ဝိုက်မနေဘဲ ပရိယာယ်မာယာပါသော လေယူလေသိမ်းမျိုးမသုံး၊ တိတိလင်းလင်း ရှင်းရှင်းဘွင်းဘွင်းပြောဆိုလေရာ တောင်တန်းဒေသတိုင်းရင်းသားခေါင်းဆောင်တို့၏ နားထဲတွင် အမြဲစွဲနေမည့် မြတ်နိုးဖွယ် စကားလုံးများဖြစ်၍နေပေတော့သည်။

**ပေါင်းချင်ပေါင်း၊ မပေါင်းချင်နေ**

"တစ်နှစ်အတွင်း လွတ်လပ်ရေးရမှာသေချာတယ်။ ကျုပ်တို့လွတ်လပ်ရေးရသလို ခင်ဗျားတို့လည်း ကျုပ်တို့နှင့်အတူ လွတ်လပ်စေချင်တယ်။ ကျုပ်တို့က ခင်ဗျားတို့ကို ပေါင်းပါလို့လည်းမပြောဘူး၊မပေါင်းပါနဲ့လို့လည်း မပြောဘူး၊ ပေါင်းချင်ပေါင်း၊ မပေါင်းချင်နေ၊ ခင်ဗျားတို့ သဘောပဲ"ဟု ဗိုလ်ချုပ်က ရှင်းရှင်းပြတ်ပြတ် ပြောချလိုက်သည်။

**နယ်ခြားဒေသသမဂ္ဂဖွဲ့လျှင် သိန်း ၄၀ ချက်ချင်းပေးမည်**

ရှမ်းစော်ဘွားများက ပူးပေါင်းရေးမူ၌ ဘဏ္ဍာရေးအကြောင်းကိစ္စကို ဗိုလ်ချုပ်အား ထမေးသည်။ ဤသို့မေးကြခြင်းမှာ နယ်ခြားဒေသအာဏာပိုင်စတီဗင်ဆင်တို့က "ဗမာတွေလွတ်လပ်ရေးရသွားကြဦးတော့၊ ခင်ဗျားတို့နဲ့ ပေါင်းရင်ခက်လိမ့်မယ်၊ သူတို့မှာငွေမရှိဘူး၊ ကျုပ်တို့စီမံထားတဲ့အတိုင်း "နယ်ခြားဒေသပြည်နယ်များသမဂ္ဂ"ဖြစ်လာရင် စော်ဘွားတွေကို ချက်ချင်းသိန်း ၄၀ ထုတ်ပေးနိုင်တယ်" ဟူသော သွေးခွဲခြေထိုး သပ်လျှိုစကားကြောင့် တွေဝေပြီး ဘဏ္ဍာရေးအကြောင်းထမေးခြင်းဖြစ်သည်။

**သွေးခွဲခြေထိုးစကားများနှင့်တွေဝေနေဆဲကာလ**

ဖေဖော်ဝါရီ ၁၀ ရက်နေ့အထိ ရှမ်း၊ချင်း၊ ကချင်တို့ ပူးပေါင်းကြရေးသာ ပြတ်သားပြီး ဗမာပြည်မနှင့် ပူးပေါင်းရေးမှာကား ပြတ်သားမှုမရှိသေးချေ။

စာမျက်နှာ ၇ သို့ ○

> "တစ်နှစ်အတွင်း လွတ်လပ်ရေးရမှာသေချာတယ်။ ကျုပ်တို့ လွတ်လပ်ရေးရသလို ခင်ဗျားတို့လည်း ကျုပ်တို့နှင့်အတူ လွတ်လပ်စေချင်တယ်။ ကျုပ်တို့က ခင်ဗျားတို့ကို ပေါင်းပါလို့ လည်းမပြောဘူး၊မပေါင်းပါနဲ့လို့လည်း မပြောဘူး၊ ပေါင်းချင်ပေါင်း၊ မပေါင်းချင်နေ၊ ခင်ဗျားတို့ သဘောပဲ"ဟု ဗိုလ်ချုပ်က ရှင်းရှင်း ပြတ်ပြတ် ပြောချလိုက်သည်။

## ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး

○ စာမျက်နှာ ၆ မှ

ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ခေါင်းဆောင်များ၏ စည်းရုံးသိမ်းသွင်းမှုများကြောင့်သာ ပြည်ထောင်စုတည်ထောင်ရေးလမ်းကြောင်းသို့ တိမ်းလာလိုက်၊ နယ်ချဲ့သမားတို့က သွေးခွဲခြေထိုးလိုက်ပြန်လျှင် တွေဝေပြီး ပြန်ကွာသွားလိုက်ဖြစ်နေကြဆဲ အခြေအနေမျိုးဖြစ်နေကြလေသည်။ နယ်ချဲ့သမားတို့နှင့် ပြည်သူ့ဘက်သားများ သူတစ်ပြန်ကိုယ်တစ်ပြန် လက်တစ်ကမ်း တိုက်ပွဲဆင်နွှဲနေကြသည့်ပမာ ပြင်းထန်လှသော စစ်အေးတိုက်ပွဲတစ်ရပ်ပင်တည်း။

**လူထုကားတပ်ကြီးနှင့်ချီတက်လာကြပြီ**

ဤကဲ့သို့ ညီလာခံစည်းဝေးပွဲကြီးအတွင်း ဖြစ်ပျက်နေချိန်တွင် တောင်ကြီးမှ လူထုကား တပ်ကြီးနဲ့ချီတက်လာကြပြီဟုဆိုသော သတင်းသည် ပင်လုံပွဲခင်းကြီးအတွင်း ရုတ်ခြည်းပျံ့သွားတော့သည်။ထိုအချိန်တွင် ဗမာ၊ ရှမ်း၊ ချင်း၊ကချင်ကိုယ်စားလှယ်များနှင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်နေသဟာယအတွင်းဝန် မစ္စတာဘော့တွမ်မလီတို့ ပင်လုံစည်းဝေးခန်းမအတွင်းရှိနေကြသည်။

**လုံးဝလွတ်လပ်ရေးချက်ချင်းပေး**

ကျောင်းသားတပ်ဦးယူနီဖောင်းများဝတ်ဆင်ထားကြသော အလံကိုင်ကျောင်းသားတပ်ဖွဲ့သည် ကျောင်းသားအလံ၊ ရှမ်းပြည်အလံ၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အလံ၊ ဖက်ဆစ်တော်လှန်ရေးအလံများကို ကိုင်ဆောင်လျက်ချီတက်လာကြသည်။ ကျောင်းသားများ၊ ပြည်သူ့ရဲဘော်များ၊ ပအိုဝ်းအမျိုးသား၊ အမျိုးသမီးများ၊ တောင်ကြီး၊ ညောင်ရွှေ၊ အင်းလေး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ ဘော်ဆိုင်းတို့ဘက်မှ လူအုပ်ကြီးသည် နာရီလက်တံလှည့်ပတ်နေသလို ပင်လုံညီလာခံခန်းမဆောင်ကြီးကို ဝန်းပတ်လှည့်လည်ကြွေးကြော်နေကြလေသည်။

“လုံးဝလွတ်လပ်ရေးချက်ချင်းပေး၊ ရှမ်း-ဗမာတောင်တန်းသားများ ပူးပေါင်းကြ။ ရှမ်း-ဗမာချစ်ကြည်ရေးအစွန့်ရှည်ပါစေ။ နယ်ချဲ့သမားအလိုမရှိ။ သွေးခွဲသမားအလိုမရှိ။ ရှမ်းပြည်ကို အခုလက်လွှတ်။ လုံးဝလွတ်လပ်ရေး ချက်ချင်းပေး”။

**ကောင်းကင်ယံ၌ပျံ့နှံ့သွားသော ကြွေးကြော်သံများ**

ရှမ်းလူထုကြီး၏ကြွေးကြော်သံများက ပင်လုံ၏ကောင်းကင်ယံကို ပဲ့တင်ခတ်လျက် မိုးလုံးပျံ့နှံ့သွားစေပါတော့သည်။ လူအုပ်ကြီးသည် လက်ရုန်းလက်မောင်းတန်းကာ ဟစ်ကြွေးရင်း ပင်လုံခန်းမဆောင်ကြီးကို အကြိမ်ကြိမ်ရစ်ပတ်ချီတက်ကြလေသည်။

ဘိလပ်မှ လေ့လာစုံစမ်းရန်စေလွှတ်လိုက်သော ဗြိတိသျှအတွင်းဝန်ဘော့တွမ်မလီတို့လူစုသည် စိတ်ဝင်တစား အကဲခတ်ကြည့်ရှုနေကြစဉ် အနီးရှိ ဦးဖေခင်က “ဒီလူထုကြီးထဲမှာ မိုင် ၁၅၀ ခန့်အကွာမှရှိတဲ့ ပင်းတယမှပင်လာရောက်ဆန္ဒပြကြတယ်။ သူတို့အားလုံးက လွတ်လပ်ရေးကိုပဲ တောင်းဆိုနေကြတယ်”ဟု ဘော့တွမ်မလီအား ရှင်းပြနေသည်။ ထိုအချိန်တွင် နယ်ချဲ့သမားစတီဗင်ဆင်တို့တစ်စုမှာ ကြက်ပျောက်ငှက်ပျောက်အလျှိုလျှိုပျောက်ကုန်ကြသည်။

**ဗိုလ်ချုပ်နှင့် တိုင်းရင်းသားခေါင်းဆောင်များဆွေးနွေးကြပြီ**

နောက်တစ်နေ့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရှမ်း၊ ချင်း၊ ကချင် တောင်တန်းကိုယ်စားလှယ်များနှင့်ဗိုလ်ချုပ်အောင်ဆန်းတို့ ဆွေးနွေးကြသည်။ ဗမာလူမျိုးက လူများစုဖြစ်နေ၍ဗမာတို့ကသဘောထားကြီးကြောင်းပြပါမှ သဘာဝကျမည်ဟူသည့် အယူအဆသဘောထားသည် ဗိုလ်ချုပ်၌အပြည့်အဝရှိသည်။ ရှမ်း၊ချင်း၊ ကချင်ခေါင်းဆောင်များအားလုံးက ဗိုလ်ချုပ်၏ ရိုးသားမှု၊ ပွင့်လင်းမှု၊ ကိုယ်ကျိုးကင်းမဲ့မှုတို့ကိုကြည့်ပြီး နှစ်သက်ယုံကြည်လာကြသည်။ ခပ်စောစောပိုင်းကဆိုလျှင် နယ်ချဲ့သမားတို့၏ပယောဂကြောင့် ဗိုလ်ချုပ်အောင်ဆန်းပြန်တော့မည်အထိ ဖြစ်ခဲ့လေသည်။ ရှမ်းပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ခေါင်းဆောင် ဦးတင်အေးတို့က ဝိုင်းဝန်းတောင်းပန်ကြ၍သာ ဗိုလ်ချုပ်မပြန်ဖြစ်ဘဲ ပင်လုံစည်းဝေးပွဲ ဆက်လက်ကျင်းပကြ၍ အားလုံးသဘောတူညီညွတ်စွာဖြင့် ပေါင်းစည်းနိုင်ခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့တွင်ကား ဗိုလ်ချုပ်နှင့်တကွ ရှမ်း၊ ချင်း၊ ကချင်ခေါင်းဆောင်များအားလုံး ရွှင်ရွှင်ပျပျတက်ကြွနေခဲ့ကြလေသည်။

**ပင်လုံအောင်ပွဲညစာစားပွဲ**

ထိုနေ့ညဘက်တွင် တောင်ပိုင်စော်ဘွားကြီးခွန်ပန်းစိန်က ဝမ်းမြောက်ဂုဏ်ယူသောအထိမ်းအမှတ်အဖြစ် ညစာစားပွဲကြီးတစ်ရပ်ကို ပင်လုံထမင်းစားခန်းမဆောင်တွင်ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း၊ မစ္စတာဘော့တွမ်မလီ၊ ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဦးဝမ်ကိုဟော၊ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၊ သထုံပအိုဝ်း ဦးလှဖေတို့က ဂုဏ်ပြုမိန့်ခွန်းများပြောကြားကြသည်။

**ဗိုလ်ချုပ်ပြောကြားသော သမိုင်းဝင်မိန့်ခွန်း**

ပင်လုံအောင်ပွဲဂုဏ်ပြုညစာစားပွဲတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက စတင်၍ မိန့်ခွန်းပြောကြားသည်။ အခုကျင်းပတဲ့ ပင်လုံညီလာခံအစည်းအဝေးမှာ ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်းပဲ အသက်အားဖြင့်တော့ အငယ်ဆုံးဖြစ်ပါတယ်။ ဘာလဲဆိုရင် ဗမာပြည်လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ (သမိုင်းဝင်မိန့်ခွန်းဖြစ်၍ အပြည့်အစုံဖော်ပြပါသည်။ )

ဒါကဘာလဲဆိုတော့ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကစပြီး ကြိုးစားလာခဲ့ပါတယ်။ နောက်လည်းကြိုးစားပါမယ်။ လုံးလုံးလွတ်လပ်တဲ့ ကိစ္စပြီးပြတ်သည်အထိ ကြိုးစားပါမယ်။

**ကမ္ဘာကြီးပြောင်းလဲနေသလို ဗမာပြည်လည်းပြောင်းလဲနေတယ်**

ဒီနေ့ဆိုရင် ကမ္ဘာကြီးဟာ ပြောင်းလဲလျက်ရှိနေပါတယ်။ ဗမာပြည်ကလည်း ပြောင်းလဲလျက်ရှိနေတယ်။ ဗမာပြည်ဟာလွတ်လပ်ရေးရတော့မှာ အနေးနဲ့အမြန်ပဲ။

ပြီးခဲ့တဲ့ ဘိလပ်ဆွေးနွေးပွဲမှာ မြန်မာကိုယ်စားလှယ်တွေက တောင်တန်းနယ်လွတ်လပ်ရေးကို ဗမာပြည်မနဲ့အတူ တစ်ချိန်တည်းမပေးခဲ့ရင် တကယ့်လွတ်လပ်ရေးမဖြစ်နိုင်ဘူးလို့ပြောခဲ့ကြတယ်။ တောင်တန်းနယ်တွေကို ဗြိတိသျှတို့ တိုက်ရိုက်အုပ်ချုပ်ထားတာကို မြန်မာလူမျိုးတွေကို မကြိုက်ကြဘူး။ တောင်တန်းနယ်ကို တောင်တန်းလူမျိုးတွေကသာ အုပ်ချုပ်တာကို မြန်မာတွေက ကြိုက်ကြတယ်။

**တောင်တန်းသားတွေ ကျွန်အဖြစ်မရောက်စေရ**

မြန်မာတွေဟာ ဗြိတိသျှရဲ့ကျွန်မဖြစ်လိုကြပါ။ အဲဒီအတိုင်းပဲ တောင်တန်းဒေသကလူမျိုးတွေကိုလည်း ဗြိတိသျှတို့ရဲ့ကျွန်များအဖြစ် မရောက်စေလိုကြပါဘူး။ ဒါ့အပြင် တောင်တန်းလူမျိုးတွေကို မြန်မာတွေရဲ့ကျွန်အဖြစ်လည်း မကျရောက်စေလိုဘူး။

ဗြိတိသျှတွေဟာ မြန်မာပြည်မှာ ကြာရှည်စွာအုပ်စိုးရန်အခါအခွင့်မရှိကြတော့ပါ။ စောစောသို့မဟုတ် အနည်းငယ်ကြာလျှင် မြန်မာပြည်ကို စွန့်လွှတ်ကြရတော့မှာဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့ကိုကျုပ်တို့ အားကိုးအားထားပြုကြရတော့မှာ ဖြစ်တယ်။ ဒီနေရာမှာ ညီညွတ်ရေးဟာ အလွန်ပဲလိုအပ်ပါတယ်။

ကျုပ်တို့တစ်ခုနားလည်ထားကြဖို့အချက်က အခုခေတ်ကမ္ဘာကြီးအခြေအနေဟာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည်တစ်ပြည်ထဲ အထီးထီးနေနိုင်တဲ့ အခြေအနေမျိုးမရနိုင်ကြတော့ပါဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့အချက်ပါပဲ။

**အမျိုးဘာသာ၊ သာသနာဆိုရုံနဲ့ မလုံလောက်တော့**

နောက်တစ်ချက်က လူမျိုးရေးနဲ့ဆိုင်တဲ့အကြောင်းကိုပြောလိုတယ်။ လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်က ဟစ်အော်လာကြတဲ့“အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ”ဆိုတဲ့ စကားမျိုးကို လက်ကိုင်အသုံးပြုဖို့မလုံလောက်တော့ဘူး။

အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကိုတည်ရမလဲ၊ ဗမာ၊ ကရင်၊ကချင်၊ ချင်း၊ ရှမ်းနဲ့ အခြားအမျိုးတွေလည်း ရှိသေးတယ်။ တခြားနိုင်ငံတွေကိုကြည့်လိုက်ရင်ဗမာပြည်လို တိုင်းရင်းသားအများရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နဲ့ ရုရှားပြည်တွေမှာလည်း ဒီအတိုင်းပါပဲ။ အမေရိကန်ပြည်မှာ အင်္ဂလိပ်စကားကိုပြောနေကြသော်လည်း အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတွေစုပေါင်းပြီး လူမျိုးတစ်မျိုးတည်းဖြစ်အောင် ထူထောင်လျက် သူတို့ကိုယ်သူတို့ အမေရိကန်လို့ဆိုကြတာပဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့် ကြည့်လျှင် အမျိုးတစ်မျိုးထဲကို လိပ်ခဲတည်းလည်းစွဲပြီး ယူဆကြလို့မဖြစ်နိုင်တော့ဘူး။

**ဘာသာခြားပေမယ့် လူမျိုးတစ်မျိုးထဲ**

ဘာသာစကားပင်တူသော်လည်း မျိုးရိုးခြားနားတဲ့လူမျိုးလည်းရှိပါတယ်။ ဘာသာပင်မတူသော်လည်း လူမျိုး သီးခြားဖြစ်နေကြတာလည်းရှိပါတယ်။ ဥပမာ အမေရိကန်ကိုကြည့်လျှင် လူအမျိုးမျိုးဖြစ်သော်လည်း ဘာသာစကားက တူပါတယ်။ ရုရှားပြည်မှာဆိုရင် ဘာသာစကား အမျိုးပေါင်းများစွာကွဲပြားသော်လည်း လူမျိုးကတော့ တစ်မျိုးတည်းဖြစ်ပါတယ်။

သာသနာဆိုတာကတော့ ကိုးကွယ်ချင်တဲ့ဘာသာသာသနာကို ကိုးကွယ်နိုင်ကြတာပဲ။ ဗမာပြည်မှာ လူအများစုက ဗုဒ္ဓဘာသာဖြစ်ပေမယ့် ခရစ်ယာန်ဘာသာကိုးကွယ်သူ၊ မဟာမေဒင်ဘာသာကိုးကွယ်သူ၊ နတ်ကိုးကွယ်သူစသဖြင့် အမျိုးမျိုးရှိကြတာပါပဲ။ သည်တော့ကာ ဘာသာတွေကို စွဲပြီး လူမျိုးရေးတရားလုပ်လို့မဖြစ်ဘူး။

**ဗမာကဖဲရိုက်၊ ကရင်ကငါးမျှားဆိုတဲ့စကား**

စစ်ကြီးအတွင်းက ကျွန်တော် စစ်ဝန်ကြီးလုပ်တုန်းမှာ ကရင်အမျိုးသားတပ်ရင်းဖွဲ့တဲ့အခါ ထမင်းစားပွဲတစ်ခုမှာ ကရင်စစ်သားတစ်ဦးက လူမျိုးအချင်းချင်းညီညွတ်ကြဖို့အကြောင်းပြောတဲ့အခါမှာ “ဗမာကဖဲရိုက်၊ ကရင်ကငါးမျှား၊ ရှမ်းကဘိန်းရှူ အားလုံးအတူတူနဲ့ အနူနူပဲလို့ ပြောတာကို သတိရမိပါတယ်။ ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုးကွယ်နေထိုင်ကြပြီး တစ်တိုင်းပြည်လုံးနဲ့ ဆိုင်တဲ့ကိစ္စမျိုးကြီးမှာ ညီညီညွတ်ညွတ်လုပ်ကြရင် ဒါဟာ တစ်မျိုးတည်းပဲလို့ယူဆရမှာပဲ။

အချင်းချင်းသဘောကွဲလွဲမှုဆိုတာမျိုးကတော့ နည်းနည်းပါးပါးတော့ရှိကြမှာပါပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်မျိုးပဲဖြစ်တယ်။ တိုက်ခိုက်ကြတဲ့အခါမှာလည်း စစ်သေနာပတိဟာ ကရင်ဖြစ်ချင်လည်းဖြစ်မယ်။ ချင်း၊ ကချင်ဖြစ်ချင်လည်းဖြစ်မယ်။ ဘယ်သူဖြစ်ဖြစ် တစ်မိန့်တည်းလိုက်နာကြရမှာပဲ။

**လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ မကြောက်ဖို့အရေးကြီး**

ဒါကြောင့်လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ ဘယ်သူ့ကိုမဆို မကြောက်မရွံ့နဲ့။ သူတို့က တောင်တန်းလူမျိုးတွေကို မေးလာခဲ့ရင် တောင်တန်းလူမျိုးတွေက လွတ်လပ်ရေးကိုလိုချင်တယ်လို့ ပြောကြရမှာဖြစ်တယ်။ ခြောက်ရင်လည်း မကြောက်ကြနဲ့၊ ချော့ရင်လည်းမပျော့ကြနဲ့။ တောင်တန်းလူမျိုးများဟာ ဗမာပြည်ကဲ့သို့ တူညီတဲ့အဆင့်အတန်းကို လိုချင်တယ်လို့ပြောကြရမှာဖြစ်တယ်။ ဒါကိုဒီကနေ့ပြောလိုက်ရင် နက်ဖြန် အဆွေတို့လွတ်လပ်ရေးရမှာဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးတဲ့အခါကျမှ အဆင့်အတန်းမြင့်နိုင်မှာဖြစ်တယ်။ လွတ်လပ်ရေးမရရင် လက်ရှိအောက်ကျနောက်ကျဖြစ်နေကြရတဲ့အဆင့်အတန်းကို မြှင့်တင်ပေးဖို့ဆိုတာမဖြစ်နိုင်ဘူး။

**ကြီးပွားချင်ရင် အပင်ပန်းခံရမယ်**

ကျုပ်တို့တစ်တိုင်းပြည်လုံးကြီးပွားစေချင်တယ်ဆိုရင် လူအား၊ ငွေအား ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှပဲ အကျိုးရှိကြောင်းသိနိုင်မယ်။ ပထမတော့ ကျုပ်တို့အပင်ပန်းခံကြရမယ်။

အခုအခါ အင်္ဂလန်ပြည်မှာ အစားအသောက် အဝတ်အထည်များမှစလို့ အတော်ချွေတာပြီး အဆင်းရဲ ခံနေကြတယ်။ ဒါဘာလဲဆိုရင်တစ်ပြည်လုံးအတွက် အကျိုးရှိအောင် လုပ်နေကြတာပဲဖြစ်တယ်။ သူတို့လုပ်နည်းက ပထမအဆင်းရဲခံရပြီး နောက်အကောင်အထည်ပေါ်လာပြီးအကျိုးရှိမှာသေချာပေါက်ဖြစ်နေတယ်။

**ကမ္ဘာ့ထိပ်တန်းရောက်နိုင်မယ့်အင်အား**

ဒီထက်ပိုပြီး ခရီးရောက်အောင်ဆောင်ရွက်ချက်တစ်ခုထားဖို့နားလည်စေချင်တာက အင်ဒိုချိုင်းနား၊ အင်ဒိုနီးရှားစတဲ့ အရှေ့ဘက်နိုင်ငံများစုပေါင်းဆောင်ရွက်နိုင်တဲ့ အားဖြစ်တယ်။ အဲဒီအားမျိုးရှိရင်တော့ ကမ္ဘာ့ထိပ်တန်းအခြေကို ဆိုက်ရောက်နိုင်မှာပဲ။

နောက်ဆုံးပြောချင်တာက အင်္ဂလိပ်နဲ့ ကျုပ်တို့ဟာ ကျွန်နဲ့သခင်ဘဝမျိုးမှာ မတည့်နိုင်ကြပေမယ့် လွတ်လပ်တဲ့ဘဝမျိုးဖြစ်ရင် မိတ်ဆွေအဖြစ်နဲ့ သင့်မြတ်ချစ်ခင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မော်ကွန်းတင်ပင်လုံစာချုပ်ချုပ်ဆိုနိုင်ပြီ**

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင်ကား ကမ္ဘာတည်သရွေ့မြန်မာ့သမိုင်းတွင် ဥဒါန်းတွင်ရစ်မည့် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဖြင့် ပြည်ထောင်စုကြီးသန္ဓေတည်ရာ “မော်ကွန်းတင်ပင်လုံစာချုပ်ကြီး” ကိုတစ်ခဲနက်အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုလိုက်နိုင်ကြပြီဖြစ်သည်။ ပင်လုံစာချုပ်ကြီးတွင် လက်မှတ်ရေးထိုးခဲ့ကြသော သမိုင်းဝင်ခေါင်းဆောင်ကြီးများကား အောက်ပါအတိုင်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်အစိုးရ(ဗမာကိုယ်စားလှယ်)**

၁။ ဗိုလ်ချုပ်အောင်ဆန်း

**ရှမ်းပြည်ကော်မတီ(စော်ဘွားများ)**

၁။ ခွန်ပန်းစိန် (တောင်ပိုင်း၊ စပ်ဖလုံ)
၂။ စဝ်ရွှေသိုက်(ညောင်ရွှေ၊ စပ်ဖလုံ)
၃။ စဝ်ဟုန်ဖ (မြောက်သိန္နီ၊ စပ်ဖလုံ)
၄။ စဝ်နွံ (လဲချား၊ စပ်ဖလုံ)
၅။ စဝ်စံထွန်း(မိုင်းပွန်၊ စပ်ဖလုံ)
၆။ စဝ်ထွန်းအေး(သာမိုင်းခမ်း၊ စပ်ဖလုံ)
၇။ ဦးဖြူ (သထုံစပ်ဖလုံ၏ကိုယ်စားလှယ်)

**ကချင်ကော်မတီကိုယ်စားလှယ်များ**

၁။ ဆမားဒူးဝါးဆင်ဝါးနောင်
၂။ ဇော်ရစ်(မြစ်ကြီးနား)
၃။ ဒိန်ရတန်(မြစ်ကြီးနား)
၄။ ဇော်လ(ဗန်းမော်)
၅။ ဇော်လွန်း(ဗန်းမော်)
၆။ လဗန်ကရောင်း(ဗန်းမော်)

**ရှမ်းကော်မတီ(လူထုကိုယ်စားလှယ်များ)**

၁။ ဦးတင်အေး
၂။ ဦးခွန်စော
၃။ ဦးခွန်ထီး
၄။ ဦးထွန်းမြင့်
၅။ ဦးကြာပု
၆။ စဝ်ယိဖ

**ချင်းကော်မတီကိုယ်စားလှယ်**

၁။ဦးလှာမှုန်း(အေတီအမ်အိုင်) (ဖလမ်း)
၂။ဦးသောင်ဇာခုပ်(အေတီအမ်) (တီဒင်)
၃။ ဦးကွယ်မန်း(အေတီအမ်) (ဟားခါး)

**ပြည်ထောင်စုစိတ်ဓာတ်ပေါက်ဖွားရာ ပင်လုံစီးကြောင်း**

ထိုပုဂ္ဂိုလ်များပူးပေါင်းပါဝင်၍ သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြလေပြီ။ ရှမ်း၊ ဗမာ၊ ချင်း၊ ကချင်-စသော တိုင်းရင်းသားသွေးချင်းအပေါင်းတို့သည် ဗြိတိသျှနယ်ချဲ့လက်အောက်ကျွန်သဘောက်ဘဝ၌ နှစ်ပေါင်း(၆၀)ကျော်တိုင် ပြားပြားဝပ်ကျရောက်ခဲ့ကြရပြီး နယ်ချဲ့သမားတို့၏ သွေးခွဲခြေထိုးမှုများကြောင့် အချင်းချင်း သွေးကွဲခဲ့ကြရ၏။ ဤပင်လုံစာချုပ်ကြီးသည်ကား သွေးခွဲအုပ်ချုပ်ခဲ့သော ဗြိတိသျှနယ်ချဲ့သမားတို့၏ ဗေဒဥပါယ်တံမျဉ်ကို အလုံးစုံအပြီးတိုက်မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည့် “ပြည်ထောင်စုစိတ်ဓာတ်ကြီး စတင်ပေါ်ပေါက်ခဲ့ရာ၊ တိုင်းရင်းသားအပေါင်း ပေါင်းစည်းညီညွတ်ခဲ့ရာ၊ သမိုင်းတစ်လျှောက် ဘယ်သောအခါမှ မေ့ပျောက်မရခဲ့ရာ၊ အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါက်ဖွားခဲ့ရာ အမွန်မြတ်ဆုံးသော ပင်လုံစီးကြောင်း” ကြီးဖြစ်ကြောင်း အလေးအနက် ပြုတင်ပြအပ်ပါသည်။

**“ပင်လုံမှအရင်းတည်ခဲ့သော တိုင်းရင်းသားသွေးစည်းညီညွတ်ရေး ပြည်ထောင်စုစိတ်ဓာတ်အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေ. . ”**



ပင်လုံကျောက်တိုင်ကွင်း၌ ကျင်းပမည့် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# ပင်လုံမှသည် ငြိမ်းချမ်းရေးနေ့သစ်ဆီသို့

ရှမ်းပြည်နယ်တောင်ပိုင်းရှိပင်လုံမြို့လေးသည်ပြည်မနှင့်တောင်တန်း ပူးပေါင်း၍လွတ်လပ်ရေးအတူတကွရယူရန် သဘောတူညီပြီး ပင်လုံစာချုပ်ချုပ်ခဲ့သည့်နေရာဖြစ်သည်။ ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ပင်လုံမြို့လေး၌ အတူတကွ အောင်မြင်စွာဖြင့် လက်မှတ်ရေးထိုးခဲ့ကြပြီး ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ်မှာကျရောက်သည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့်နေရာ ပင်လုံမြို့တွင် နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထူးခြားချက်အနေဖြင့် ယခုပင်လုံတွင် ပြုလုပ်မည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပင်လုံစာချုပ်ချုပ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့သူ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့သောပုဂ္ဂိုလ် ၂၃ ဦး၏ မိသားစုဝင်များပါ တက်ရောက်ကြမည် ဖြစ်သည်။

ယနေ့ ပင်လုံမြို့၏ မြင်ကွင်းအဖြစ် ပင်လုံကျောက်တိုင်သို့ လာရောက်ကြည့်ရှုသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများနှင့် ပင်လုံမြို့လေးသည် ပျားပန်းခပ်မျှ စည်ကားသိုက်မြိုက်နေပေသည်။ လုံခြုံရေးအနေဖြင့် တာဝန်ယူထားသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်တို့ကလည်း ပြည်ထောင်စုနေ့အတွက် အားကြိုးမာန်တက် ပြင်ဆင်လျက်ရှိသည်။

တောင်တန်းနှင့်ပြည်မ အတူတကွ ပေါင်းစည်းနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပင်လုံမြို့သို့ လာရောက်ခဲ့သည်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ပင်လုံမြို့ဒေသခံ အသက် (၈၀) ကျော်အရွယ်ရှိ ဦးကျော်ထွန်းက "ပင်လုံစာချုပ်ချုပ်ဖို့ ပင်လုံကို ဗိုလ်ချုပ်လာတုန်းက ကျွန်တော် ဆယ်နှစ်သားပဲ ရှိသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဒီမှာ ပင်လုံစာချုပ် လက်မှတ်ထိုးပြီးရင် သူတို့ ဒီမြောက်ပိုင်းလမ်း လားရှိုးဆေးရုံရဲ့ အနောက်ဘက်အခု လားရှိုးဈေးရဲ့ အရှေ့တောင်ဘက်မှာ စင်ထိုးပြီးတော့ တရားဟောတယ်။ ဒါကျွန်တော် မှီတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော့် တစ်သက်မှာ အဲဒီတစ်ခါပဲ တွေ့ဖူးတယ်" ဟု လက်ရှိ လွိုင်လင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးကျော်ထွန်းက အမှတ်တရအောက်မေ့ဖွယ် ပြောပြသည်။

ဦးကျော်ထွန်းက "အခုလည်း ဒေါ်အောင်ဆန်းစုကြည်ပင်လုံလာမယ်ဆိုလို့ ဝမ်းသာတယ်။ ပထမတစ်ခေါက် ဒေါ်အောင်ဆန်းစုကြည် လာတုန်းက ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့တဲ့အထဲမှာ ပါဝင်တဲ့ဦးခွန်ထီးအိမ်မှာ တည်းတယ်။ ဘယ်တုန်းကလည်း မမှတ်မိတော့ဘူး။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က ပင်လုံကိုဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်လာတယ်။ ကျွန်တော့်အိမ်မှာနားတယ်။ တောင်ကြီးကို နေချင်းပဲ ပြန်သွားတယ်။ အခုသူလာမယ်ဆိုရင် တတိယ အခေါက်ပေ့ါ။ ခါတိုင်းနှစ်တွေက ဒီပွဲဖြစ်မြောက်ဖို့ကို ကိုယ်ထူကိုယ်ထနဲ့ ကျွန်တော်တို့ လုပ်ရတယ်။ ဒီနှစ်ကျတော့ နိုင်ငံတော်အစိုးရက လုပ်ပေးတော့ အများကြီး စည်လာတယ်။ ရွေးကောက်ပွဲမတိုင်ခင်က ဒေါ်အောင်ဆန်းစုကြည် ပင်လုံလာလည်ဖို့က လူတိုင်းမျှော်လင့်တယ်။ မနက်ဖြန်တော့ပြည်သူတစ်ယောက်အနေနဲ့ ဒီပွဲကို လာတက်ရောက်မယ် "လို့ ဆိုပါတယ်။

လွတ်လပ်ရေးကို ပြည်မနှင့်တောင်တန်းဒေသ အတူတကွပေါင်းစည်း၍ ရယူရန်အတွက် ပင်လုံမှ အစပြုခဲ့သည့် ပြည်ထောင်စုနေ့သည် နှစ်ပေါင်း (၇၀ )တိုင်ခဲ့လေပြီ။ လွတ်လပ်ရေးကို ရယူ၍ အတူတကွယှဉ်တွဲနေထိုင်ရန် ကြိုးပမ်းခဲ့သည့် ပင်လုံမြို့လေး၏ ပြည်ထောင်စုနေ့အထိမ်းအမှတ်မှသည် မြန်မာပြည်၏ ငြိမ်းချမ်းမည့်အနာဂတ်နေ့သစ်ဆီသို့ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်လျက်. . ။

**သတင်းဆောင်းပါး - ရဲမျိုးညီ**
**ဓာတ်ပုံ - ဖိုးထောင်**

## ပြည်ထောင်စုပွဲ တို့ဆင်နွှဲ

မြန်မာနဲ့ ကချင်
နောင်ညီသွင် ကယား။
တို့တစ်တွေ ညီညာပြုလို့
ပြည်ထောင်စု သဘင်ပွဲကို
နွှဲကြစို့လား။
မွန်၊ ရှမ်းနဲ့ ကရင်
ချင်းတစ်သွင် ပြည်သား။
တို့တစ်တွေ ညီညာပြုလို့
ပြည်ထောင်စု သဘင်ပွဲကို
နွှဲကြစို့လား။
မြေပြန့်နဲ့ တောင်ပေါ်
တူပျော်ပျော်လက်တွဲ။
စည်းလုံးကာ ညီညာစွာနဲ့
ပြည်မြန်မာ သာစေကြောင်း
တောင်းဆုခြွေမြဲ။
ပြည်တွင်းပြည်ပ အဖျက်ရန်
တွန်းလှန်ကာဖြိုခွင်း။
ပြည်ထောင်စု သဘင်ပွဲကို
နွှဲကြမယ်ွင်း။
တိုင်းရင်းသား တို့တစ်တွေ
တူညီစေ လက်တွဲ။
ဒီမိုကရေစီ သည်စနစ်ကို
အားသစ်လို့ပဲ။
တိုင်းရင်းသား တိုင်းရင်းသူ
အေးအတူ ပူအမျှ။
ပြည်မြန်မာ ဂုဏ်သရေတိုးအောင်
ကြိုးစားပါကြ။
စည်းလုံးခြင်း ရှိကြပါ
ပြည်မြန်မာ အင်အား။
ညီညာလျှင် ပြည်သာဖို့ရယ်
တွေးဆစိတ်ထား။
စိမ်း၊ ဝါရောင် အနီခံ
အဖြူရောင် ကြယ်တစ်ပွင့်။
တူညီကာ လက်တွဲလို့
အောင်ပွဲဆို "ဒီမို" နန်း
လက်ကမ်းကြိုလင့်။ ။

**ရွှေကန်သား(ပခုက္ကူ)**

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု ကျေးလက်ရေပေးရေးလုပ်ငန်း ညောင်လေးပင်မြို့၌ဖွင့်

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၁**

နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြံဘိုကျေးရွာ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် ရွေးဦးစွာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသန်းလွင်က ရေပေးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းသည်။ ထို့နောက် ဖွင့်ပွဲဆိုင်းဘုတ်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ ကြံဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးရည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၁၄ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး တွင်းနက်တစ်တွင်း၊ ရေကန်၊ ရေစက်ရုံ၊ အမြင့်တင်ရေစင်များပါဝင်ကာ ကြံဘိုကျေးရွာရှိ အိမ်ခြေ ၂၈၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

**○နှစ် (၇၀)မြောက်မှ**

Up To Date၊ တိုင်းရင်းသား Channel တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံ တက်ရောက်စဉ် စာဖတ်ခဲ့သောညောင်ပင်အောက်နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်း Panglong Peace Talk ကို ကျင်းပမည် ဖြစ်သည်။

ရှမ်းပြည်နယ် ပင်လုံမြို့တွင် ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)တွင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များ၏ မိသားစုဝင်များ (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင်) တက်ရောက်ကြမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရောင်းသူဝယ်သူ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသော ရန်ကုန်စာအုပ်လမ်း



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်စာအုပ်လမ်း ဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုလျှင် ရက်သတ္တခြောက်ပတ်မြောက်ရှိပြီဖြစ်သည်။ အပတ်စဉ်ဖွင့်လှစ်ခဲ့သည့် စနေ၊ တနင်္ဂနွေနေ့တိုင်း သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့၊ ဗဟို ပုံနှိပ်တိုက်စက်ရုံရှေ့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်ရုံးခွဲ)ရှေ့နှင့်ဗဟိုပုံနှိပ်တိုက်၏ အနော်ရထာလမ်းဘက်ခြမ်းတို့တွင် ဆိုင်ခန်းပေါင်း ၁၇၀ခန့်ဖြင့် ဖွင့်လှစ်ထားရာ ရောင်းသူဝယ်သူ၊ စာဖတ်သူများ တွေ့ကြဆုံကြ၊ ဆွေးနွေးနေမှု၊ စာချစ်သူလူကြီးလူငယ်အားလုံးက မိမိတို့လေ့လာလိုသည့် စာအုပ်ကောင်းရရှိရေးအတွက် စိတ်ကြိုက်ရွေးချယ်ရှာဖွေနေမှု၊ ရေးသူ၊ ထုတ်လုပ်ဖြန့်ချိ၊ ရောင်းသူများက စာပေမြတ်နိုးသူများအား စာအုပ်အကြောင်းကို စိတ်ရှည်စွာ ရှင်းလင်းပြသနေမှုတို့ဖြင့် ရောင်းသူဝယ်သူ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

စာအုပ်ဆိုင်များက အင်္ဂလိပ်၊ မြန်မာ၊ သုတ၊ ရသ စာအုပ်မျိုးစုံ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်း၊ ရုပ်ပြစာအုပ်ဟောင်း၊ အသစ်မျိုးစုံတို့ကို မူရင်းဈေးထက် ၁၀ ရာခိုင်နှုန်းလျှော့ဈေး၊ ၂၀ ရာခိုင်နှုန်းလျှော့ဈေးတို့ဖြင့် ရောင်းချပေးလျက်ရှိသည်။ သမိုင်းဝင်ပုဂ္ဂိုလ်များ၏အတ္ထုပ္ပတ္တိ၊ အဆိုအမိန့်များ၊ ဈေးနှုန်းအမျိုးမျိုးဖြင့် အပုံလိုက်ရောင်းချသည့် စာအုပ်မျိုးစုံတို့ကိုလည်း စာပေချစ်မြတ်နိုးသူများ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန်ရောင်းချပေးလျက်ရှိသည်။

အကြံဉာဏ်ကောင်း၊ ရည်ရွယ်ချက်ကောင်းတို့ဖြင့် ပေါ်ပေါက်လာသည့် ရန်ကုန်စာအုပ်လမ်းတွင် စာအုပ်စာပေ ရေးသားသူ၊ ထုတ်လုပ်ဖြန့်ချိသူ၊ ရောင်းသူဝယ်သူ၊ စာဖတ်သူ၊ အားပေးသူတို့အကြား စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးခင်မင် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဖန်တီးဖော်ဆောင်ပေးလိုက်သကဲ့သို့ ရှိနေပြီဖြစ်သည်။

**သတင်း-ဇော်မင်းလတ်၊**
**ဓာတ်ပုံ-ကိုကိုဇော်**

# အနုပညာရှင်များ ရန်ကုန်စာအုပ်လမ်းသို့ လာရောက်အားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစာပေအသိပညာဗဟုသုတကြွယ်ဝလာစေရေးနှင့် ရေးသူဖတ်သူ၊ ထုတ်ဝေဖြန့်ချိသူများအချင်းချင်း ရင်းနှီးကျွမ်းဝင်ကာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ထားရှိသော ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်းသို့ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အနုပညာရှင်များ လာရောက်၍ စာမဖတ်သူပပျောက်စေရေးအတွက်ရည်ရွယ်ကာ စာပေချစ်မြတ်နိုးသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

အဆိုပါအနုပညာရှင်များအဖွဲ့မှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ စာရေးဆရာ ဦးအေးကြူလေး၊ ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ဒါရိုက်တာ ဒေါ်အိအိခိုင်၊ ဒါရိုက်တာ သီဟကျော်စိုး၊ ဇာတ်ညွှန်းရေးဆရာ ဦးအောင်စိုးနှင့် အောက်တိုဘာ အောင်ကြီး၊ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ရဲအောင်၊ မေသန်းနု၊ ချမ်းသာကြည်စိုး၊ ချစ်ချစ်ဇော်၊ ဆုပန်ထွာ၊ ကျော်ထက်၊ မင်းပိုင်နှင့် ဇာတ်ကားထုတ်လုပ်သူများက မိမိတို့ရိုက်ကူးသရုပ်ဆောင်ခဲ့သည့် ဝတ္ထုများမှ ဇာတ်ကောင်စရိုက်များနှင့် စပ်လျဉ်း၍ စာပေချစ်မြတ်နိုးသူပရိသတ်များအား စိတ်အားထက်သန်စွာ ရှင်းလင်းပြောကြားပြီး အမှတ်တရ လက်မှတ်ရေးထိုးပေးခြင်း၊ စာပေချစ်မြတ်နိုးသူများနှင့်အတူ ရင်းရင်းနှီးနှီး ဓာတ်ပုံတွဲရိုက်ခြင်းတို့ဖြင့် ရန်ကုန်စာအုပ်လမ်းတွင် ပါဝင်ကူညီအားပေးကြသည်။



ထို့နောက် ပါဝင်ကူညီကြသည့် အနုပညာရှင်များအား အမှတ်တရအဖြစ် စာအုပ်များကို တာဝန်ရှိသူများက ပြန်လည်ပေးအပ်ကြသည်။

ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်လည်း စာရေးဆရာကြီး ဒေါက်တာစိုးလွင်က သုတ၊ ရသစာအုပ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း စာပေချစ်မြတ်နိုးသူများအားပြောကြားပေးသွားမည်ဟုရန်ကုန်စာအုပ်လမ်းဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

**သတင်း- ကိုကိုဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖွင့်ပွဲအထိမ်းအမှတ် ကလေးစာဖတ်ပွဲတော်ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၁၁**

ညောင်ဦးမြို့ ပြည်သူ့ပန်းခြံအတွင်း၌ စိုက်ထူထားရှိသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားကို ဗိုလ်ချုပ်၏မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယင်းနေ့မတိုင်မီ ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာဒါနဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကလေးစာဖတ်ပွဲတော်နှင့် စာအုပ်ပြပွဲကို အဆိုပါပန်းခြံအတွင်း၌ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစာဖတ်ပွဲတော်သို့ လာရောက်ကြသည့် ကလေးငယ်များကို ဉာဏ်စမ်းမေးခွန်းများမေးခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ စက္ကူရုပ်ခေါက်ခြင်း စသည့် ပြိုင်ပွဲများ ကျင်းပပေးပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကလေးငယ်များအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်၍ ပျော်ရွှင်စရာများ ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

"နိုင်ငံရဲ့အနာဂတ်ခေါင်းဆောင်တွေဖြစ်လာမယ့် ကလေးငယ်တွေ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေဖို့၊ တီထွင်ဖန်တီးတတ်တဲ့ ဉာဏ်ရည်ရင့်သန်လာစေဖို့၊ ကလေးတွေ စာပေနဲ့ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ကလေးစာဖတ်ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောပြသည်။ ကလေးစာဖတ်ပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နံနက် ၁၀နာရီမှ ညနေ ၅ နာရီ အထိကျင်းပသွားမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖွင့်ပွဲ ကျင်းပမည့် ဖေဖော်ဝါရီ ၁၃ရက်တွင် နိဗ္ဗာန်ဈေးပွဲတော်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# မြိတ်ကျွန်းစုဒေသကို Marine Tourism ဒေသအဖြစ် ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ လက်ရှိဖွံ့ဖြိုးနေသော ခရီးစဉ်ဒေသများကို ပိုမိုဖွံ့ဖြိုးစေရေး ဆောင်ရွက်နေသည်သာမက အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များကိုလည်း ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိရာ မြန်မာနိုင်ငံတောင်ပိုင်းရှိ မြိတ်ကျွန်းစုဒေသကို Marine Tourism ဒေသအဖြစ် ဖွံ့ဖြိုးလာစေရန်အတွက် တိုင်းဒေသကြီးအစိုးရနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပူးပေါင်းအကောင်အထည် ဖော်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMFA)မှ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသော တတိယအကြိမ်မြောက် နိုင်ငံတကာ ခရီးသွားပြပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ အနှံ့အပြားရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်း စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်းလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။



ဒေသခံ ပြည်သူများအနေဖြင့် ခရီးသွားလုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင်ခြင်းဖြင့် ခရီးသွားလုပ်ငန်း အသိပညာဗဟုသုတတိုးပွားလာခြင်း၊ အလုပ်အကိုင်များရရှိခြင်း၊ ဝင်ငွေများရရှိ၍ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန် ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်း (Community Based Tourism-CBT)ကိုလည်း မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများဖြင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အောင်မြင်မှုရရှိလျက်ရှိကြောင်း ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပခရီးစဉ် (Outbound Tour) လိုင်စင် ၄၁၀ ထုတ်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၉ သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသော တတိယအကြိမ်မြောက် နိုင်ငံတကာခရီးသွားပြပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ယင်းပြပွဲတွင် ခရီးသွားပြခန်းပေါင်း ၇၀ ကျော်မှ ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီထိ ခရီးသွားလက်မှတ်များကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

❐

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများဖွင့်ပွဲ စစ်တွေမြို့တွင် ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၁**
ရခိုင်ပြည်နယ်တွင် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ ပြခန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ခိုင်သဇင်ပန်းခြံ၌ ကျင်းပခဲ့သည်။

အဆိုပါပြခန်းများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်ထောင်စုနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် စစ်တွေမြို့ မြို့မိ မြို့ဖ ဦးကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများက ကုမ္ပဏီများ၏ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်နေ့ တစ်နေ့ဖြစ်သည့်အတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အခုလိုအထိမ်းအမှတ်ပြခန်းများ၊ ပြိုင်ပွဲများ၊ အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပကြမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ပြခန်းများကို ဖွင့်လှစ်ပြသခြင်းအားဖြင့် ပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ၊ ဌာနဆိုင်ရာများ၏ ပြည်သူအကျိုးပြုလုပ်ငန်းများနှင့် ပညာပေးလုပ်ဆောင်မှုများကို လာရောက်ကြည့်ရှုကြသူများ ဗဟုသုတများ တိုးပွားနိုင်မည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ပြောကြားသည်။ ထို့အပြင် စစ်တွေမြို့တွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စစ်တွေမြို့ ဓညဝတီအားကစားရုံနှင့် ဦးဥတ္တမပန်းခြံတို့တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ယနေ့ပြခန်းများဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# စစ်တွေမြို့နယ် သဲချောင်း(လက်သမား)ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သဲချောင်း(လက်သမား) ကျေးရွာ၌ ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က ပေါ့ဆမီးကြောင့် နေအိမ်လေးလုံးနှင့် ဈေးဆိုင်ခန်းတစ်ခန်း မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါပေါ့ဆမီးမှာ သဲချောင်း(လက်သမား) ကျေးရွာနေ ဦးဇာကိရ်ယူဆန်၏ နေအိမ်မှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်း မီးလောင်ပျက်စီးခဲ့သည်။ ပြည်နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့် ရွာသူ ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးပေါ့ဆစွာသုံးစွဲသူ ဦးဇာကိရ်ယူဆန်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းအား စစ်တွေမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

# မောင်တောမြို့နယ်အတွင်း မသင်္ကာသူငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
မောင်တောမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီခန့်တွင် ကျီးကန်းပြင်(တောင်)ရွာမှ ကွဲတပြင်ကျေးရွာဘက်သို့ ဦးတည်လာသော မသင်္ကာသူငါးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းမသင်္ကာသူငါးဦးမှာ ကျီးကန်းပြင် (အလယ်ရွာနေ)အာဂျီဒူရာမန်၊ ကျီးကန်းပြင်(တောင်ရွာနေ)ဖာရိုး၊ ကျီးကန်းပြင်(အနောက်ရွာ)နေ ရှောင်ရှုအာလောင်၊ ကျီးကန်းပြင် (အလယ်ရွာ)နေ မာမောက်အီဆက်နှင့် ဝါးပိတ်ကျေးရွာနေ ရှုနာမြာတို့ဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်(၇၀)မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်

**ခေါဇာ ဖေဖော်ဝါရီ ၁၁**
မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်တွင် ကျရောက်မည့် နှစ်(၇၀)မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်အစမ်းလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပမည့် မြို့လယ်ဘုရားကွင်း၌ အစမ်းချီတက်နေရာယူခြင်း၊ အလေးပြုခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယခုနှစ် မွန်အမျိုးသားနေ့အခမ်းအနားကို ယခင်နှစ်များနည်းတူ မွန်ရိုးရာအကအလှပြိုင်ပွဲများနှင့် အားကစားနည်းပေါင်း ၁၉ မျိုးကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ညီညီ(ပြန်/ဆက်)**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ပေနှင့် အဖွဲ့ဝင်များ မောင်တောဒေသအတွင်း ကွင်းဆင်းစုံစမ်း



**မောင်တော ဖေဖော်ဝါရီ ၁၁**
မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ပေ၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသာညဏ်၊ ဦးစောသလေးစော၊ ဦးညွန့်ဆွေ၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါ်ကျိန်ငိုက်မန်နှင့် ဦးအောင်နိုင်တို့သည် ယနေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ပါရှိသော မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အမျိုးသမီးများနှင့် ပတ်သက်သည့် အဓမ္မပြုကျင့်သော အချက်အလက်များနှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ/မရှိ ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့၏ ကြိုတင်စီစဉ်မှု မပါရှိဘဲ မောင်တောမြို့နယ်အတွင်း ရှိ ဇင်ပိုင်ညာကျေးရွာ၊ ဝါးပိတ်ကျေးရွာ၊ ဖားဝပ်ချောင်းကျေးရွာ၊ ကြိမ်ချောင်းကျေးရွာနှင့် လောင်းဒုံကျေးရွာအုပ်စု စေတီပြင်ကျေးရွာများသို့ အဖွဲ့များခွဲကာ ဒေသခံများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရမှုများ အမှန်တကယ်ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း ရှိ/မရှိနှင့် အခြားသိရှိလိုသည်များကို ကျေးရွာများရှိ နေအိမ်တစ်အိမ်ချင်း၊ တစ်မိသားစုချင်း၊ တစ်ဦးချင်းထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ သီးခြားစီ လွတ်လပ်ပွင့်လင်းစွာ စုံစမ်းမေးမြန်းကြသည်။

**(သတင်းစဉ်)**



# ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(OHCHR)မှ ထုတ်ပြန်ခဲ့သည့် Interviews with Rohingyas fleeing from Myanmar since 9 October 2016 အစီရင်ခံစာတွင် နယ်မြေအတွင်းလှုပ်ရှားနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို ချိုးဖောက်နေသည်ဟု စွပ်စွဲထားသည်ကို သိရှိရပါကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အင်အားကိုအသုံးပြုရာတွင် အချိုးအစားညီမျှမှု(Proportionality)၊ ဥပဒေနှင့်ညီညွတ်မှု(Legality)၊ တာဝန်ခံမှု(Accountability)၊ လိုအပ်ချက်ရှိမှု(Necessity)စသော နိုင်ငံတကာစံနှုန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားထားရှိခဲ့ပြီး တရားခံများဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းများနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရဲလက်စွဲပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်စေလျက် ရှိပါကြောင်း။

ထိုကဲ့သို့ ညွှန်ကြားချက်/ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး ညွှန်ကြားချက်/ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်စေလျက်ရှိပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုအပါအဝင် ဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များ ပြုလုပ်ခဲ့ခြင်းရှိ/မရှိအား စစ်ဆေးနိုင်ရန် အောက်ပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ အဖွဲ့ဝင်များအဖြစ် ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီးနေထွန်း၊ သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး(စစ်တွေ)ဒုတိယရဲမှူးကြီးမောင်မောင်လွင်၊ အတွင်းရေးမှူးအဖြစ် မှုခင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေးတို့ ပါဝင်ကြောင်း သိရှိရသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်များအရ လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို ချိုးဖောက်ခဲ့ကြောင်း တွေ့ရှိရပါက ကျူးလွန်သူများကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ဝေါ ဖေဖော်ဝါရီ ၁၁**

ပြည်သူအားလုံး ကျန်းမာအသက်ရှည် ဖို့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကံမြင့်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အသိပေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေက အရည်အသွေးအာမခံချက်မရှိသော အစားအသောက်များအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူများ သတိပြုရမည့်အချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ ဆေးဝါးအသုံးပြုမှုနှင့် ရက်လွန် ဆေးဝါးအန္တရာယ်များအကြောင်းကို လည်းကောင်း၊ စားသောက်ကုန် အန္တရာယ်ကင်းရှင်းရေးနှင့် ဆိုးဆေးအန္တရာယ်များအကြောင်း အသိပညာပေးခြင်း၊ မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၁၇ ခုနှစ် ဖိတ်ခေါ်ခရီးကြမ်းစက်ဘီးပြိုင်ပွဲကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၁**

၂၀၁၇-ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဖိတ်ခေါ်ခရီးကြမ်း Mountain Bike စက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက ထားဝယ်တက္ကသိုလ် စက်ဘီးကွင်းတွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ထားဝယ်မြို့နယ်မှ ၁၆ ဦး၊ လောင်းလုံးမြို့နယ်မှသုံးဦး၊ သရက်ချောင်းမြို့နယ်မှ သုံးဦး စုစုပေါင်း ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော အားကစားသမားများကို တနင်္သာရီတိုင်းဒေသကြီး စက်ဘီးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ငြိမ်းနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူး ဦးစိုးမိုးနိုင်တို့ကလည်းကောင်း၊ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်က တတိယဆုရရှိသော မောင်လွင်နိုင်(ထားဝယ်) အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က ဒုတိယဆုရရှိသော မောင်ရန်နိုင်ထက်(ထားဝယ်)အား လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ပထမဆုရရှိသော မောင်ဝင်းပြည့်ဖြိုး(ထားဝယ်)အား လည်းကောင်း ငွေသားဆုများကို ချီးမြှင့်ခဲ့သည်။

အဆိုပါ စက်ဘီးပြိုင်ပွဲကို vicee အချိုရည်နှင့် အားဆေးကုမ္ပဏီမှ ကူညီပံ့ပိုးပေးပြီး စက်ဘီးပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်သူများသည်



ထားဝယ်မြို့နယ်အတွင်း လှည့်လည်၍ အလှပြစက်ဘီးစီးနင်းခဲ့ကြကြောင်း သိရသည်။

**(ပြန်/ဆက်)**

# ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးဓာတ်အားအပြည့်အဝရရှိရေး အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော်လိုအပ်မည်ဟု ခန့်မှန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ဖြင့် ကျေးရွာများဓာတ်အားရရှိရေးနှင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဓာတ်အားအပြည့်အဝရရှိစေရန် လုပ်ငန်းများအားလုံးအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော်လိုအပ်မည်ဟု ခန့်မှန်း ထားကြောင်း ဖေဖော်ဝါရီ ၉ ရက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသော သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းသည် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဒေသများအားလုံးလျှပ်စစ်ဓာတ်အားရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာများဓာတ်အားရရှိရေးနှင့် မီးလင်းရေးလုပ်ငန်းများအား မီးလင်းရေးကော်မတီမှ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင် အိမ်ထောင်စုပေါင်းခန့်မှန်း ၁၀ ဒသမ ၈၉ သန်းခန့်ရှိသည့်အနက် ၂၀၁၆ ခုနှစ်ကုန်အထိ အိမ်ထောင်စုပေါင်း ၄ ဒသမ ၀၃ သန်း(၃၇ ရာခိုင်နှုန်း)ခန့် လျှပ်စစ်မီးရရှိပြီးဖြစ်ပြီး အိမ်ထောင်စု ၆ ဒသမ ၈၆ သန်း(၆၃ ရာခိုင်နှုန်း)ခန့် လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

တစ်နိုင်ငံလုံးလျှပ်စစ်မီးပြည့်ပြည့်ဝဝရရှိရန်အတွက်မူ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံခန့်လိုအပ်မည်ဖြစ်သည့်အပြင် ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ဓာတ်အားပို့လွှတ်မှုအပိုင်းများအတွက်လည်း ဘဏ္ဍာငွေထပ်မံ လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးဓာတ်အားအပြည့်အဝရရှိရန် လုပ်ငန်းများအားလုံးအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော်လိုအပ်မည်ဟု ခန့်မှန်းထားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသူရအောင်ဘိုက "ကမ္ဘာ့ဘဏ်ရဲ့အကူအညီကိုယူပြီး Survey စလုပ်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ရည်မှန်းချက်က ၂၀၃၀ မှာ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝပေးနိုင်ဖို့ ဆောင်ရွက်ခဲ့တာပါ။ Survey Report က ၂၀၁၃-၂၀၁၄ မှာ ပြီးသွားတယ်။ အဲဒီ Report အတိုင်း ကမ္ဘာ့ဘဏ်က ချေးငွေပေးလာတယ်။ လက်ရှိ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရတဲ့အခါမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနက သန်း ၉၀၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သန်း ၃၁၀ အဲဒီလိုရပါတယ်။ အဲဒီမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကရတဲ့ သန်း ၃၁၀ ထဲကနေ ဓာတ်အားစနစ်နဲ့ နှစ်မိုင်အတွင်း ကျေးရွာတွေနဲ့ ငါးမိုင်အတွင်းကျေးရွာတွေကို လျှပ်စစ်မီးပေးဖို့အတွက် စလုပ်နေပါပြီ။ အမြန်ဆုံးနဲ့ အလွယ်ဆုံးမီးရဖို့အတွက်ဆိုရင် ဓာတ်အားစနစ်နဲ့ အနီးကပ်ဆုံးနေရာကစပြီးတော့ ဖြန့်ကြက်သွယ်တန်းမှ ရနိုင်မယ်ဆိုတဲ့ ပုံစံကို ဆောင်ရွက်ခဲ့တဲ့အခါ ဓာတ်အားစနစ်နဲ့ နှစ်မိုင်အတွင်းကျေးရွာတွေ မီးပေးဖို့လုပ်နေပြီး အခုနှစ်ဧပြီလမတိုင်ခင်မှာ အကုန်လုံးတင်ဒါခေါ်ယူပြီးစီးမယ်လို့ မျှော်လင့်ထားပါတယ်။ ပထမအစီအစဉ်အရ ၁ ဒသမ ၇ သန်းလောက်မီးရမယ်။ လက်ရှိလည်း ၃၇ ရာခိုင်နှုန်းရပြီးပြီ။ ၆၃ ရာခိုင်နှုန်းက မီးရဖို့ကျန်သေးတယ်။ ကျွန်တော်တို့ ရည်မှန်းထားတဲ့ ၂၀၃၀ မှာ တစ်နိုင်ငံလုံး မီးအပြည့်အဝရရှိရေးအတွက်လည်း နိုင်ငံတကာချေးငွေတွေနဲ့ ပြင်ပရင်းနှီးမြှုပ်နှံမှုတွေအပါအဝင် နိုင်ငံတော်အစိုးရရဲ့ ဘတ်ဂျက်တွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ပါ ပထမငါးနှစ်စီမံကိန်း ၂၀၁၅-၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်မှ ရရှိသည့်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ အား ဓာတ်အားစနစ်မှ ကျေးရွာများသို့ ဓာတ်အားရရှိရေးအတွက် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာများ၊ ဓာတ်အားစနစ်နှင့် နှစ်မိုင်မှ ငါးမိုင်အတွင်းကျေးရွာများ၊ ဓာတ်အားစနစ်နှင့် ငါးမိုင်မှ ၁၀ မိုင်အတွင်း ကျေးရွာများနှင့် ဓာတ်အားစနစ်မှ ၁၀ မိုင်အထက်ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမဦးစားပေးအနေဖြင့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်းကျေးရွာများ မီးလင်းရေးကို စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးမည်ဟုခန့်မှန်းထားသည်။ ဒုတိယဦးစားပေးအနေဖြင့် ဓာတ်အားစနစ်မှ ငါးမိုင်အတွင်းကျေးရွာများကို ကွင်းဆင်းစစ်ဆေးခြင်း၊ တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်စီမံကိန်းအတွက် ကျေးရွာ ၆၃၀၅ ရွာနှင့် အိမ်ထောင်စု ၇ ဒသမ ၇ သန်းခန့် ဓာတ်အားရရှိမည်ဖြစ်သည်။ ကျန်အဆင့်များကိုလည်း ဦးစားပေးအဆင့်အလိုက်ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ပထမ ငါးနှစ်စီမံကိန်းပြီးစီးပါက အိမ်ထောင်စုပေါင်း ၁ ဒသမ ၇ သန်းခန့် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"ရာနှုန်းပြည့်ပြီးစီးမယ်လို့ မျှော်လင့်ထားပေမယ့် တချို့နေရာတွေမှာတော့ အခက်အခဲတွေရှိနိုင်တယ်။ လက်ရှိ နှစ်မိုင်အတွင်း ကျေးရွာတွေကို လုပ်တဲ့အခါမှာ ဖြန့်ဖြူးရေးဘက်ကတော့ အသင့်ရှိပြီးသားပါ။ အဲဒီအချိန်မှာ ထပ်ပြီး မီးပေးချင်တယ်ဆိုရင် ဖြန့်ဖြူးရေးဘက်ကရော ထုတ်လုပ်မှုအပိုင်းကရော တစ်ပြိုင်တည်းလုပ်ရမယ်။ ဒါကိုလည်း ဝန်ကြီးဌာနက ဟန်ချက်ညီညီနဲ့ ဆောင်ရွက်နေပါတယ်။ အခက်အခဲတွေရှိတယ်ဆိုပေမယ့် ပြည်သူတွေ မီးရဖို့ အကောင်းဆုံးဖော်ဆောင်ပေးနေပါတယ်။ အခုလိုဆောင်ရွက်နေတဲ့ အချိန်မှာ ချေးငွေကတော့ ဝင်လာမှာပဲ။ ဝင်မလာဖြစ်ခဲ့ရင်လည်း တိုင်းပြည်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ ဆက်ပြီးလုပ်သွားမှာပါ။ ဓာတ်အားစနစ်နဲ့ နှစ်မိုင်အတွင်း တင်ဒါခေါ်ပြီးသွားရင် ငါးမိုင်အတွင်း ဆက်ပြီးတင်ဒါခေါ်သွားမှာပါ"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသူရအောင်ဘိုက ပြောကြားသည်။

ပထမငါးနှစ်စီမံကိန်းအား ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်ကာ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာမီးလင်းရေးအစီအစဉ်အရ ဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်း မပါဝင်သေးသော ကျေးရွာများနှင့် ဓာတ်အားကြိုတင်ရယူလိုသော ကျေးရွာများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစီအစဉ်အရလည်းကောင်း၊ ကျေးရွာ အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများက နည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဓာတ်အားရရှိမည့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာများမှာ ကချင်ပြည်နယ်တွင် ငါးရွာ၊ ကယားပြည်နယ်တွင် ငါးရွာ၊ ကရင်ပြည်နယ်တွင် ၆၇ ရွာ၊ ချင်းပြည်နယ်တွင် လေးရွာ၊ မွန်ပြည်နယ်တွင် ၇၈ ရွာ၊ ရခိုင်ပြည်နယ်တွင် ၂၁ ရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၇၅ ရွာ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၁၈၆ ရွာ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၂ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆၉၁ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၃၉၃ ရွာ၊ မကွေးတိုင်းဒေသကြီးတွင် ၆၆၄ ရွာ၊ နေပြည်တော်တွင် ၉၄ ရွာ၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)တွင် ၅၉၁ ရွာ၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် ၈၅၈ ရွာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၆၅၀ ရွာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၆ ရွာ၊ (တနင်္သာရီတိုင်းဒေသကြီးတွင် ပထမအဆင့်နှစ်မိုင်အတွင်း ကျေးရွာများမရှိပါ) စုစုပေါင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျေးရွာပေါင်း ၅၀၈၀ ရှိကြောင်းသိရသည်။

**(နိုင်လင်းကြည်၊ ဇေယျာထွန်း)**

# ရန်ကုန်မြို့တွင် သုံးပတ်အတွင်း တရားမဝင်သစ်တန်ချိန် တစ်ထောင်ကျော် သိမ်းဆည်းရမိ ပိုင်ရှင်ဟုယူဆသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြို့တွင် သုံးပတ်အတွင်း တရားမဝင်သစ်တန်ချိန် တစ်ထောင်ကျော် သိမ်းဆည်းရမိနေပြီး ပိုင်ရှင်ဟုယူဆသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၂၄ ရက် ရန်ကုန်မြို့ MIP ဆိပ်ကမ်းဝင်းအတွင်းရှိ ကုန်သေတ္တာနှစ်လုံးတွင် တရားမဝင် ကျွန်းတန် ၃၀ ကျော် သိမ်းဆည်းရမိမှုမှအစပြု၍ သတင်းကွင်းဆက်များရယူကာ ဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယခုလ ၈ ရက်အထိ တရားမဝင် ပိတောက်စကွဲယားတုံး အများစုပါဝင်သော တရားမဝင်သစ် စုစုပေါင်းတန် ၁၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းကလည်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစီး၍ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သောအဖွဲ့သည် ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန် တိုးချဲ့ ၂ (၁၄၄)ရပ်ကွက် ဝက်မစွတ်ဝန်ထောက်လမ်းနှင့် စိန္တကျော်သူဦးဩလမ်း ထောင့်ရှိ ခြံအမှတ်(၁၅၈)အား ဥပဒေနှင့်အညီ ဝင်ရောက် ရှာဖွေရာ ရေသန့်ဘူးခွံ၊ ကတ်ထူဖာများဖြင့် ဖုံးအုပ်ကွယ်ဝှက်ထားသော တရားမဝင် ပိတောက် စကွဲယားတုံးတန် ၁၀၀ ကျော်၊ ကျွန်းခွဲသား ၁၅ တန်ခန့်နှင့်အတူ CCTV ကင်မရာ ရှစ်လုံး၊ လက်ကိုင်စက်လွှနှစ်လက်၊ မော်တာတွဲလျက် တစ်ပေဖြတ်လွှဝိုင်းတစ်ခု၊ ဆိုင်ကယ်တစ်စီး အပါအဝင် ဆက်စပ်ပစ္စည်း ၁၀ မျိုးအား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ထပ်မံသတင်းရရှိခဲ့သည့် ဒဂုံမြို့သစ်အရှေ့ပိုင်း ပြင်စည်မင်းသားကြီးလမ်းရှိ ခြံအမှတ် (၃၅)ကိုလည်း ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစီး၍ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သောအဖွဲ့က ဥပဒေနှင့်အညီ ဝင်ရောက်ရှာဖွေခဲ့ရာ ခြံဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ တရားမဝင် ပိတောက်စကွဲယားတုံးတန် ၅၀ ကျော်ခန့်အား သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်သစ်များသည် ပုံစံအမျိုးမျိုးနှင့် ဝင်ရောက်လာပြီး တိကျခိုင်မာသည့် သတင်းရရှိရန်နှင့် ယာဉ်တိုင်းကိုစစ်ဆေးရန်ခက်ခဲသည့်အတွက် အပြည့်အဝ မစစ်ဆေးနိုင်ဘဲ ရန်ကုန်မြို့တွင်းအထိ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ဖမ်းမိသည့် သတင်းကွင်းဆက်များကို ဆက်လက်စုံစမ်းဖော်ထုတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ထပ်မံဖမ်းဆီးရမိခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ဆိပ်ကမ်းမှာဖမ်းမိတဲ့ သတင်းကွင်းဆက်တွေကို ကျွန်တော်တို့ဌာန ဝန်ထမ်းတွေက ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့တာကြောင့် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်တို့မှာ ဆက်တိုက်ဖမ်းမိခဲ့တာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကူညီပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက်မှာဖမ်းမိတဲ့ ဒဂုံ(တောင်)နဲ့ ဒဂုံ(အရှေ့)မြို့နယ်တွေမှာတော့ ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်လာပြီး သတင်းပေးပို့တာကြောင့် ဖမ်းဆီးရမိခြင်းဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ၁၆ ရက်အတွင်း ကျွန်း တန် ၆၀ ကျော်၊ ပိတောက် ၉၅၄ တန်ကျော်၊ တမလန်း ၂၅ တန်( စိစစ်ဆဲ) နှင့် ကုက္ကို ၄.၅ တန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၁၀၀၀ ကျော်၊ ဆက်စပ်ပစ္စည်းများအနေဖြင့် ကွန်တိန်နာအခွံ ရှစ်လုံးအပါအဝင် စုစုပေါင်း ၃၇ လုံး၊ ကွန်တိန်နာတင် ၁၀ ဘီးယာဉ်အလွတ် ခြောက်စီး၊ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၃၀၀၀၀ ကျော်ခန့်ကို သစ်တောဦးစီးဌာနက ဖမ်းဆီးရမိခဲ့သည်။

"ရန်ကုန်မှာ ဒီလိုဖမ်းမိတာကို ကြည့်မယ်ဆိုရင် ဝေးလံတဲ့ သစ်ပင်သစ်တောတွေရှိတဲ့ ဒေသတွေမှာ ဒီလိုလုပ်ငန်းတွေ ဆက်ရှိနေတယ်ဆိုတာပြနေပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်ရဲ့ စွမ်းအင်ထဲမှာ ရေအားစွမ်းအင်က တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ရေအားစွမ်းအင်ရဲ့ အရင်းအမြစ်ကသစ်ပင်၊ သစ်တော၊ ရေဝေရေလဲဒေသ၊ လျှိုမြောင်၊ တော၊ တောင်တွေ ဖြစ်ပါတယ်။ အဲဒါတွေရှိလို့သာ ကျွန်တော်တို့နိုင်ငံမှာ ရေသယံဇာတတွေ ရှိတာဖြစ်ပါတယ်။ အဲဒါတွေကို မထိန်းသိမ်းနိုင်ခြင်းရဲ့ သင်္ကေတက အခုဖမ်းမိတဲ့ သစ်တွေဖြစ်ပါတယ်။ လက်ကျန်သစ်တောတွေကို နိုင်ငံတော်က ထိထိရောက်ရောက် တင်းတင်းကျပ်ကျပ်နဲ့ မထိန်းသိမ်းနိုင်ဘဲ အခုလိုသာ သစ်တွေခုတ်နေမယ်ဆိုရင် နိုင်ငံရဲ့ စွမ်းအင်အတွက် ရင်လေးစရာပါ"ဟုလည်း မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

သစ်တောများပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ကမ္ဘာနဲ့အဝှမ်းဖြစ်ပေါ်နေပြီး ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများကို ကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာန တိုးချဲ့ပညာပေးရေးဌာနက တိုးချဲ့ပညာပေးရေးကို ဆက်တိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - တာရာ**

**ဓာတ်ပုံ- သစ်တောဦးစီးဌာန**



ဒဂုံမြို့သစ်အရှေ့ပိုင်းမှ သိမ်းဆည်းရမိသည့် သစ်တုံးများအား တွေ့ရစဉ်။



ဒဂုံမြို့သစ်တောင်ပိုင်းမှ သိမ်းဆည်းရမိသည့် ဖုံးအုပ်ကွယ်ဝှက်ထားသော သစ်တုံးများအား တွေ့ရစဉ်။

## ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လူကုန်ကူးမှု ကိုးမှုဖြစ်ပွားခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လူကုန်ကူးမှုများကို မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ အမျိုးသားရေးအသွင်ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဖမ်းဆီးအရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လူကုန်ကူးမှု ကိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလူကုန်ကူးမှုများမှာ ဦးတည်နိုင်ငံအဖြစ် တရုတ်၊ ထိုင်း၊ မလေးရှားနှင့် ပြည်တွင်းတို့ကို လူမှောင်ခိုကူးကြခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်း တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ခိုင်းစေမှု ခုနစ်မှု၊ ပြည်တွင်း၌ အဓမ္မခိုင်းစေမှု တစ်မှု၊ ပြည့်တန်ဆာပြုခိုင်းစေမှုတစ်မှုဖြင့် ကိုးမှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီလအတွင်း လူကုန်ကူးမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ မန္တလေးတိုင်းဒေသကြီးတွင် တစ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် သုံးမှု၊ ကချင်ပြည်နယ်တွင် တစ်မှု၊ ကယားပြည်နယ်တွင် တစ်မှု၊ ရှမ်းပြည်နယ်တွင် သုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများကြောင့် တရားခံ ၁၉ ဦး ရှိခဲ့ပြီး တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့သည်။ လူကုန်ကူးခံရသူစုစုပေါင်း ၁၆ ဦးအနက် ၁၁ ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာအား ၎င်းတို့အတွက် လိုအပ်သော သတင်းအချက်အလက်များပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အခြားလူမှုရေးအကူအညီများပေးနေသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ ၎င်းတို့လိုအပ်သည့် အကူအညီများ ပံ့ပိုးပေးခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုပေးခြင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အောက်ရှိ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း အော်ရီဒူး စမတ်ဖုန်းဟန်းဆက်များအပါအဝင် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျပ်သန်း ၄၀၀ ကျော် တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား ရှာဖွေစစ်ဆေးအရေးယူလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အတွင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇ ဒသမ ၄၆၅ သန်းတန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိခဲ့ရာတွင် ရန်ကုန်ဆိပ်ကမ်းတွင် တားဆီးမှု တစ်မှု၊ ခန့်မှန်း တန်ဖိုး ငွေကျပ် ခြောက်သန်းခန့်၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးမှူးရုံးက တားဆီးမှု

## ဖေဖော်ဝါရီလ ပထမပတ်အတွင်း အော်ရီဒူးဟန်းဆက်များအပါအဝင် ကျပ်သန်း ၄၀၀ ကျော် တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

ရှစ်မှုနှင့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉ ဒသမ ၄၉ သန်းခန့်၊ ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၉ ဒသမ ၂၂၅ သန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု သုံးမှုနှင့် ခန့်မှန်း တန်ဖိုး ငွေကျပ် ၄၂ ဒသမ ၇၅ သန်းခန့် စုစုပေါင်း ၂၁ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၇ ဒသမ ၄၆၅ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးစစ်ဆေးနိုင်ခဲ့မှုတွင် ဖေဖော်ဝါရီ ၂ ရက်က မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ခရီးသည်တင်မှန်လုံယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ ယာဉ်ပေါ်တွင် ခရီးသည်ပစ္စည်းများနှင့် ရောနှောသယ်ဆောင်လာသည့် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အော်ရီဒူး စမတ်ဖုန်း ဟန်းဆက်များ Ooredoo Smart Hand set, C/O China (1705) Pcs၊ ခန့်မှန်းတန်ဖိုးအားဖြင့် ငွေကျပ် ၃၄ ဒသမ ၁ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အလားတူ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၅ သန်းခန့်ရှိ အကောက်ခွန်မဲ့ ပစ္စည်းများနှင့် သယ်ဆောင်လာသော ယာဉ်များကို အကောက်ခွန်ဦးစီးဌာန အကောက်ခွန်နယ်မြေအသီးသီးတို့က ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**



# ပရီမီယာလိဂ်ဖလားရယူနိုင်စွမ်းရှိသည့်အသင်း ခြောက်သင်းအထိရှိဟု ကွန်တီပြောကြား ဖလားရရှိပါက ကွန်တီအား လုပ်ခလစာတိုးမြှင့်ပေးရန် အသင်းပိုင်ရှင်ဆန္ဒရှိနေ



ပရီမီယာလိဂ်ဖလားရယူနိုင်စွမ်းရှိသည့် အသင်းမှာ ခြောက်သင်းအထိ ရှိနေဆဲဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီက ပြောကြားလိုက်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဖလားရရှိရန် နီးစပ်မှုရှိနေသည့်အသင်းဖြစ်သည်ဟု ယူဆထားခြင်းသည်လည်း အသင်းအတွက် အလွန်ကြီးမားသည့်အမှားတစ်ခုကို ကျူးလွန်မိခြင်းဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီက ထုတ်ဖော်ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပွဲစဉ်(၂၄)အပြီး ကစားရန် ၁၄ ပွဲကျန်ရှိနေသေးသည့်အချိန်တွင် ရမှတ် ၅၉ မှတ်ဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၁)နေရာ၌ ရပ်တည်နေသည့်အသင်းဖြစ်သည်။

လက်ရှိအင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲတွင် လစာဝင်ငွေအကောင်းဆုံးနည်းပြများအဖြစ် မန်ယူအသင်းနည်းပြ မော်ရင်ဟိုနှင့် မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာတို့က တစ်နှစ်လျှင် ပေါင် ၁၅ သန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးမှာမူ ပေါင် ခုနစ်သန်းရရှိနေပြီး လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့မှာ ပေါင်ရှစ်သန်းရရှိထားကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် လက်ရှိတွင် လစာအဖြစ် တစ်နှစ်လျှင် ပေါင် ၆ ဒသမ ၅ သန်းရရှိနေသည့်နည်းပြဖြစ်သည်။ ထို့ကြောင့် နည်းပြကွန်တီအား တရုတ်ကလပ်အသင်းများက တစ်နှစ်လျှင် ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းထားသည်။ သို့ရာတွင် ကွန်တီကမူ ချယ်လ်ဆီးအသင်း၌သာ ဆက်လက်ရှိနေရန် ဆုံးဖြတ်ထားကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကလည်း ပရီမီယာလိဂ်ဖလားရရှိမည်ဆိုပါက နည်းပြ ကွန်တီအား လုပ်ခလစာတိုးပေးကာ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုမည်ဖြစ်ပြီး ဖလားရရှိမည်ဆိုပါက အသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်အတွက် (၁၃)ကြိမ်မြောက် ပရီမီယာလိဂ်ဆုဖလားဖြစ်လာမည်လည်းဖြစ်သည်။

**(ငွေကြယ်)**



Facebook - Leo Messi

# တိုက်စစ်မှူးမက်ဆီ အက်ဒီးဒက်စ်နှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆို

ဘာစီလိုနာအသင်း၏ အဓိကအားထားရသည့် တိုက်စစ်မှူး မက်ဆီသည် အားကစားပစ္စည်းမျိုးစုံကို အများအပြားထုတ်လုပ်ရောင်းချလျက်ရှိသည့် အက်ဒီးဒက်စ်ကုမ္ပဏီနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တိုက်စစ်မှူး မက်ဆီက ၎င်း၏ ဖေ့ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး မက်ဆီ၏ ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အားကစားပစ္စည်းကုမ္ပဏီ အက်ဒီးဒက်စ်နှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းအတွက် ဝမ်းမြောက်မိပါကြောင်းလည်း ပြောကြားခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဘာစီလိုနာအသင်း၌သာ ကုန်ဆုံးစေခဲ့သည့်ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၅၆၄ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၄၈၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်သည့် ဘလွန်းဒီအောဆုကို ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်သည့် အာဂျင်တီးနားကြယ်ပွင့် မက်ဆီသည် လက်ရှိဘောလုံးရာသီတွင် ၃၁ ပွဲပါဝင်ကစားပေးထားကာ ၃၁ ဂိုးသွင်းယူပေးထားနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးပေး နိုင်မှု ၁၂ ကြိမ်အထိ ဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းတွင် တစ်ဦးချင်းအကောင်းဆုံးဆုများ ရယူဆွတ်ခူးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ စပိန်လာလီဂါဖလား ရှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားလေးကြိမ်နှင့် ကမ္ဘာ့ကလပ်အသင်းများဖလား သုံးကြိမ်တို့ကိုလည်း ဘာစီလိုနာအသင်းနှင့်အတူ ရယူဆွတ်ခူးနိုင်ခဲ့သည်။

**(ငွေကြယ်)**

# ဘော်ဒိုးအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဇယားထိပ်မှ မိုနာကိုအား ပီအက်စ်ဂျီဖိအားပေးနိုင်ခဲ့

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းပွဲစဉ်(၂၅)အဖြစ် ဘော်ဒိုးအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာတွင် သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်မှ မိုနာကိုအသင်းကိုဖိအားပေးနိုင်ခဲ့ပြီဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲတွင် နောက်ဆုံးလေးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ထားသည့်အသင်းဖြစ်ပြီး ဘော်ဒိုးအသင်းနှင့် ပွဲစဉ်တွင် ကာဗာနီ(၆ မိနစ်၊ ၄၇ မိနစ်)နှင့် ဒီမာရီယာ(မိနစ် ၄၀)တို့၏ သွင်းဂိုးသုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဇယားထိပ်က မိုနာကိုအသင်းသည် ပွဲစဉ်(၂၄)အပြီးတွင် ရမှတ် ၅၅ မှတ်ရရှိထားပြီး ပီအက်စ်ဂျီအသင်းသည်လည်း ပွဲစဉ်(၂၅)ကစားပြီးချိန်တွင် တစ်ပွဲလျော့ဖြင့် ရမှတ် ၅၅ မှတ်ရရှိခဲ့ကာ အဆင့်(၁)နေရာမှ မိုနာကိုအသင်းကို ဖိအားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ် မန်ယူအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် အသင်း၏ရလဒ်ပိုင်း ဆိုးရွားမှုဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာကာ ပြင်သစ်ပထမတန်းဖလားကို နောက်ဆုံးငါးနှစ်ဆက်တိုက်ချန်ပီယံဖြစ်လာမည့်အရေးကို အားစိုက်လာနိုင်ခဲ့သည်။ သို့ရာတွင် လက်ရှိအနေအထားအရ မိုနာကိုအသင်းက ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေခြင်းကြောင့် ၂၀၀၀ ခုနှစ်နောက်ပိုင်း ဝေးကွာခဲ့ရသည့် မိုနာကိုအသင်းအတွက် ပထမဆုံးသောပြင်သစ်ပထမတန်းဖလား ပြန်လည်ရယူနိုင်မည့်လားဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**(ငွေကြယ်)**



# နောက်ခံလူ ဆက်ဂ်နာအား ဝက်စ်ဟမ်းအသင်း ခေါ်ယူလို

မန်စီးတီးအသင်း၏ နောက်ခံကစားသမား ဆက်ဂ်နာအား ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ ပြင်သစ်ညာနောက်ခံကစားသမား ဘာကာရီဆက်ဂ်နာသည် လာမည့်တစ်ပတ်အတွင်း အသက်(၃၄)နှစ် ပြည့်တော့မည်ဖြစ်ပြီး ယခုနှစ် နွေရာသီတွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်းလည်းသိရသည်။

နောက်တန်းကစားသမား ဆက်ဂ်နာအနေဖြင့် မန်စီးတီးအသင်း၏ နောက်တန်းခံစစ်ကြောင်းတွင် လူငယ်ကစားသမား အများအပြားရှိနေကြောင်းသိရှိထားသူဖြစ်ခြင်းကြောင့် လန်ဒန်မြေသို့ ပြန်လည်ပြောင်းရွှေ့ကစားမည်ဟု ဆုံးဖြတ်ထားသူဖြစ်သည်။ နောက်ခံကစားသမား ဆက်ဂ်နာသည် လန်ဒန်အခြေစိုက် အာဆင်နယ်အသင်းတွင်လည်း ကစားခဲ့ဖူးသူဖြစ်သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းနည်းပြ ဘီလစ်က အတွေ့အကြုံရှိညာနောက်ခံကစားသမား ဆက်ဂ်နာအား လိုအပ်မည်ဆိုလျှင် ညာနောက်ခံနေရာမှ ဗဟိုခံစစ်မှူးအဖြစ် ကစားပေးနိုင်မည်ဆိုပါက ခေါ်ယူရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**

# ငြိမ်းချမ်းပါစေ တရားဥပဒေ

ဦးဟန်ညွန့်(ဥပဒေ)

**ငြိမ်းချမ်းရေးဟူသည်**

ငြိမ်းချမ်းသော၊ ရန်မလိုသော၊ ညီညွတ်သော၊ ချစ်ခင်သော စည်းလုံးညီညွတ်မှု၏အင်အားသည် ငြိမ်းချမ်းရေးဖြစ်ပေသည်။ အပစ်အခတ်ရပ်စဲခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း၊ ညီညွတ်ခြင်းတို့သည် ငြိမ်းချမ်းရေး၏အနှစ်သာရများဖြစ်ပေသည်။

**တရားဥပဒေဟူသည်**

တရားမျှတမှု၊ စည်းကမ်းကျင့်စဉ်များ လိုက်နာမှု၊ သစ္စာရှိမှု၊ အပြန်အလှန် လေးစားမှုများသည် တရားဥပဒေ၏အနှစ်သာရဖြစ်ပေသည်။

**ပြစ်မှုနှင့် ပြစ်ဒဏ်**

ပြစ်မှုကျူးလွန်သူသည် ပြစ်ဒဏ်ကျခံရစမြဲဖြစ်သည်။ ပြစ်မှုဟူသည် မည်သူ့ကိုမျှ အကျိုးမပြု။ လူ့အဖွဲ့အစည်း၏ဆန့်ကျင်ဘက်သည် ပြစ်မှုဖြစ်သည်။ စည်းကမ်းကျင့်ဝတ်ဖောက်ဖျက်ခြင်းသည် ပြစ်မှုဖြစ်သည်။ ပြစ်မှုကျူးလွန်သူမှန်သမျှအား ပြစ်ဒဏ်ချမှတ်သည်။ နိုင်ငံရေးပြစ်မှု၊ လူမှုရေးပြစ်မှု၊ စီးပွားရေးပြစ်မှုစသည်ဖြင့် ပိုင်းခြားသည်။ နိုင်ငံရေးသည် လုံခြုံရေး၊ လုံခြုံရေးသည် နိုင်ငံရေးဟု ဆိုနိုင်သည်။

**နိုင်ငံရေးအသွေးအရောင်**

နိုင်ငံရေးအသွေးအရောင် အယူအဆ မတူကွဲပြားခဲ့ကြဖူးသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ စိတ်ဝမ်းကွဲခဲ့ကြဖူးသည်။ ပြည်ထောင်စုကြီးက ခွဲထွက်ရန် ကြိုးစားခဲ့ဖူးသည်။ လက်နက်ကိုင်ဖြေရှင်းခဲ့ကြသည်။ သေနတ်သံများ ဆူညံခဲ့ကြသည်။ ဆူညံနေဆဲလည်းဖြစ်သည်။

**သမိုင်းသက်သေ**

- သမိုင်းသက်သေကို ဖျောက်ဖျက်၍မရ။
- စစ်ပွဲလား။ အချစ်ပွဲလား။
- ကွဲပြားသင့်ကြပြီ။
- လက်နက်လား။
- ငြိမ်းချမ်းရေးလား။
- စဉ်းစားပိုင်းဖြတ်သင့်ပြီ။
- ငြိမ်းချမ်းရေးခရီး မနီးသင့်ဘူးလား။
- ဝေးကွာသထက် ဝေးကွာသွားမည်လား။
- ခွင့်သာခိုက်တွင် မလိုက်ချင်ဘူးလား။
- ထင်ရှားမော်ကွန်း ထိုးသင့်ပြီ။

**မတရားအသင်းများ**

မတရားအသင်းများ အက်ဥပဒေအဖြစ် တစ်ချိန်က ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံဥပဒေအတွဲ (၂) စာမျက်နှာ (၂၀၁) တွင် ဖော်ပြပြဋ္ဌာန်းသည်။ ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့မှစ၍ အာဏာတည်ခဲ့သည်။ The Unlawful Associations Act ဟု ထင်ရှားသည်။

**မတရားအသင်းဆိုသည်မှာ**

မတရားအသင်းဆိုသည်မှာ အောက်ပါအသင်းအဖွဲ့တစ်ခုခုကို ဆိုသည်-

(က) အကြမ်းဖက်မှုကိုဖြစ်စေ၊ ခြိမ်းခြောက်မှုကိုဖြစ်စေကျူးလွန်ရန် အားပေးသည့် သို့မဟုတ် ကူညီသည့်အသင်း သို့မဟုတ် အသင်းအဖွဲ့ဝင်များက အဆိုပါအပြုအမူများကို ကျူးလွန်လေ့ရှိသောအသင်း။

(ခ) နိုင်ငံတော်သမ္မတက ဤအက်ဥပဒေဖြင့်အပ်နှင်းသော အာဏာအရ မတရားအသင်းအဖြစ် ကြေညာထားသောအသင်း။

မှတ်ချက်။ ။ပုဒ်မ ၁၅(၂)(ခ) အရ မတရားအသင်းအဖြစ် မကြေညာသော်လည်း ပုဒ်မ ၁၅(၂)(က) နှင့် အကျုံးဝင်သက်ဆိုင်လျှင် မတရားအသင်းဖြစ်သည်။

**ကြေညာပိုင်ခွင့်**

အသင်းတစ်ခုခုမှာ တရားဥပဒေစိုးမိုးရေးကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ နှောင့်ယှက်သည်ဟု သို့မဟုတ် နှောင့်ယှက်ရန် ရည်ရွယ်သည်ဟု သော်လည်းကောင်း၊ အများပြည်သူ အေးချမ်းသာယာရေးကို အန္တရာယ်ဖြစ်စေသည်ဟု သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက ထင်မြင်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုအသင်းအား မတရားအသင်းအဖြစ် ကြေညာနိုင်သည်။ (ပုဒ်မ ၁၆)

**ကြေညာ၊ ပယ်ဖျက်**

မတရားအသင်းအဖြစ် ပြည်ထဲရေးဌာနကကြေညာခဲ့သော အသင်းအဖွဲ့များရှိသည်။ ထို့အတူ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့သည့် အသင်းအဖွဲ့များရှိသည်။ ဥပဒေဘောင်အတွင်း စတင်ဝင်ရောက်သောနေ့ရက်များမှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်းဖြစ်သည်။

**လွတ်ငြိမ်းချမ်းသာခွင့်**

အစိုးရအဆက်ဆက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်ဖြစ်စဉ်များလည်းရှိသည်။ အမှုများပိတ်သိမ်းခြင်း၊ ပြစ်ဒဏ်ပြောင်းလဲခြင်း၊ လျှော့ပေါ့ခြင်းစသည်ဖြစ်သည်။

**နိုင်ငံတော်၏ မေတ္တာစေတနာ**

နိုင်ငံတော်၏မေတ္တာစေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံအကျိုးကို ဆက်လက်သယ်ပိုးရွက်ဆောင်သွားကြရန်မျှော်လင့်၍ လွတ်ငြိမ်းခွင့်ပေးခြင်းဖြစ်သည်။

**ကာကွယ်စောင့်ရှောက်သည့်ဥပဒေ**

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၈/၂၀၁၅ ဖြင့် ပြဋ္ဌာန်းသည်။

**ဥပဒေရည်ရွယ်ချက်များ**

အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ် အတူတကွလက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်။

**တရားဥပဒေစိုးမိုးရေးဆိုသည်မှာ**

တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံ၏လုံခြုံမှု၊ တည်တံ့ခိုင်မြဲမှုနှင့် တိုးတက်မှုကို အကာအကွယ်ပေးထားသည့် အဆောက်အအုံဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အား ဖိနှိပ်ချုပ်ချယ်ထားခြင်းမဟုတ်ဘဲ ကာကွယ်ထားခြင်းဖြစ်ရန် လိုပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် မိမိတို့ တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများကို အကျိုးဖြစ်စေမည့်ဥပဒေများနှင့် လွှမ်းမိုးထားသည်ဆိုသည့် အနက်အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါသည်။

**[တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မိန့်ကြားချက်၊ ၃၁-၁-၂၀၁၇]**

**လူနည်းစုနှင့် လူမျိုးစုငယ်**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားများအနေဖြင့် မိမိကိုယ်ကို စောင့်ရှောက်နိုင်မည့် အင်အားရှိပါကြောင်း၊ ထို့ကြောင့် အရေအတွက်များသော တိုင်းရင်းသားများက လူနည်းစုနှင့် လူမျိုးစုငယ်များ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများအား မပျောက်ကွယ်အောင် စောင့်ရှောက်ရမည့် ကြီးလေးသည့်တာဝန်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏အခွင့်အရေးများကို ချဉ်းကပ်ဆောင်ရွက်မည်ဆိုပါက လူမျိုးစုငယ်များ၏ လိုအပ်ချက်များကိုလည်း မမေ့ရန်လိုအပ်ပါကြောင်း၊ အရေအတွက်များ၍ အင်အားကြီးသော တိုင်းရင်းသားများက အင်အားငယ်သည့် တိုင်းရင်းသားများအားညှာတာ၍ ၎င်းတို့၏အခွင့်အရေးကိုလည်း ကာကွယ်ရမည့်တာဝန်ရှိသည်ကို နှလုံးသွင်းဆောင်ရွက်သွားကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း ဆက်လက်မှာကြားခဲ့ပါသည်။

**နည်းဥပဒေများ ရေးဆွဲနေချိန်**

ဤအချိန်သည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာရေးဆွဲသည့် အချိန်ဖြစ်သည်။ ခေတ်အဆက်ဆက် ခါးသီးဖွယ်အတွေ့အကြုံများ၊ ဆောင်ရန် ရှောင်ရန်အချက်များကိုလည်း ပြည့်ပြည့်စုံစုံ သိနားလည်ခဲ့ကြပြီးလည်း ဖြစ်သည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းရေးအပြည့်အဝရရှိမည့်အချိန်လည်း တိုင်ချေပြီ။

**စနစ်ပြောင်း၍ ဥပဒေပြောင်း**

- စစ်ကိုမလို၊ ငြိမ်းချမ်းရေးကိုလိုသည်။
- လက်နက်မလို၊ ငြိမ်းချမ်းရေးကိုလိုသည်။
- ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယ။
- ငြိမ်းချမ်းရေးသည် ထာဝရ။
- ဤသို့ဆိုလျှင် မတရားအသင်းအက်ဥပဒေကဲ့သို့သော ခေတ်ဟောင်းဥပဒေများ ရုပ်သိမ်းကွယ်ပျောက်ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေများသာ တိုးပွားပြဋ္ဌာန်းမည့်အချိန်သို့ မျှော်မှန်းရောက်ရှိတော့မည်ဖြစ်ပေသည်။

**တင်ပြချက်**

(၁) ပြည်ထောင်စုကြီးအား ကာကွယ်နိုင်မည့်တရားဥပဒေများ ထွန်းကားပါစေကြောင်း၊

(၂) ငြိမ်းချမ်းရေးအသီးအပွင့်များ ဖူးပွင့်ပါစေကြောင်း၊

(၃) ငြိမ်းချမ်းပါစေ မြန်မာပြည်၊ ငြိမ်းချမ်းပါစေ တရားဥပဒေဖြစ်ပါစေကြောင်း ဆန္ဒပြုတင်ပြအပ်ပါသည်။

# သဖန်းဆိပ်ရေလှောင်တမံမှ ယခင်နှစ်များထက် ရှစ်ရက်စော၍ စိုက်ပျိုးရေ ထုတ်လွှတ်ပေးဝေလျက်ရှိ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၁**


ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် မူးမြစ်ကိုအသုံးချတည်ဆောက်ထားသော သဖန်းဆိပ်ရေလှောင်တမံမှ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကထက် ရှစ်ရက်ခန့်စော၍ နွေစပါးနှင့် အခြားသီးနှံများကို ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ဆည်ရေပေးဝေနေပြီဖြစ်ရာ အသုံးပြုရန် ဖင့်နွှေးနေသော တောင်သူများအနေဖြင့် ရေရယူအသုံးပြုကြရန် ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နှိုးဆော်အသိပေးလျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

“ဖေဖော်ဝါရီ ၇ ရက်က စလွှတ်တယ်ဆိုပေမယ့် ဖေဖော်ဝါရီ ၁ ရက်ကတည်းက ဆည်ရေကိုထိန်းလွှတ်ပေးနေတာပါ။ ဆည်ရေလွှတ်တဲ့အတွက် တောင်သူတွေ စိုက်ရေး ပျိုးရေးအတွက်ရော လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ပါ အကျုံးဝင်ပါတယ်။ ရေလွှတ်တာကို တဖြည်းဖြည်း တစ်ရက်ပြီးတစ်ရက် တိုးလွှတ်ပေးနေပါတယ်။ ရေတိုးလွှတ်တာနဲ့အတူ လျှပ်စစ်ဓာတ်အားကလည်း တဖြည်းဖြည်း တိုးထုတ်ပေးနေပါတယ်။ ဖေဖော်ဝါရီ ၁ ရက်က ရေလွှတ်အား ၆၆၈ ကျူးစက်ကနေ ဖေဖော်ဝါရီ ၁၀ ရက်မှာ ကျူးစက် ၂၅၀၀ အထိတိုးပြီး ရေလွှတ်ပေးနေသလို ဖေဖော်ဝါရီ ၁ ရက်က လျှပ်စစ်ဓာတ်အား 42 M Watt hr ထုတ်ရာကနေ ဖေဖော်ဝါရီ ၁၀ ရက်မှာ 300 M Watt hr ထိ တဖြည်းဖြည်းတိုးမြှင့်ပေးနေပါပြီ။ အခုလို သဖန်းဆိပ်က ရေပေးနေတဲ့အချိန်မှာ တောင်သူတွေအနေနဲ့ အကျိုးရှိရှိ ရယူသုံးစွဲစေချင်ပါတယ်။ မသုံးဘူးဆိုရင် ပေးတဲ့ရေတွေဟာ ရေဆိုးထုတ်မြောင်းတွေကနေတစ်ဆင့် မူးမြစ်ထဲပြန်ရောက်ကုန်မှာဖြစ်တဲ့အတွက် အကျိုးရှိအောင် သုံးကြဖို့ အသိပေးတာတွေ လုပ်ဆောင်နေပါတယ်”ဟု ဦးစောသက်ခိုင်ဝင်းက ပြောပြသည်။




ဆည်ရေပေးဝေမှု အဓိကလုပ်ငန်းစဉ်အနေဖြင့် သဖန်းဆိပ်ရေလှောင်တမံတွင် ရေကို အဓိကထားသိုလှောင်ပြီး အောက်ပိုင်းရှိ ကင်းတပ်ရေထိန်းတမံသို့ မူးမြစ်အတိုင်း ရေလိုသလောက် ထိန်းချပေးကာ လက်ယာမြောင်းမကြီးနှင့် ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး စတင်တူးဖော်ခဲ့သော လက်ဝဲမြောင်းမကြီးတို့ဖြင့် စိုက်ပျိုးဧက တစ်သိန်း ခုနစ်သောင်းအားလည်းကောင်း ထိုမှ တစ်ဆင့် အောက်ပိုင်းရှိ ကာဘိုးရေလွှဲဆည်သို့ မူးမြောင်းတစ်လျှောက် ရေဆက်လက်ချပေးပြီး ရွှေဘိုမြောင်းမတော်၊ ရေဦးမြောင်းမတော်တို့ဖြင့် စိုက်ပျိုးဧက သုံးသိန်း နှစ်သောင်းကျော်အားလည်းကောင်း ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်အတွင်းရှိ လယ်မြေဧက ငါးသိန်းနီးပါးအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**





ကျားဝါလေးလေး




ရောင်နီ


ချစ် ချစ်



# ပန်းမြတ်သဇင် မြတ်မိခင် ပန်ဆင်ထိုက်သည်သို့

ခဲ ကိုရင်ဩ


ဓာတ်ပုံ - Indianz.Com

အမေရိကန်ပြည်ထောင်စု မြောက်ဒါကိုတာပြည်နယ်၌ အပြီးသတ်တည်ဆောက်နိုင်ခြင်းမရှိသည့် ရေနံပိုက်လိုင်းကြီးကို အပြီးတိုင်တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် စစ်အင်ဂျင်နီယာတပ်ဖွဲ့အား ညွှန်ကြားသည့် အမိန့်ကို သမ္မတဒေါ်နယ်ထရန့်က ထုတ်ဆင့်ပေးလိုက်ပြီဖြစ်ရာ အငြင်းပွားပြောဆိုသံများ ကျယ်ကျယ်လောင်လောင်ပေါ်ထွက်ခဲ့သည့် ယင်းပိုက်လိုင်းစီမံကိန်းကို ပတ်ပတ်လည်ဝိုင်းနေသော ပြဿနာများ၏ ဖြစ်တည်မှုနှင့်ပတ်သက်၍ ကျွန်ုပ်လေ့လာစေ့ငုရန် စိတ်ကူးကွန့်မြူးမိပါသတည်း။

အကျယ်အကျယ်မငြိမ်းဖွယ်ဖြစ်ခဲ့ရသော ရေနံပိုက်လိုင်းစီမံကိန်းတည်နေရာသည်ကား မြောက်ဒါကိုတာပြည်နယ်ဖြစ်၏။

မြောက်ဒါကိုတာပြည်နယ်ရှိ မစ်ဇူရီမြစ်အောက်ဘက်မှ ပိုက်လိုင်းတည်ဆောက်နိုင်ရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့က ဖြေလျှော့မှုပေးမည်ဟု ကြည်းတပ်မတော်က ဝါရှင်တန်ရှိ ဖက်ဒရယ်ခရိုင်တရားရုံးနှင့် ကွန်ဂရက်လွှတ်တော်တို့ကို တရားဝင်အကြောင်းကြားခဲ့လေသည်။

ပိုက်လိုင်းစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ခြင်းရှိ မရှိ ခရေစေ့တွင်းကျ လေ့လာချက်တစ်ရပ်ကို စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူပြုလုပ်ရန် ယခင်သမ္မတ ဘားရက်အိုဘားမားက ညွှန်ကြားခဲ့သော်လည်း ယခုအခါတွင် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက်ကို အစိုးရအဖွဲ့သစ်က မသိကျိုးကျွံပြုခဲ့လေသည်။

စစ်အင်ဂျင်နီယာတပ်ဖွဲ့က ကွန်ဂရက်လွှတ်တော်ထံ တရားဝင်အသိပေးပြီးနောက် ရက်သတ္တနှစ်ပတ်ကြာမျှ စောင့်ဆိုင်းရဖွယ်ရှိပြီး ယင်းနောက်တွင်မှ တည်ဆောက်ရေးလုပ်ငန်းကို ပြန်စနိုင်ပေလိမ့်မည်။ သို့ရာတွင် စောင့်ဆိုင်းကာလကို ထည့်သွင်းတွက်ချက်ရန်မလိုဘဲ ၂၄ နာရီအတွင်းမှာပင် စစ်အင်ဂျင်နီယာတပ်ဖွဲ့က ဖြေလျှော့မှုပြုလုပ်နိုင်သည်ဟု တရားရုံးတော်၏ မှတ်တမ်းများတွင် ဖော်ပြထားသည်။

### တရားစွဲဆိုမည်

ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်း ချက်ချင်းမနှေးဖြစ်ပေါ်လာနိုင်သည့်အခြေအနေကို ချေဖျက်ရန် စီစဉ်နေကြသူများမှာ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုဖြစ်၏။ စီမံကိန်းလုပ်ငန်း ရှေ့မဆက်နိုင်အောင် တရားစွဲဆိုမည်ဟု သူတို့၏အကျိုးဆောင်ရှေ့နေများက ဆိုကြလေသည်။

ပိုက်လိုင်းဖြတ်သန်းတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားတို့က လပေါင်းအတန်ကြာမျှ ဆန္ဒပြကန့်ကွက်မှုများကို သောသောညံအောင် ပြုလုပ်ခဲ့ကြ၏။ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဒေသတွင်း ပတ်ဝန်းကျင်တို့ကို ထိခိုက်စေနိုင်သော ပိုက်လိုင်းကို အလိုမရှိပါဟု တိုင်းရင်းသားတို့က ပွဲတင်ချွန်းအောင် ဟစ်ကြွေးခဲ့ကြ၏။

ပိုက်လိုင်းတည်ဆောက်မှုကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုလေ့လာရန် အစပျိုးပေးခဲ့သူမှာ သမ္မတ ဘားရက်အိုဘားမားဖြစ်လေသည်။

အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်များဖြစ်ကြသော မြောက်နှင့်တောင်ဒါကိုတာ၊ အိုင်အိုဝါနှင့် အီလီနွိုက်စ်တို့ကို ဖြတ်သန်းမည့် ၁၁၇၂ မိုင်အရှည်ရှိ ပိုက်လိုင်းကိုအသုံးပြု၍ တစ်နေ့လျှင် ရေနံစည်ပေါင်း ၅၀၀,၀၀၀ ပေးပို့နိုင်ရန်ရည်မှန်းပြီး ပိုက်လိုင်းတည်ဆောက်စရိတ် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ လျာထားလေသည်။

မစ်ဇူရီမြစ်သည် ဒေသခံပြည်သူ ၈၀၀၀ အတွက် ရေလှောင်တမံကြီးမှတစ်ဆင့် ရေထောက်ပံ့ပေးနေသဖြင့် အကယ်၍ ပိုက်လိုင်းယိုစိမ့်မှုဖြစ်ပွားပါက ချက်ချင်းလက်ငင်း ဘေးဥပါဒ်ကျရောက်နိုင်သည်ဟု တိုင်းရင်းသားမျိုးနွယ်ခေါင်းဆောင်များက ဆိုကြသည်။

ကနဦးတွင် ပြည်နယ်မြို့တော် ဘစ္စမတ်ကို ပိုက်လိုင်းဖြတ်ရန် ရွေးချယ်ခဲ့သော်လည်း ရေထောက်ပံ့မှုကို ခြိမ်းခြောက်နိုင်သည်ဟု ကန့်ကွက်မှုများရှိခဲ့သဖြင့် ပိုက်လိုင်းဖြတ်မည့်လမ်းကြောင်းကို ပြန်လည်ရွေးချယ်ခဲ့ရာ တိုင်းရင်းသားနယ်မြေဘက် ဦးလှည့်သွားခဲ့သည်။

ပိုက်လိုင်းစီမံကိန်းတွင် ဦးဆောင်ကုမ္ပဏီမှာ Dakota Access LLC ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပိုက်လိုင်းကိုလွှဲပြောင်းပေးရန် စီစဉ်ခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂၆ ရက်တွင် ပိုက်လိုင်းတည်ဆောက်မှုမှာ ၈၇ ရာခိုင်နှုန်းပြီးစီးခဲ့သည်။ ယင်းကုမ္ပဏီမှာ Energy Transfer Partners (ETP) ၏ လက်အောက်ခံကုမ္ပဏီဖြစ်လေသည်။

ဌာနေတိုင်းရင်းသားတို့ အမြတ်တနိုးတန်ဖိုးထားရာ နေရာကို ဖြတ်သန်း၍ ပိုက်လိုင်းတည်ဆောက်မှု ဆိုင်းငံ့ထားရန် ပြီးခဲ့သည့်စက်တင်ဘာလတွင် အစိုးရက သက်ဆိုင်ရာကုမ္ပဏီကို တိုက်တွန်းခဲ့သည်။ ပိုက်လိုင်းတည်ဆောက်မှုကို ရပ်ဆိုင်းပေးရန် ဦးတိုက်လျှောက်ထားမှုကို ခရိုင်တရားသူကြီးတစ်ဦးက ငြင်းဆိုခဲ့ပြီးနောက် အစိုးရ၏တိုက်တွန်းချက် ပေါ်ထွက်ခဲ့သည်။

အမေရိကန်ဌာနေတိုင်းရင်းသားအုပ်စု ၂၀၀ ကျော်က ပိုက်လိုင်းတည်ဆောက်မှုကို ကန့်ကွက်နေသည့်ကြားမှ ယင်းပိုက်လိုင်းတည်ဆောက်မှုသည် ဥပဒေကိုချိုးဖောက်ရာမရောက်ဟု တရားသူကြီး ဂျိမ်းစ်ဘက်စဘတ်က ဆုံးဖြတ်ခဲ့သည်။

ဖယ်ဒရယ်အစိုးရအဖွဲ့သည် တရားသူကြီး၏ဆုံးဖြတ်ချက်ရှိနေလင့်ကစား အိုးဟေးရေလှောင်တမံကြီး၏ မိုင် ၂၀ ပတ်လည်နယ်မြေအတွင်း ပိုက်လိုင်းတည်ဆောက်မှုကို မိမိ၏ဆန္ဒနှင့်အညီ ဆိုင်းငံ့ထားရန် တိုက်တွန်းခဲ့သည်။

အခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဒေသခံတိုင်းရင်းသားများ၏ သဘောထားရပ်တည်ချက်အပေါ် ငဲ့ကွက်ရန်သင့်-မသင့် အလေးအနက်ဆွေးနွေးသွားသင့်သည်ဟု တရားရေး၊ ပြည်ထဲရေးနှင့် တပ်မတော်တို့ ပူးတွဲထုတ်ပြန်သော ကြေညာချက်တစ်ရပ် ပေါ်ထွက်ခဲ့လေသည်။

မြောက်ပိုင်းဒါကိုတာ၊ မွန်တာနားနှင့် ကနေဒါနယ်မြေအချို့ ပါဝင်သော ဘက်ကင်းရှေလ ရေနံသိုက်မှ ရေနံစိမ်းကို အမေရိကန်ပင်လယ်ကွေ့ ကမ်းရိုးတန်းဒေသရှိ ရေနံချက်စက်ရုံများသို့ ပေးပို့နိုင်မည့် ပိုက်လိုင်းကြောင့် ဒေသတွင်း ရေလမ်းကြောင်းများ ထိခိုက်နိုင်သည့်အခြေအနေကို လျစ်လျူမရှုရန် တောင်းဆိုသံများ ပေါ်ထွက်ခဲ့သည်။

ရေနံလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကမူ သူတို့၏ စီးပွားရေးအကျိုးစီးပွားထိခိုက်မည့်အရေးတွေးပူကာ ပြန်လည် ခွန်းတုံ့ပြန်သည်။ အိုဘားမားအစိုးရအဖွဲ့၏ လုပ်ရပ်ကြောင့် အလုပ်သမားထောင်ပေါင်းများစွာ အလုပ်ပြုတ်နိုင်သည်ဟု ဆိုသည်။

အမေရိကန်နှင့် ကနေဒါနိုင်ငံတစ်ဝန်းမှ လာရောက်ကာ ကန့်ကွက်ဆန္ဒပြသူများနှင့် ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့အကြား ရှန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

### ပြန်လည်အသက်ဝင်လာပြီ

ရေနံပိုက်လိုင်းတည်ဆောက်မှုကို အပြီးသတ်ရန် သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က မီးစိမ်းပြလိုက်ပြီဖြစ်ရာ ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်း အသက်ဝင်လာပေတော့မည်။

မစ်ဇူရီမြစ် ရေလှောင်တမံအောက်မှ ပိုက်လိုင်းသွယ်တန်းနိုင်သည့်ခွင့်ပြုချက်ကို စစ်အင်ဂျင်နီယာတပ်ဖွဲ့က သက်ဆိုင်ရာကုမ္ပဏီကို ဖေဖော်ဝါရီ ၈ ရက်တွင် ပေးအပ်ခဲ့လေသည်။

ပိုက်လိုင်းတည်ဆောက်မှုရှေ့ဆက်ရန် ထရန့်က ဇန်နဝါရီလအတွင်း စစ်အင်ဂျင်နီယာတပ်ဖွဲ့ကို ညွှန်ကြားခဲ့ပြီးနောက် ဒေသခံတိုင်းရင်းသားတို့က ဥပဒေကြောင်းအရ ဆက်လက်ရင်ဆိုင်ရန် အားခဲထားသည်။ ထိုစဉ်အတွင်း တိုင်းရင်းသားဒေသများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက်က အင်တိုက်အားတိုက် ဆန္ဒပြကန့်ကွက်ရန် စည်းရုံးလှုံ့ဆော်လျက် ရှိကြလေသည်။

ထရန့်၏ညွှန်ကြားချက်အရ ပတ်ဝန်းကျင်ဆန်းစစ်ချက်ကိုလည်း အလေးမမူ၊ ဒေသခံတိုင်းရင်းသားတို့၏ အသံကိုလည်းနားမထောင်ဘဲ ရှေ့တိုးဆောင်ရွက်မည်ဆိုပါက လူထုဆန့်ကျင်မှုနှင့်သာ ရင်ဆိုင်ရမည်ဟု အဆိုပါအဖွဲ့က ဆိုလေသည်။

ရေနံပိုက်လိုင်း ဆက်လက်တည်ဆောက်ခြင်းဖြင့် ဌာနေအမေရိကန်တို့၏ ရေဝေကြောများနှင့် မြစ်ချောင်းအင်းအိုင်များ ညစ်ညမ်းမှုနှင့် တိုင်းရင်းသားယဉ်ကျေးမှုထုံးဓလေ့များ ကွယ်ပျောက်မှု အဖြစ်မခံနိုင်သော Standing Rock Sioux လူမျိုးစုကောင်စီသည် ဝါရှင်တန်အထိ ချီတက်ဆန္ဒပြမည်ဟု ကြုံးဝါးထားလေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများအနေဖြင့် စိုးရိမ်ပူပန်ကြသည်မှာ ပိုက်လိုင်းယိုစိမ့်ခြင်းမှတစ်ဆင့် မစ်ဆူရီမြစ် ထိခိုက်နိုင်ခြင်းဖြစ်သည်။ အကယ်၍ ဘေးဥပါဒ်တစ်စုံတစ်ရာကျရောက်ပါက ယင်းမြစ်၏ မြစ်ကမ်းပါးတစ်လျှောက် မိုင်ရာပေါင်းများစွာ ညစ်ညမ်းစေနိုင်ပြီး ညစ်ညမ်းမှုကို ပြန်လည်သန့်စင်အောင်ပြုလုပ်နိုင်ရန် အခွန်ထမ်းပြည်သူတို့၏ ရန်ပုံငွေ ဒေါ်လာဘီလီယံပေါင်းများစွာ ကျခံသုံးစွဲရပေလိမ့်မည်။

Standing Rock ထိန်းသိမ်းစောင့်ရှောက်ထားသော နယ်မြေအတွက် ရေထောက်ပံ့ပေးမှုကို ရေနံပိုက်လိုင်းက ခြိမ်းခြောက်နေသည်ဟု ဌာနေအင်ဒီးယန်းတိုင်းရင်းသားတို့က ရှုမြင်ကြ၏။ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်ကာ မိမိတို့၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို လျစ်လျူရှုခံထားရသည်ဟု သူတို့ ခံစားကြရ၏။

စီးပွားရေးသမားတို့မှာ ဘယ်သူသေသေ ငတေမာပြီးရောစိတ်ဖြင့် လုပ်ကိုင်နေကြပြီး လာကိုတာမျိုးနွယ်စုဝင်များနှင့် သူတို့၏ဘိုးဘွားမိဘများ အမြတ်တနိုး တန်ဖိုးထားသည့်နေရာဒေသကို ဖျက်ဆီးပစ်နေသည်ဟု စွပ်စွဲပြစ်တင်မှုများ ပေါ်ထွက်ခဲ့လေသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် ကန့်ကွက်သံများသောသောညံခဲ့သည့် ဒါကိုတာ ပိုက်လိုင်းတည်ဆောက်မှုရပ်ဆိုင်းပေးရေး အရေးတော်ပုံမှာ မအောင်မမြင် ပျက်ပြားလေပြီလောဟု တွေးဆစရာဖြစ်ရ၏။

ဤတွင်ရွေ့ကား စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုအကြား ဒွန်မတွဲနိုင်ဘဲ လွန်ဆွဲတတ်ပုံက ထင်ရှားလှသည်။

ပိုက်လိုင်းဖြတ်သန်းသည့်နေရာသည် ၁၈၅၁ ခုနှစ် ဖို့လာရာမီစာချုပ်အရ ဒေသခံမျိုးနွယ်စု ပိုင်စိုးသောနယ်မြေဖြစ်သဖြင့် တိုင်းရင်းသားတို့၏ အလိုဆန္ဒမပါဘဲ တစ်ဖက်သတ်ပိုင်းလိုင်းတည်ဆောက်မှုကို လက်ခံစရာအကြောင်းမရှိဟု ဆိုသည်။ ၎င်းအပြင် ဌာနေအမေရိကန်မျိုးနွယ်စုတို့၏ ရှေးဟောင်းအုတ်ဂူများ ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် ငြိစွန်းသည့်လုပ်ရပ်အဖြစ်လည်း မှတ်ယူစရာရှိလေသည်။

ရေနံပိုက်လိုင်းတည်ဆောက်ကာ စျေးကွက်သို့ နေ့စဉ်ရေနံဂါလန်သိန်းပေါင်းများစွာ ပို့လွှတ်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားနိုင်သည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ဆိုကြသည်။

ဒဿနအမြင်ဖြင့် တွေးဆဆင်ခြင်ရလျှင်မူ အမိကမ္ဘာမြေမရှိလျှင် လူသားဟူ၍မရှိနိုင်၊ သို့ရာတွင် ကမ္ဘာတည်းဟူသောဂြိုဟ်သည်ကား လူသားတို့မရှိဘဲ တည်ရှိနိုင်သည်ဟူသော သဘောတရားကို ကျွန်ုပ်ရှုမြင်မိ၏။ ကျွန်ုပ်တို့လူသားတို့ကသာ ကမ္ဘာမြေပေါ် မှီတင်းနေကြရပြီး ကမ္ဘာမြေက လူသားတို့အပေါ် မှီတည်မှုမရှိပါပေ။

သို့ဖြစ်ရကား အနာဂတ်မျိုးဆက်လူသားမျိုးနွယ်တို့အတွက် ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ရပေမည်။ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတို့ကို ရှေ့တန်းတင်ပြောဆိုနေကြသည့် ယနေ့ကာလတွင် ကျွန်ုပ်တို့ မေ့လျော့ပေါ့ဆနေသည့် သဘောတရားတစ်ရပ်မှာ အမိကမ္ဘာမြေ၏ အခွင့်အရေးဖြစ်၏။


အမိကမ္ဘာမြေ၏ အခွင့်အရေး (ဝါ) Rights of Mother Earth ဟူသည်ကား 'ညစ်ညမ်းမှု' မဖြစ်ပေါ်စေဘဲ လူသားအားလုံး သန့်သန့်ရှင်းရှင်းနေထိုင်ကြရေးကို ဆိုလိုပေသည်။

ကျွန်ုပ်တို့၏မြန်မာနိုင်ငံ၌ 'သဇင်ပန်း' ကို တော်ဝင်ပန်းအဖြစ် တန်ဖိုးထားကြသည်။ သန့်ရှင်းဖြူစင်၍ ရွှေရောင်အဆင်း ဝါဝင်းသော ဝတ်ဆံပါရှိသည့် 'သဇင်ပန်း' ကို 'သန့်စင်ပန်း' ဟူ၍လည်း ခေါ်ဝေါ်ကြလေသည်။ မွန်မြတ်သည့်ပန်းသဇင်ကို သဘာဝမြတ်မိခင် ပန်ဆင်ထိုက်သည့်အခွင့်အရေးရှိသည်ဟု တွေးတောမိရင်း "ပန်းမြတ်သဇင် မြတ်မိခင် ပန်ဆင်ထိုက်သည်သို့" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# ကောလာဟလတွေအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ယခုသီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံ ပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## ချစ်သူများနေ့မှာ သယ်ဝိခ်ကန်းဒ်လိုချင်တဲ့ ဆယ်လီနာဂိုမက်ဇ်ဆီက လက်ဆောင်



မကြာသေးမီကမှ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲလာခဲ့ကြတဲ့ ဂီတကြယ်ပွင့်စုံတွဲ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့အတွက်တော့ လာမယ့် ဖေဖော်ဝါရီ ၁၄ ရက်မှာ ကျရောက်မယ့် ချစ်သူများနေ့ဟာ နှစ်ဦးသားရဲ့ အချစ်ခရီးမှာ ပထမဆုံးအကြိမ်တွေ့ကြုံရတဲ့ ချစ်သူများနေ့ပဲ ဖြစ်ပါတယ်။ အဲဒီနေ့လေးမှာတော့ အာရန်ဘီအဆိုတော်သယ်ဝိခ်ကန်းဒ်က ချစ်သူသစ်လေး ဆယ်လီနာဆီက သူလိုချစ်တဲ့ မွေးနေ့လက်ဆောင်ဟာ သီချင်းတစ်ပုဒ်ဖြစ်ကြောင်းနဲ့ အဆိုပါတေးသီချင်းကို ဆယ်လီနာကိုယ်တိုင်သီဆိုတာကို နားဆင်လိုကြောင်း ပြောကြားခဲ့တယ်လို့ အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


ပေ့ါပ်တေးသံရှင် ဆယ်လီနာရဲ့ တေးသံကသာလျှင်သူ့ရဲ့ ယခုနှစ်အတွက် အလိုချင်ဆုံးသော ချစ်သူများနေ့လက်ဆောင်ဖြစ်ပြီး အဆိုပါတေးသီချင်းကို သူတို့နှစ်ဦးရဲ့ ချစ်သူများနေ့အထိမ်းအမှတ် ညစာစားနေစဉ်အတွင်း သယ်ဝိခ်ကန်းဒ်က နားဆင်ခွင့်ရချင်တာဖြစ်ကြောင်းလည်း သိရပါတယ်။

ချစ်သူဆီက တန်ဖိုးကြီးလက်ဆောင်တွေကို မျှော်လင့်ထားခြင်းမရှိဘဲ ဘဝတစ်သက်တာလုံး အမှတ်တရရှိစေမယ့် လက်ဆောင်မျိုးကိုသာ လိုချင်ခဲ့ကြောင်းလည်း သယ်ဝိခ်ကန်းဒ်က ဖွင့်ဟခဲ့ကြောင်း သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

ဒ့ါအပြင် လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ ကောလာဟလတွေအရ လာမယ့် ဖေဖော်ဝါရီ ၁၆ ရက်မှာ အသက် (၂၇)နှစ် ပြည့်တော့မှာဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်အတွက် မွေးနေ့လက်ဆောင်အဖြစ်ပေးဖို့ ဇိမ်ခံကားတစ်စီးကိုဝယ်ယူရန်လည်း ဆယ်လီနာဂိုမက်ဇ်က ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရပါတယ်။

လာမယ့်ချစ်သူများနေ့မှာတော့ သယ်ဝိခ်ကန်းဒ်အနေနဲ့ ဘယ်လိုလက်ဆောင်မျိုးကို ချစ်သူဆီက လက်ခံရရှိနိုင်မလဲ၊ အဆိုပါလက်ဆောင်ဟာလည်း သူ့ရဲ့ဆန္ဒနဲ့ ထပ်တူကျမယ့်လက်ဆောင်မျိုးဖြစ်နိုင်ပါ့မလားဆိုတာဟာလည်း စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

## ချစ်သူနဲ့ တစ်လမ်းစီရွေ့ဆက်တော့မယ့် ရူဘီရိုစ့်



ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ရူဘီရို့စ်ဟာ လတ်တလောမှာတော့ သူနဲ့ ငါးလခန့်လက်တွဲလာခဲ့တဲ့ ချစ်သူကို စွန့်ခွာကာ ချစ်သူနဲ့ တစ်လမ်းစီ ဘဝခရီးကို သီးခြားလျှောက်လှမ်းကြဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်တယ်လို့ အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရူဘီရို့စ်ဟာ လတ်တလောမှာတော့ သူနဲ့ နောက်ဆုံးလက်တွဲခဲ့တဲ့ ချစ်သူ အကပညာရှင်နဲ့ ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဗယ်လ်ချန်မာကော့ဗ်စကီးနဲ့ လမ်းခွဲကာ တစ်လမ်းစီလျှောက်ကြဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့ ငါးလခန့်က ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ “Dancing With the Stars”မှာ စတင်တွေ့ဆုံခဲ့ကြကာ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြပြီး နောက်ပိုင်းမှာတော့ ဗယ်လ်ချန်မာကော့ဗ်စကီးရဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေနဲ့ မအားမလပ်ဖြစ်နေတာကြောင့် တစ်ဦးကိုတစ်ဦးအချိန်မပေးနိုင်ဖြစ်ကာ လမ်းခွဲကြဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက မွေးနေ့ပွဲတစ်ခုမှာအတူ တက်ရောက်လာခဲ့တာကို ပထမဆုံးတွေ့မြင်ခဲ့ရပြီး အဲဒီနောက်ပိုင်းမှာ သူတို့နှစ်ဦးဟာ အခမ်းအနားတွေကို အတူတက်ရောက်ခဲ့ကြကာ အားလပ်ရက်တွေကိုလည်းအတူ ကုန်ဆုံးလေ့ရှိတာကို တွေ့မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။

## ကူးချထားတာ မဟုတ်ပါဘူး

ပြီးခဲ့တဲ့ “ Super Bowl ”ဖျော်ဖြေပွဲမှာ လေပေါ်မှာ ပျံ့ဝဲရင်းဖျော်ဖြေခဲ့တဲ့ ပေ့ါပ်အဆိုတော်လေဒီဂါဂါရဲ့ ဖျော်ဖြေမှုဟာ ပရိသတ်အများကို အံ့အားသင့်စေခဲ့ပြီး ဟောလိဝုဒ်မီဒီယာတွေကလည်း ဂါဂါရဲ့ ဖျော်ဖြေမှုကို ရင်သပ်ရှုမောဖွယ်ဖျော်ဖြေမှုအဖြစ် ချီးမွမ်းပြောဆိုခဲ့ကြပါတယ်။ အမှန်တကယ်မှာတော့ ဂါဂါရဲ့ အဆိုပါဖျော်ဖြေမှုဟာ ကောင်းမွန်တဲ့ ဝေဖန်မှုတွေကိုချည်း လက်ခံခဲ့ရတာမဟုတ်ပါဘူး။ အချို့သော မီဒီယာတွေက လေဒီဂါဂါဟာ အခြားသော ဟောလိဝုဒ်ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ပင့်ခ်ရဲ့ ဖျော်ဖြေပုံကို ကူးချခဲ့တာဖြစ်တယ်လို့ စွပ်စွဲပြောဆိုခဲ့ကြပါတယ်။ အဆိုပါဝေဖန်သံတွေပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ ပင့်ခ်က လေဒီဂါဂါဟာ သူ့ရဲ့ ဖျော်ဖြေမှုကို ပုံတူကူးချခဲ့တယ်ဆိုတာ မဟုတ်မှန်ကြောင်း ပြန်လည်ငြင်းဆိုလိုက်တယ်လို့ အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အွန်လိုင်းမီဒီယာတွေပေါ်မှာ ပေါ်ထွက်လာခဲ့တဲ့ ဝေဖန်မှုတွေကို ပင့်ခ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ယခုလို ပြန်လည်တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ လေပေါ်မှာဝဲရင်း ဖျော်ဖြေခဲ့တဲ့ ပင့်ခ်ရဲ့ ကျော်ကြားတဲ့ “airbone” တိုက်ရိုက်ဖျော်ဖြေမှုကို လေဒီဂါဂါက တုပကူးချခဲ့တာဖြစ်ကြောင်း ဝေဖန်ခဲ့မှုတွေကို ပင့်ခ်က ယခုလိုဖျော်ဖြေတဲ့ပုံစံဟာ ပျံသန်းရင်းဖျော်ဖြေဖို့ သတ္တိရှိတဲ့ တေးသံရှင်တိုင်း လုပ်ဆောင်နိုင်တဲ့အရာဖြစ်တာကြောင့် သူ့ရဲ့ဖျော်ဖြေမှုကို ကူးချတာလို့ မဆိုနိုင်ကြောင်း အဆိုပါလူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး ပင့်ခ်က ဘောလုံးကွင်းရဲ့ အမိုးပေါ်က ဆင်းသက်ပျံ့ဝဲလာရင်း ဖျော်ဖြေရဲတဲ့ လေဒီဂါဂါရဲ့ သတ္တိကို ချီးကျူးကြောင်းနဲ့ ဒီလိုလေပေါ်မှာ ပျံ့ဝဲဖျော်ဖြေတိုင်းသာ သူ့ကို တုပတာလို့ ပြောကြမယ်ဆိုရင် လေပေါ်မှာ ပျံ့ဝဲပြတဲ့ အနုပညာရှင်တွေထဲမှာ သူကိုယ်တိုင်ဟာလည်း ပထမဆုံးလုပ်ဆောင်ခဲ့သူတော့မဟုတ်ကြောင်းနဲ့ ပီတာပန်ဖျော်ဖြေပွဲတွေမှာ လေပေါ်ဝဲရင်း ဖျော်ဖြေလာခဲ့တာ နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်ကြောင်းလည်း လေဒီဂါဂါဘက်မှ ကာကွယ်ပြောကြားခဲ့ကြောင်း သိရပါတယ်။



# ကမ်ဟွန်ဂျွန်းရဲ့ အပြန်လမ်းကို ပရိသတ်များစွာ ကြိုဆို

“Boys Over Flowers (F4)”ရုပ်ရှင်နဲ့ မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေ စတင်ရင်းနှီးခဲ့တဲ့ မင်းသား ကမ်ဟွန်ဂျွန်းဟာ လတ်တလောမှာတော့ သူ့ရဲ့ စစ်မှုထမ်းကာလတွေပြီးဆုံးခဲ့ပြီဖြစ်တဲ့အတွက် နေရပ်ကိုပြန်လာခဲ့ပြီဖြစ်ရာ သူ့ရဲ့ပရိသတ် ၁၅၀၀ခန့်က ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့၂၀၁၅ ခုနှစ် မေလအတွင်းကစတင်ပြီး စစ်မှုထမ်းခဲ့တဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်၊ အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ကမ်ဟွန်ဂျွန်းဟာ ဖေဖော်ဝါရီ ၁၁ ရက်မှာတော့ သူ့ရဲ့ စစ်မှုထမ်းကာလတွေကို အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ကမ်ဟွန်ဂျွန်းရဲ့ အိမ်အပြန်ခရီးကို သူ့ရဲ့ တောင်ကိုရီးယားနဲ့ အခြားသောနိုင်ငံတွေက ပရိသတ်တွေ လာရောက်နှုတ်ဆက်ခဲ့ကြပြီး အဆိုပါပရိသတ်တွေက ကမ်ကိုကြိုဆိုကြောင်း ဆိုင်းပုဒ်တွေ၊ ပိုစတာတွေ၊ ဓာတ်ပုံတွေကို ကိုင်ဆောင်ကာကြိုဆိုခဲ့ကြကြောင်းလည်း သိရပါတယ်။

ယခုလို စစ်မှုထမ်းကာလပြီးဆုံးတဲ့ အထိမ်းအမှတ်အဖြစ် ကမ်က “ကျွန်တော့်ကို ကြိုဆိုနှုတ်ဆက်ဖို့အတွက် ဒီလိုရာသီဥတု အေးလွန်းတဲ့အချိန်မှာ ခရီးရှည်ကြီး ဖြတ်သန်းလာခဲ့ရတဲ့ ပရိသတ်တွေကို ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် စစ်မှုထမ်းကာလတွေအတွင်း အတော်လေး ခံစားခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် တာဝန်ဆိုတဲ့အတွေးတွေက ကျွန်တော့်ကို သက်သာစေခဲ့တယ်။ နောက်ပြီး ယခုအချိန်ဟာလည်း ကျွန်တော့်ရဲ့ ကျန်ရှိနေသေးတဲ့ ဘဝတစ်ပိုင်းကို အသစ်ကပြန်စဖို့ ဒုတိယမြောက်ဘဝကို စတင်ရမယ့် အချိန်ကောင်းလည်း ဖြစ်ပါတယ်။ အမှန်တကယ်တော့ ကျွန်တော်မှာ စိုးရိမ်စိတ်တွေရှိနေသေးတာ ဖြစ်ပါတယ်။ ဒါပေမယ့် စစ်မှုထမ်းကာလအတွင်းမှာ ကျွန်တော်အကောင်းဆုံး လုပ်ဆောင်သွားနိုင်မယ့်နည်းလမ်းတွေကို စဉ်းစားခဲ့ပါတယ်။ ပရိသတ်တွေကလည်း ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ စောင့်ကြည့်အားပေးကြပါဦးလို့ ပြောချင်ပါတယ်”လို့ ဆိုခဲ့ပါတယ်။

ကမ်ဟွန်ဂျွန်းဟာ စစ်မှုမထမ်းမီက လူမှုရေးပြဿနာကြောင့် တရားရင်ဆိုင်ခဲ့ရကာ အဆိုပါဖြစ်ရပ်ကြောင့် သူ့ရဲ့ ရှေ့ဆက်ရမယ့် အနုပညာခရီးအတွက် စိုးရိမ်မှုတွေရှိနေခဲ့တာလည်း ဖြစ်ပါတယ်။



**အေးပြည့်-စုစည်းသည်**

## ဂရမ်မီဆုပေးပွဲဖိတ်စာကို လက်ခံရရှိခဲ့တဲ့ တက်ဘလို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ဂီတပညာရှင်တစ်ဦးဖြစ်တဲ့ တက်ဘလိုဟာ ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ အမေရိကန်နိုင်ငံရဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးကို တက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူလက်ခံရရှိခဲ့တဲ့ ၂၀၁၇ ခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲအတွက် ဖိတ်ကြားလွှာကို တက်ဘလိုက ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၁ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မှာ လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်ညပိုင်းမှာ ကျင်းပပြုလုပ်မယ့် (၅၉)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကြီးကို သူ့အနေနဲ့ တက်ရောက်ခြင်း ရှိ၊ မရှိကိုတော့ တက်ဘလိုက လတ်တလောအချိန်အထိ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးကြောင်းလည်း သိရပါတယ်။

ကြေးမုံ
ဖေဖော်ဝါရီ ၁၂၊ ၂၀၁၇

## မအူပင် တလုပ်လပ်အနောက်တွင် မြစ်ကမ်းပါးပြို



**မအူပင် ဖေဖော်ဝါရီ ၁၁**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နှင့် နီးကပ်လျက်ရှိသည့် မအူပင်တံတားအနီး တလုပ်လပ် အနောက်ကျေးရွာအုပ်စု၊ အလယ်ပိုင်း ၂ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြားတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျလျက်ရှိပြီး ဆည်မြောင်းတာနှင့်အလွန်နီးကပ်လျက်ရှိကြောင်းသိရသည်။

အဆိုပါဆည်မြောင်းတာသည် မိုးရာသီတွင် စိုးရိမ်ဖွယ်ရှိပြီး ယခုမြစ်ကမ်းနှင့် ၅ ပေခန့်သာကွာဝေးကာ တာအတွင်းလူနေအိမ်နှင့် ပေ ၃၀ ခန့်အကွာတွင် မြေသားအက်ကြောင်းများဖြစ်ပေါ်နေသဖြင့် ဆည်မြောင်းတာ ကြံ့ခိုင်မှုရှိရေးနှင့် မြစ်ကမ်းပြိုမှုထိန်းသိမ်းရန် မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မွန်အမျိုးသားနေ့အခမ်းအနား မြို့နယ်အဆင့်(ဗဟို)အား ပေါင်မြို့နယ်၌စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပေါင် ဖေဖော်ဝါရီ ၁၁**
အကြိမ် (၇၀) မြောက် မွန်အမျိုးသားနေ့ အခမ်းအနား မြို့နယ်အဆင့်(ဗဟို)ကို ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် အရှေ့တိုက်ကျောင်းဘုရားဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်အမျိုးသားတို့၏ ပထမဟံသာဝတီမြို့ပြနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သော တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ်သတ်မှတ်ခဲ့သည်။ယင်းကို အထိမ်းအမှတ်ပြု၍ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ရောက်တိုင်း မွန်လူမျိုးများနေထိုင်ရာ မွန်ပြည်နယ်နှင့်အခြား ပြည်နယ်နှင့်တိုင်း မြို့နယ် ရပ်ကွက်၏ ကျေးရွာအသီးသီးတွင် မွန်အမျိုးသားနေ့ကို ကျင်းပခဲ့သည်မှာ ယခုနှစ်တိုင် အကြိမ် (၇၀) မြောက်ပြီးဖြစ်သည်။

မွန်စာပေနဲ့ယဉ်ကျေးမှု အနုသုခမ ဓလေ့ထုံးတမ်းတွေကို ဖော်ထုတ်ထိန်းသိမ်းပြီးမျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းအမွေပေးသွားရန်နှင့် မွန်မျိုးချစ်စိတ်ရှင်သန်ရေးနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်မှုရှိစေရန် အကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ဖြစ်မြောက်ရေး ကော်မတီများထံမှ သိရသည်။

အခမ်းအနား အထိမ်းမှတ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက် ည ၇ နာရီမှစ၍ မြို့နယ်အတွင်းရှိ ပြိုင်ပွဲဝင် မွန်ရိုးရာယိမ်းအကများ၊ ကလေးပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများက စတင်ယှဉ်ပြိုင်ကပြပြီး တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ နံနက် ၇ နာရီတွင် မွန်အလံတင်အခမ်းအနားနှင့် အလေးပြုအခမ်းအနားကို ပြုလုပ်ပြီး အားကစားပျော်ပွဲရွှင်ပွဲများဖြစ်ကြသော ပိုက်ကျော်ခြင်း၊ တာဝေးအပြေးပြိုင်ပွဲ၊ ချောတိုင်တက်၊ ကျား/မ ဆန်ကောရွက်၊ မုန့်ကိုက်ပြိုင်ပွဲ၊ ကျား/မ လွန်ဆွဲပွဲ၊ ကလေးမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ စက်ဘီး၏ဆိုင်ကယ် အနှေးစီးပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဆုရရှိသူများကို တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ ညမွန်အမျိုးသားနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## ရပ်ကွက်/ကျေးရွာလူမှုအခြေပြုဗဟိုဌာန ဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေး

**ဒလ ဖေဖော်ဝါရီ ၁၁**
ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့အစည်းများနှင့် အခြားပြင်ပအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် အများပြည်သူနှင့် သက်ဆိုင်သော အချက်အချာကျသည့် နေရာဖြစ်ပေါ်စေရေး၊ သတင်းအချက်အလက်များ ရရှိစေရေးနှင့် လူမှုရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရပ်ကွက်/ကျေးရွာ လူမှုအခြေပြုဗဟိုဌာန (Community Centre) ဖြစ်ပေါ်စေရေး အသိပညာပေးနှီးနှောဖလှယ် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။





အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်က နှုတ်ခွန်းဆက် စကားပြောကြားခဲ့သည်။ ယင်းနောက် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှနွယ်က လူမှုအခြေပြုဗဟိုဌာန (Community Centre) ဖြစ်ပေါ်ရေး အသိပညာပေးနှီးနှောဖလှယ်ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ရာ ရပ်ကွက်/ကျေးရွာအတွင်း ပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးလုပ်ငန်းများ၊ အစည်းအဝေးများ ပြုလုပ်နိုင်သည့် နေရာဖြစ်စေရေး၊ မိမိတို့၏ ထင်မြင်ယူဆချက်များ၊ ထောက်ပံ့မှုများကို ပြည်သူများနှင့် တွေ့ဆုံ၍ ဆောင်ရွက်နိုင်သည့် နေရာဖြစ်စေရေး၊ အသင်းအဖွဲ့များ၏ လူမှုရေးကိစ္စရပ်များ စုစည်းဆက်သွယ်နိုင်သည့် နေရာဖြစ်စေရေးအတွက် အသိပညာပေးပြောကြားခဲ့ပြီး ပြည်သူများမှ ရပ်ရွာလူမှုအခြေပြုဗဟိုဌာန (Community Centre) ကို သိရှိပြီး အသုံးပြုကြရန် တက်ရောက်လာကြသော တာဝန်ရှိသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ စာရေးဆရာများ၊ သတင်းစာဆရာ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်များမှ အပြန်အလှန် နှီးနှောဖလှယ် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ လူမှုအခြေပြုဗဟိုဌာန (Community Centre) လိုအပ်လျက်ရှိသည့်ငွေကျပ် တစ်သိန်းသုံးသောင်းတန်ဖိုးရှိ လက်ဆွဲဆောင်းဘောက်ကို ဦးသန်းဝင်း-ဒေါ်သန်းကြင်တို့မှ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဦးစီးမှူး ဒေါ်လှလှနွယ်အား ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **နိုင်လင်းကျော်(ဒလ)**

## သူတစ်ပါးထိခိုက်မှုအာမခံနှင့် အလုံးစုံ မော်တော်ယာဉ် အာမခံလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြောပွဲပြုလုပ်

**မင်းဘူး ဖေဖော်ဝါရီ ၁၁**
အာမခံအကြောင်းသိကောင်းစရာဟောပြောပွဲကို မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်မောင်းလိုင်စင် သင်တန်းခန်းမတွင် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း၊ တိုင်းဒေသကြီးတာဝန်ခံက သူတစ်ပါးထိခိုက်မှုအာမခံနှင့် အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်းများအကြောင်း၊ အာမခံထားရှိခြင်း၏ အကျိုးကျေးဇူးနှင့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

သူတစ်ပါးထိခိုက်မှုအာမခံမှာ စက်တပ်ယာဉ်ဖြင့် မတော်တဆထိခိုက်ခြင်းကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူ၊ ပစ္စည်းပျက်စီးဆုံးရှုံးသူများအတွက် ဥပဒေတွင် ပေးလျော်ရန် ပေါ်ပေါက်နိုင်သည့်တာဝန် တစ်ရပ်ရပ်ကိုအာမခံထားခြင်းဖြင့် အများပြည်သူများအား အကာအကွယ်ရအောင် သူတစ်ပါးထိခိုက်မှုအာမခံထားရှိရန်လိုအပ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ယာဉ်မောင်းလိုင်စင်လျှောက်ထားသည့် သင်တန်းသား သင်တန်းသူများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **ညီညီမောင်(မကွေး)**



## နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်ဖြင့် မီးငြှိမ်းသတ်ခြင်းသရုပ်ပြပွဲများပြုလုပ်

**မိုးကောင်း ဖေဖော်ဝါရီ ၁၁**
ကချင်ပြည်နယ် မိုးကောင်းမြို့မစည်ပင်သာယာဈေး၏ နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မီးငြှိမ်းသတ်ခြင်း ပူးပေါင်းသရုပ်ပြပွဲအား ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးကောင်းမြို့မဈေး၌ ပြုလုပ်ခဲ့ကြောင်းသိရသည်

အဆိုပါ မီးငြှိမ်းသတ်ခြင်း ပူးပေါင်းသရုပ်ပြပွဲအား စည်ပင်သာယာဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊မီးသတ်ဦးစီးဌာန၊ ဈေးသူ ဈေးသားများပါဝင်ပြီး မီးသတ်ကားဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်းတို့ကို ဈေးသူ ဈေးသားများမှ လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြခဲ့ကြောင်းသိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**
စစ်ကိုင်းတိုင်းအတွင်းရှိကျေးရွာများ ဟန်ချက်ညီညီ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားများနှင့်ရေပေးဝေရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးခဲ့ရာ လုပ်ငန်းများအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အများပြည်သူ နွေ၊ မိုး၊ ဆောင်း ကာလများတွင် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရုံးပင်ကန်-ဝက်သားပုတ်လမ်း ကျောင်ချောခင်းခြင်းအတွက် ကျပ်သန်း ၂၇ ဒသမ ၆၆၉ သန်း၊ ကျော်ဇေယျာ- အုန္နဲပင်လမ်း ကျောက်ချောခင်းခြင်းအတွက် ကျပ်သန်း ၂၇ ဒသမ ၆၆၉ သန်း၊ မအူပင်-ပဲကတိုးလမ်း မြေသားခင်းခြင်းအတွက် ကျပ်သန်း ၁၇ ဒသမ ၁၄ သန်း၊ သာဇင် - ဘူးစင်ပင်လမ်း ကျောက်ချောခင်းခြင်းအတွက် ကျပ်သန်း ၂၃ ဒသမ ၄၂၄ သန်း၊ နုံးတွင်း - လယ်ကြီးလမ်း ကတ္တရာ ၂၇ ဒသမ ၅၇ တန်အတွက် ကျပ်သန်း ၁၈ ဒသမ၂၇၃ သန်း၊ ထန်းတောဆိပ်ကျေးရွာလမ်း မြေသားခင်းခြင်းအတွက် ကျပ်သန်း ၁ ဒသမ ၉၆၀ သန်း၊ ညောင်ပင်ရှည်ရွာအဝင်လမ်း မြေသားခင်းခြင်းအတွက် ကျပ်သန်း ၁၂ ဒသမ ၆၀၀ သန်း၊ ကင်း -ထုံးဘိုလမ်း ကျောက်ချောခင်းခြင်းအတွက် ကျပ်သန်း ၈ ဒသမ ၈၇၃ သန်း၊ မောင်းထောင် - ညောင်ပင် ဝန်းလမ်းကျောက်ချောခင်းခြင်းအတွက် ကျပ်သန်း၈၃ သန်း၊ ထန်းတောဆိပ်-မင်းရွာလမ်း မြေသားခင်းခြင်းအတွက် ကျပ်သန်း ၂၁ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများအပါအဝင် ကျေးလက်လမ်းတံတား၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေ တိုးတက်ရရှိစေရေးတို့အတွက် မြစိမ်းရောင်စီမံကိန်းများဖြင့်လည်း ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **ဇော်မြင့်နိုင်**

## ပြည်နယ်အတွင်းရှိတိုက်ပွဲရှောင်မိသားစုများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ငွေများပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်မိသားစုများ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မိသားစုဝင်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေထူထောင်ပြီးရရှိလာသည့် အတိုးအမြတ်များကို အရင်းမပျောက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် အရင်းမပျောက် မတည်ငွေများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က တိုက်ပွဲရှောင်မိသားစုဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေများပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြစ်ကြီးနားခရိုင်အတွင်းရှိ ဂျာမိုင်း ကောင်း RC စစ်ရှောင်စခန်း၊ လယ်ကုန်းဗက်လင်စခန်း၊ ရွှေစက်နှစ်ခြင်းစခန်း၊ စီတာပူဆွတ်ဝိုင်တောင်၊ ပလနကက်သလစ်စခန်း၊ ဝိုင်းမော်လော်ဝေါ်နှစ်ခြင်းစခန်း၊ မြို့မနှစ်ခြင်းစခန်း၊ ဖားကန့်မြို့နယ် နမ့်မဖြစ်နှစ်ခြင်းစခန်း၊ ရပ်ကွက်(၅)ကက်သလစ်စခန်းနှင့် ဗန်းမော်မြို့နယ် ဖန်းခါးကုန်းစခန်း မိသားစုဝင်များအတွက် ငွေကျပ်သိန်း ၅၀ စီနှင့် မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြကျေးရွာ၊ မိုင်းနား RC ဖွံ့ဖြိုးရေးခြံ၊ ကက်သလစ်စခန်းတို့နှင့် ဗန်းမော်မြို့နယ် ဗီ၂၀၀၀ စခန်း၊ ရောဘတ်စခန်းများရှိ မိသားစုဝင်များအတွက် ငွေကျပ် ၇၅ သိန်းစီနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၇၅၈၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာစခန်းတာဝန်ခံများက လက်ခံရယူပြီး တိုက်ပွဲရှောင်မိသားစုဝင်များကိုယ်စား ငွေပျော်စံပြကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကချင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိစာရင်းအရ တိုက်ပွဲရှောင်စခန်း ၉၄ ခု၊ အိမ်ထောင်စု ၇၈၇၈ စုနှင့် လူဦးရေ ၃၈၃၄၁ ဦးရှိပြီး ယခုနှစ်ဇန်နဝါရီလတွင် ဆဒုံးနှင့် ဝိုင်းမော်မြို့နယ်ရှိ စခန်းတချို့တွင် အိမ်ထောင်စုများ ထပ်မံပြောင်းရွှေ့လာရာ ပြည်နယ်အစိုးရအဖွဲ့မှ စားဝတ်နေရေးအတွက် ထောက်ပံ့မှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**



## အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ADB Project လုပ်ငန်းအား အချိန်မီပြီးစီးရေးဆောင်ရွက်

**အောင်လံ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ADB Project ဖြင့် ဆောင်ရွက်လျက်ရှိသော (၆၆/၁၁) ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ ထပ်မံတိုးချဲ့တည်ဆောက်နေမှုအပါအဝင် လုပ်ငန်းများအား ဖေဖော်ဝါရီ ၆ ရက် နံနက်က တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ "(၆၆၀၀) ဗို့အားစနစ်မှ (၁၁၀၀၀) ဗို့အားစနစ်ကို ပြောင်းပြီး လိုအပ်တဲ့နေရာတွေမှာ ထရန်စဖော်မာတွေ တည်ဆောက်မယ်။ (၄၀၀) ဗို့နဲ့ (၁၁၀၀၀)ဗို့ ဓာတ်အားလိုင်းကြိုးများ ဆိုဒ်မပြည့်လို့ ဝန်အားနိုင်နင်းမှုမရှိဘဲ ပြတ်ကျတာမျိုးတွေ မရှိအောင်လည်း ကြိုးတွေ လဲလှယ်သွားမှာဖြစ်ပါတယ်။ ခုလိုဆောင်ရွက်ရတာ အောင်လံမြို့မှာရှိတဲ့ မိဘပြည်သူတွေ လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်စွာ သုံးစွဲနိုင်ရေးနဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ အနေဖြင့်(၁၁/၀ ဒသမ ၄)ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ ၇၇ လုံး တိုးချဲ့တည်ဆောက်ရမည်ဖြစ်ရာ ၆၉ လုံး တည်ဆောက်ပြီးဖြစ်၍ ၈၆ ဒသမ ၆၁ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး (၄၀၀)ဗို့ ဓာတ်အားလိုင်းများအား လျှပ်ကာ (Insulated Cable) ကြိုးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ၄၀ ကီလိုမီတာ လဲလှယ်ရာတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ သစ်သားတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းမှာ တိုင် ၁၀၅၀ လဲလှယ်ရာတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ အောင်လံဓာတ်အားခွဲရုံတွင် (၆၆/၁၁) ကေဗွီ (၁၀)အမ်ဗွီအေ ခွဲရုံတိုးချဲ့တည်ဆောက်ခြင်း၊ (၁၁၀၀၀) ဗို့ဓာတ်အားလိုင်း ၁၈ ဒသမ ၉ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို အန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီပြီးစီးရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကျေးရွာပြည်သူများအား အသိပညာပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု အလယ်မော်ဖောင်းကျေးရွာ မနက်ခင်းဈေးရှိ ကျေးရွာပြည်သူ့ခန်းမ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘူဂါးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီမှ လက်ထောက်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်းမျိုးသူက ဟောပြောပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး ဒေါ်ဇင်မာလွင်က စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်သုံးစွဲမှုဥပဒေ၊ လျှပ်စစ်ကျွမ်းကျင်မှု မှတ်ပုံတင်ထုတ်ပေးထားသူများအား လျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်ခွင့်ပေးထားမှုများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စက်မှုလုပ်ငန်းလုပ်ဆောင်မှုကြီးကြပ်ခြင်းတို့အားလည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းလာက လျှပ်စစ်မီးသုံးစွဲခြင်းလုပ်ငန်းနှင့်ပက်သက်၍ အန္တရာယ်မရှိစေရေးအတွက် ဝါယာကြိုးသွယ်တန်းထားမှုစနစ်၊ ဆွေးမြည့်ဝါယာကြိုးဟောင်းများအား သုံးစွဲခြင်းကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှု ဖြစ်နိုင်ခြေများအားလည်းကောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံများအားလည်းကောင်း၊ ဘူးဂါးလျှပ်စစ်မှ လက်ထောက်ဘဏ္ဍာရေးမှူး ဦးလယော်က လျှပ်စစ်မီးပေါ့ဆခြင်းကြောင့် မီးလောင်မှုဖြစ်စဉ်များတွင် ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်မှုများနှင့် ဘူးဂါးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီမှ ဖြန့်ဖြူးရေး ဒုတိယမန်နေဂျာ ဦးအောင်မြတ်က ဘူးဂါးလျှပ်စစ်ကုမ္ပဏီမှ မြစ်ကြီးနားမြို့နယ်အတွင်းတာဝန်ယူကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် လျှပ်စစ်မီးကြိုးများ၊ လျှပ်စစ်ပစ္စည်းများအား ပေါ့ဆစွာသုံးစွဲခြင်းကြောင့် ဓာတ်လိုက်၍ သေဆုံးမှုများနှင့် မီးလောင်မှုဖြစ်စဉ်များအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားပြီး ဘူးဂါးလျှပ်စစ်ကုမ္ပဏီမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ပြီး အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ရေကြီးနစ်မြုပ်ဧရိယာများတွင် လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေး လိုအပ်ချက်များဖြည့်ဆည်း

**ကလေး ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရေကြီးနစ်မြုပ်ဧရိယာများရှိ စိုက်ပျိုးမြေများတွင် လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဦးသူရစိုး (ညွှန်ကြားရေးမှူးဥယျာဉ်/ဇီဝ) စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် ရုံးချုပ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၆ ရက်က ကွင်းဆင်း၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းရာတွင် ရေကြီးနစ်မြုပ်မှုကြောင့် တုံးဖယ်၊ ကိုင်းမြက်ထူထပ်၍ မစိုက်ပျိုးနိုင်သည့်ဧရိယာများအနက် ထောက်ကြန့်ကျေးရွာအုပ်စု ကွင်းအမှတ် (၈၀၅/စပြင်)၊ တောင်သူငါးဦး၏ လယ်ယာများသို့သွားရောက်ကွင်းဆင်းပြီး ဧရိယာဧက ၂၀ တွင် စိုက်ပျိုးထားသည့် နေကြာစံပြကွက်တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ စိုက်ပျိုးစနစ်မှန်ကန်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အားဆေး၊ ကြွက်သတ်ဆေးများကို တတ်စွမ်းသမျှကူညီပေးလျက်ရှိကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ သာစည်ကျေးရွာအုပ်စုမှ ဆောင်းသီးနှံ၊ မြေပဲ၊ နေကြာသီးညှပ်စိုက်ခင်းတွင် နေကြာစပ်မျိုးကို တစ်ကြိမ်သာစိုက်ပျိုးရန်နှင့် နေကြာသားခွဲခြင်းလုပ်ငန်းဆောင်ရွက်ရန်၊ မြေပဲဆင်းပဒေသာ (၁၁) ကို ခြံများမှရယူစိုက်ပျိုးရန် ဆွေးနွေးမှာကြားခဲ့ပြီး သာစည်ကျေးရွာအုပ်စု ချင်းဆိုင်ကျေးရွာတောင်သူ ဦးမောင်တင့်၏ နေကြာရေဆင်းစပ်မျိုး(၁) မျိုးထုတ်ကွက်တွင် မျိုးစေ့ချမှုကို အားပေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ကလေးခရိုင်ဦးစီးမှူးရုံး၌ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်သူများနှင့် ညှိနှိုင်း၍ ကြိုးစားဆောင်ရွက်ကြရန်၊ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာနေထိုင်ကြရန် မှာကြားခဲ့သည်။ ကလေးမြို့နယ်တွင် မိုးစပါး ဧက ၅၀၊ ဆောင်းနေကြာရေဆင်းစပ်မျိုး(၁)၊ မျိုးစေ့ထုတ် ဧက ၅၀ နှင့် ဆင်းပဒေသာ (၁၁) မျိုးသန့်ပွားများရေးဆောင်ရွက်ပြီး ကလေးခရိုင်တွင် မျိုးသန့်ပွားများရေးအစီအစဉ်အရ Seed Grower Association (SGA) ရောမင်းစပါးမျိုး ၈၉ ဧက၊ ဆောင်းသီးနှံတွင် နေကြာဆင်းရွှေကြာ (၂) ၁၁ ဧက၊ မြေပဲဆင်းပဒေသာ (၁၁) ၁၂ ဧကဆောင်ရွက်ပြီးဖြစ်ရာ ကလေးခရိုင်တွင် SGA အနေဖြင့် စပါးဧက ၂၀၀၊ နေကြာ ၅၅ ဧက၊ မြေပဲဧက ၂၀ စုစုပေါင်းဧက ၂၇၅ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှု

**မောက်မယ် ဖေဖေါ်ဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းဦးဆောင်သောအဖွဲ့နှင့် လင်းခေးခရိုင်ဦးစီးမှူး ဦးမျိုးဇော်၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် အင်ဂျင်နီယာများလိုက်ပါပြီး ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများနှင့်ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးရေးကို ဖေဖော်ဝါရီ ၇ ရက်က လင်းခေးခရိုင် မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု ဖာစန်း-ပုန်းအောင် အမှတ်(၁) ကွန်ကရစ်တံတား (၁၇ ပေ×၁၄ ပေ× ၆ ပေ) အား ကျပ် ၁၀၂ သိန်းဖြင့် ဆောက်လုပ်ပြီးစီးမှုအားလည်းကောင်း၊ လွိုင်ကောင်-ပန်းတန်-ပန်တခွား ကျေးရွာချင်းဆက်ကျောက်ချောလမ်း ၅၄၈၄ ပေအား ၇၇၉ သိန်းဖြင့် Sky Dragon ကုမ္ပဏီကလည်းကောင်း၊ ဟိုနမ့်-အောင်သုခ-ပြင်သာယာ-ထီတခေါ့ ကျေးရွာချင်းဆက်ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံအား ၉၇ ဒသမ ၃၇၅ သန်းဖြင့် Golden Maukmai ကုမ္ပဏီကလည်းကောင်း ကျောက်ချောလမ်းခင်းခြင်း စသည့်လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့စေရေး အချိန်မီပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းအရည်အသွေးပြည့်မီစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလမ်းများအား ပြီးစီးသွားပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာနေတိုင်းရင်းသားလုပ်သားပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့ကြပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**




EMBODYING THE ENTIRE PHILOSOPHY OF
SKYACTIV TECHNOLOGY CLEARLY MAZDA CX-5
THE OVERACHIEVER OF ITS CLASS
mazda
CX-5
30% DOWNPAYMENT ONLY!
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY


မြန်မာတို့အတွက်
ရွှေဒေါင်း
SHWE DAUNG CIRCUS
14 FEBRUARY, 2017 to 30 APRIL, 2017
VALENTINE'S DAY OPENING SHOW - TUESDAY, 14 FEBRUARY 2017 SHOW AT - 8PM
THURSDAYS & FRIDAYS 8PM
SATURDAYS & SUNDAYS 11AM 3PM 8PM
PEOPLE'S PARK ပြည်သူ့ရင်ပြင်
DHAMMAZEDI ENTRANCE ဓမ္မစေတီဝင်ပေါက်
BOOK NOW THROUGH WAVE MONEY!
TELENOR (FREE OF CHARGE) (CALL 900)
OTHER OPERATORS: 097 9000 9000
MYANMARCIRCUS.COM
CIRCUS TICKET BOOTH OPEN DAILY FROM 9AM TO 8PM
@SHWEDAUNGCIRCUSMM @SHWEDAUNG_CIRCUS
wave money
YOMA BANK
FOREVER GROUP
NOVOTEL
synapse


သွေးအချိုဓာတ်ကို Glucerna နှင့် အကောင်းဆုံး အနေအထားတွင် ထိန်းထားပါ။
Glucerna
No.1 Doctor Recommended Brand in USA*
ဆီးချိုသွေးချိုရောဂါရှင်များအနေဖြင့် သွေးအချိုဓါတ်၊ သွေးပေါင်ချိန်နှင့် ခန္ဓာကိုယ်အလေးချိန်တွေကို ပုံမှန်အနေအထားရောက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ တက်ကြွလှုပ်ရှားသော ဘဝနေထိုင်မှုပုံစံနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာတို့ကို စားသုံးခြင်းတို့အပြင် Glucerna ကို သောက်သုံးခြင်းက သင့်ရဲ့ဆီးချိုသွေးချိုရောဂါကို အကောင်းဆုံးအနေအထားတွင် ထိန်းထားရန်ကူညီပေးပါသည်။
Glucerna သည် ဆီးချိုသွေးချိုရောဂါရှိသူများအတွက် ထူးခြားကောင်းမွန်သော အာဟာရဖြစ်ပြီး Triple Care System ဖြင့် ထုတ်လုပ်ထားသောကြောင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။
သွေးအချိုဓာတ်ကို နည်းပါးစေခြင်း
နှလုံးကျန်းမာရေးအကျိုးပြုစေခြင်း
ကိုယ်အလေးချိန် ထိန်းသိမ်းပေးခြင်း**
*Market research by Rothstein-Tauber, Inc. 2015
Distributed By PAHTAMA
Abbott Nutrition Careline 01-8551428 09 260 35 62 62
Abbott

## (35)Ephfynf aus;mufpd;&wk*Fvmq;awmif;vTm

ကျောက်တန်းမြို့နေ **ချစ်ဖေဖေ ဦးဝင်းအောင်**(တရားလွှတ်တော်ရှေ့နေ)နှင့် **ချစ်မေမေ ဒေါ်ခင်မြင့်ရည်**[လ/ထမန်နေဂျာ(ငြိမ်း) မြန်မာ့ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း(ရုံးချုပ်)]တို့၏ ၁၂-၂-၂၀၁၇ ရက်တွင်ကျရောက်သော (၃၅)နှစ်ပြည့် ကျောက်စိမ်းရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချမ်းသားများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ပြီး ပြည့်စုံသည့်ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားကြီး -ကိုဝေယံဦး B.Sc(Maths).DIT.DTSM.BMWARE**
**ဒု-လဝကမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်။**

**ချစ်သားလတ်-ကိုဝေဖြိုးအောင် B.Sc(Chemistry)**
**Ocean Grow Agency Co.,Ltd**

**ချစ်သားငယ် -ကိုသူရိန်ဝင်း(ဖိုးသဲ) B.Sc(Physics)**
**Ocean Grow Agency Co.,Ltd**

## (28)Ephf;rmu&wk*Fvmrs S a&Twkpef&wkvkdif;tmif r*Fvmq;awmif;

ချစ်ဒယ်ဒီ **ဦးဝင်းနိုင်**(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ချင်းပြည်နယ်)-ချစ်မာမီ **ဒေါ်ခင်မိုးမြင့်**(J.A.T၊အ. ထ. က-၄၊ ဗိုလ်တထောင်)တို့၏ **၁၂-၂-၂၀၁၇**ရက်တွင် ကျရောက်သည့် (၂၈)နှစ်ပြည့်မှ မင်္ဂလာနှစ်ပတ်လည်ပေါင်းများစွာကို သက်ရှည်ကျန်းမာစွာဖြင့် သားတို့သမီးတို့နှင့်အတူ ပျော်ရွှင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သားကြီး -ဒေါက်တာဖြိုးမောင်မောင်-M.B.,B.S(Ygn)**
**-Business Development Manager**
**(Sandar Myaing Co.,Ltd)**
**-မချယ်ရီစိုး B.Sc(Botany)**
**-Director, Shield Express Delivey Service**

**ချစ်သမီးငယ် -မဖြိုးအိဝင်းမောင် B.Med.Tech(Physiotheraphy)**
**(GREEN LIFE PHYSIOTHERARY AND REHABILITATION CLINIC)**

## (29)Ephf;ynf;vuf;kyf*vmq;kef;vTm

မော်လမြိုင်မြို့၊ ဈေးကြီး၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီးနေ **ပါးပါးဦးထင်ကျော်(လင်းကြည်ပွဲရုံ)-မာမားဒေါ်စန်းစန်းဝင်း(Shirley)[အထပြ(ငြိမ်း)]**တို့၏ **၁၂-၂-၂၀၁၇**ရက်တွင် ကျရောက်သော (၂၉)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် မင်္ဂလာနှစ်တစ်ရာတိုင်ပါစေ။

**ချစ်သားများ ။ ။ဒေါက်တာ အောင်ဇော်ဇော်ဖြိုး @ Alex Aung Phyo**
**(ခေတ္တMelbourne,Australia)**
**B.D.S(Ygn), Master of Public Health (Mahidol University, Bangkok)**
**2nd Year,M.Sc,Epidemiology (University of Melbourne,Australia)**
**ဒေါက်တာရဲဝင်းလျှံ M.B.,B.S(Ygn)**
**ဦးစီးအရာရှိ၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်။**





မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့်
Ph: 09-770639155
09-770639166

WEC WISDOM Education Centre
IGCSE, Pre-IGCSE
Special Classes
အမှတ်(၁၁၅)၊ ၄လွှာ၊ သိမ်ဖြူလမ်း၊ တာမွေအိုင်းအနီး၊ တာမွေ၊ ရန်ကုန်။ Ph: 09 798437782, 09 960707130 ။

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
Box ကား
09-450042704
09-250095116
09-420096296

"ပိုင်စံ" (မြန်မာစာ)
နွေရာသီ မြန်မာစာ စာစီစာကုံး သင်တန်း
၅-တန်းမှ ၁၀-တန်းအထိ
မတ်လ (၈) ရက်နေ့ စမည်။
ကျောင်းအပ်လက်ခံနေပြီ။
၁။ အမှတ်- (20) 4 လွှာ(A)၊ ဝါးခယ်မလမ်း၊ စမ်းချောင်း။
ဖုန်း-၀၉-၄၀၀၄၀၃၈၀၆၊ ၀၉-၇၉၅၅၁၉၃၈
(သင်တန်းလက်ခံချိန် -10:00 AM to 6:00 PM)
၂။ ဘုရင့်မ ပညာဗိမာန် - အမှတ် (၃၀) ပထမထပ် (ဝ) ၃၉-လမ်း (လယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၃၅၀၀၃၅၄
(သင်တန်းလက်ခံချိန် -4:00 PM to 7:00 PM)

EVER UP HUMAN RESOURCES INSTITUTE
Malaysia University of Science and Technology (MUST) မှ တိုက်ရိုက်ပေးအပ်ချီးမြှင့်သည့်
Master of Business Administration (MBA) ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း
EVER UP Human Resources Institute
MUST Malaysia University of Science and Technology

MBA
2017, March Intake (ENROLL NOW !!!)
Class : Sunday Only
Duration : 15 Months
Verification Number : MQA/FA 1199 (http://www2.mqa.gov.my/mqr/)

ကုန်ကျစရိတ်အသင့်အတင့်သာရှိပြီး နိုင်ငံတကာအသိအမှတ်ပြု မလေးရှားအစိုးရ (MQA) ၏ အရည်အသွေးစစ်မှန်မှုအာမခံချက်ရရှိထားသော MBA ကို
Malaysia University of Science and Technology (MUST) ၏ INTERNATIONAL LECTURERS များနှင့် EVER UP မှ နိုင်ငံတကာအဆင့်ရှိ ထိပ်တန်းဝါရင့်ဆရာ/မ များပူးပေါင်းသင်ကြားမည်။
ဝင်ခွင့်သတ်မှတ်ချက် - ဘွဲ့ရ (သို့မဟုတ်) ABE UK QCF Level-6 Diploma Holder
လျှောက်လွှာပိတ်ရက် - ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်
EVER UP နှင့် MUST တို့မှ STUDY GRANT USD 1000 ပေးအပ်ချီးမြှင့်ပါမည်။ သင်တန်းကြေးကို မြန်မာကျပ်ငွေဖြင့်သာပေးသွင်းရပါမည်။
အသေးစိတ်သိရှိလိုပါက-Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon, Myanmar. Tel : 01-256523, 09 444 777 901 ~ 903
Facebook : www.facebook.com/everup33.HRI, E-mail : info@everup33.com, Website : www.everuphrinstitute.com.mm




SAR PANN AEIN
ဒေါက်တာကျော်ဇော + ဒေါ်ငယ်မျိုးမြင့် B.Sc(Chem:)
စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း မြင်ဦးလွင်မြို့
စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း (ရုံးချုပ်)
အမှတ် (၁၄၄)၊ R/A.III၊ မြို့ပတ်လမ်း၊ အ.ထ.က (၄) အနီး၊ ပြင်ဦးလွင်မြို့။
E-mail:office@sarpannaein.com
website:www.sarpannaein.com
Facebook: https://www.facebook.com/SarPannAein
ဖုန်း-၀၈၅-၂၂၃၉၀၊ ၂၃၃၂၈၊ ၂၁၇၂၆၊ ၂၀၇၂၇၊ ၂၁၇၂၈
၂၀၁၆ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ
၂၀၁၆ တက္ကသိုလ်ဝင်တန်းတင်ပေးပွဲဂုဏ်ထူးရှင်များ
ဘာသာစုံ ဂုဏ်ထူးရှင် .......... ၁၃ ဦး
၅ ဘာသာဂုဏ်ထူးရှင် .......... ၂၁ ဦး
၄ ဘာသာဂုဏ်ထူးရှင် .......... ၃၃ ဦး
၃ ဘာသာဂုဏ်ထူးရှင် .......... ၂၈ ဦး
၂ ဘာသာဂုဏ်ထူးရှင် .......... ၃၉ ဦး
၁ ဘာသာဂုဏ်ထူးရှင် .......... ၅၃ ဦး
ရိုးရိုးအောင်မြင်သူများ .......... ၂၈၃ ဦး
စုစုပေါင်းအောင်မြင်သူများ .... ၄၇၀ ဦး
မတ်လတန်းခွဲများ ကို
မတ်လ (၆)ရက် နေ့ (တနင်္လာ)
နှင့် မေလ တန်းခွဲများ ကို
မေလ (၈)ရက် နေ့ (တနင်္လာ)
တွင် စတင်သင်ကြားပါမည်။


Lilly's
Cook With Confidence
ထုံးကြည်မှုနှင့် ချက်ပြုတ်ဖို့
လီလီ ထုံးကြစို့ ...
အချိုမှုန့် မပါတဲ့
ကြက်သားမှုန့်
ဗလာမပါ ငွေသားကံစမ်းမဲ
ကျပ် ၁၀၀ မှ ၁၀၀၀၀ အထိ
(၁၇)ဂရမ် အထုပ်သေး
(၂၄)ထုပ်ပါသည့် အထုပ်ကြီးတိုင်းမှာ
ထည့်ပေးထားပါတယ်။
17g x 24 sachets
CHICKEN POWDER


အဖူးအငုံ အခက်တို့ အဆူးဂုဏ်တက်ဖို့ . . .
ပန်းဝေဆာ
သို့ လှမ်းကြစို့ . . .
We Teach From Our Heart
(၉/၁၀) ဘာသာစုံသင်တန်း နှင့် လေ့ကျင့်ရေး ဘော်ဒါဆောင်
နေရာ - အမှတ် (၆၇၄)၊ လောဝီတာလမ်း (၁) သမိန်ဗရမ်းလမ်း၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၅၀၈၈၅၅၃၊ ၀၉-၇၉၅၅၂၁၈၈၂


MYANMAR NOBLE COLLEGE
edexcel Approved Centre No.93711
HND Courses (Engineering , Business & Computing)
Pre-Foundation Course
Hot Line : 01-2331257, 09-780639577


STANDARD
your affordable quality
နှစ်သစ်အကျိုး ကျွန်းအခြင်း လက်ဆောင်
အထူး ကြမ်းခင်းပြား
Healthy ION Wood Floor
Healthy ION Vinyl Floor
Special Offers
Skirting
အပြီးအစီး လက်ဆောင်
Decorated Materials Sales & Installations
အမှတ် B1-012, ဗညားဒလ လမ်းမပေါ်၊ ယုဇန ပလာဇာ အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်
☎ 09 4555 444 30, 09 4555 444 03


ရွှေမှုန်းမြလောင်
အမှတ်တံဆိပ်
TMR-007525(0614)
အကြောပြေ မျက်စိကြည်ဆေး
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်
ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက်
အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၇၄


1 book
2 fly
3 experience
Singapore
အခွန်အခပါအပြီး ရန်ကုန်-စင်္ကာပူ
တစ်ကြောင်းစာ usd ၆၃*
28 Feb 2017 မတိုင်မီလက်မှတ်ကြိုတင်ရယူပြီး 2 Mar 2017 မှ 30 July 2017 အကြားခရီးနှင်လိုက်ပါ။
tigerair.com
follow us
download your Tigerair app now
Google play
App Store
contact your local agent
+95 9 2500 12928
+95 9 4500 50898
tigerair

ကြော်ငြာ


## သားကြီး ရွှေဟန်း ဗုဒ္ဓဂယာ ဘုရားဖူး

အကောင်းဆုံးဝန်ဆောင်မှု စေတနာမေတ္တာ ကြည်နူး သိကောင်းစရာနှင့် ဘေးရန်ကင်းကွာ ခရီးစဉ်တိုင်းမှာ အဆင်ပြေပြေ ပို့ဆောင်ပေးမှာ "သားကြီး" ပါ။

၂၉.၃.၂၀၁၇ တန်ခူးလဆန်း ၂ရက် ဗုဒ္ဓဟူးနေ့မှ ၁၅ရက် ခရီးစဉ်ရှိသည်ဖြစ်၍ အချိန်မီ စာရင်းပေးသွင်းရန် ဖိတ်ခေါ်ပါသည်။ ကိုသားကြီးကိုယ်တိုင် ပို့ဆောင်ပေးပါမည်။



ဆက်သွယ်ရန်။

အမှတ် ၂၈/၂၉ အခန်း -၀၂၂(၃)လွှာ၊ ဗဟိုလမ်း၊ ၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

Ph - 09 425311370, 09 778671506

GOLDEN STAR

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

FORWARD

ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)

09259259180

09259259181

09259259182

အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100

707062, 09 797100100

ရွှေလမ်းညွှန်

37000Ks

75000Ks

Feb 24

09-420087371, 09-262705136, 09-259302029

GW 0973226006 0973133528 0973077569

အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ အိမ်အမှတ်(၈)နေ ဦးတင်ဝင်းအောင်-ဒေါ်တင်တင်မြင့်တို့၏သား၊ မတင့်အိန္ဒြေလှိုင်၏အစ်ကို၊ မောင်တင်ကိုခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၇)လမ်း၊ အိမ်အမှတ်(၃၃)နေ ဦးခင်ထွေး-ဒေါ်သန်းသန်းနွဲ့တို့၏သမီး၊ ကိုဂျွန်-မလှလှမျိုး၊ ကိုဇင်မျိုး-မစုမြတ်နှင်းချိုတို့၏ညီမဖြစ်သူ မသင်းမြတ်မွန်တို့သည် ၉-၂-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်

မောင်တင်ကိုခန့်နှင့် မသင်းမြတ်မွန်


Star Zone Travels & Tours "မြန်မာ့နှစ်သစ်ကူးမှာ ကမ္ဘာမြေမှာ ဘာထူးလဲလေ့လာဖို့ STAR ZONE နဲ့အတူခရီးသွားစို့"

*** ဖေဖော်ဝါရီ (၁၅)ရက်နေ့မတိုင်မီ ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Special Discount များရယူလိုက်ပါ ***

Ph: 01 230 15 11, 230 15 22, 09-97 05 06 707. Hot Line: 09-79 50 19 555

Min San Eain Travel & Tours Co., Ltd. 09-5044271, 09-259259153 09-259259154

ထွက်မည့်ရက် - Feb 17, 24 Mar 1, 3, 10, 17, 24

| | |
|---|---|
| + တောင်ကြီး-အင်းလေး-ပင်းတယ | Hotel (2)N -150000/- |
| + မန္တလေး-ပြင်ဦးလွင်-ဒီးဒုတ်ရေပြာအိုင် | Hotel (1)N -100000/- |
| + ပုဂံ(စွယ်တော်လေးဆူ)-ညောင်ဦး-ပုပ္ပါး | Hotel (1)N -100000/- |
| + အလောင်းတော်ကဿပခရီးစဉ်-မုံရွာ | Hotel (2)N -150000/- |
| + ထားဝယ်(ရှင်ကိုးရှင်)-မောင်းမကန် | Hotel (2)N -170000/- |
| + ပေလီကမ်းခြေခရီးစဉ် | Guest (1)N - 75000/-, (2)N -100000/- |

Car Rental Service (45, 33, 14, 7) Seaters

မှူး၊ လယ်၊ ထက် ~ ပထဝီ၊ ဇီဝ၊ သိပ္ပံ ~ သင်ရိုးပါအားလုံး

မတ် (၂) ရက် စ မည်။

No: ၆၀၊ ၁၃လမ်း၊ စံပြအိမ်ရာ၊ လမ်းမတော်မြို့နယ်။ 09 5144 172

ကြည်စိုး I.C သင်တန်း 09 5104041

အိမ်ခြံမြေသင်တန်းတက်ထားရင် ပွဲစားတော့ပွဲစား ဒါပေမဲ့ဆရာကြီး

Professor ဒေါက်တာယတြာလေဒီ

Ph.D( Tantra & Sastra )(Kol-India)

0950-10735, 0973-207174, 377990

မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၁၇

MYANMAR INTERNATIONAL FURNITURE EXPO 2017

Original Product Award

၂၀၁၇၊ ဖေဖော်ဝါရီလ ၁၆ မှ ၁၉ ရက်နေ့အထိ

Feb 16 to 19 - 2017

( event organizer )

ဓာယ

စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်။

Ph: 09 450649641, 73494451, 5018522.






# ပင်လုံမြို့၌ ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်မည်

**တောင်ကြီး ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့်နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့်ငြိမ်းချမ်းရေးစကားဝိုင်း တို့သို့ တက်ရောက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဟဲဟိုး လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဆက်လက် တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**



ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ငြိမ်းချမ်းရေးစကားဝိုင်းတို့သို့ တက်ရောက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟဲဟိုးလေဆိပ်မှ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ မြို့သူ မြို့သားများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ (သတင်းစဉ်)

# ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သားသမီးများနှင့် ဆွေမျိုးတော်စပ်သူများ၏ ရင်တွင်းစကားသံများ

နှစ်ပေါင်းများစွာ စည်ကားမှုနည်းပါးခဲ့သည့် အရပ်ဒေသလေးက အခုရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများကြောင့် လှုပ်လှုပ်ရှားရှားစည်ကားနေသည်။ အချိန်ကာလများရွေ့လျားမှုနှင့်အတူ အနီးပတ်ဝန်းကျင်တွင် မြို့ကျက်သရေဆောင် ရွှေတိဂုံပုံတူစေတီတည်ထားကိုးကွယ်ထားမှုကြောင့် ထိုနေရာလေးက ပို၍ ဂုဏ်ကျက်သရေနှင့်ပြည့်စုံနေသည်။

ထိုနေရာကား ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်က လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်မ၊ တောင်တန်းတိုင်းရင်းသားခေါင်းဆောင်များ နိုင်ငံလွတ်လပ်ရေးရယူရန်အတွက် ပြည်မ၊ တောင်တန်းပူးပေါင်းရေးသဘောတူညီမှု ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ရှမ်းပြည်နယ် ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်ကွင်းနေရာပင်ဖြစ်သည်။

အဆိုပါ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့်နေရာတွင် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည်ဖြစ်ပြီး အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည်ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သားသမီးများနှင့် ဆွေမျိုးတော်စပ်သူများကို ဖိတ်ကြားခဲ့သည့်အတွက် ပင်လုံမြေသည်ကား နှစ် ၇၀ အကြာတွင် ပြန်လည်အသက်ဝင်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သားသမီးများနှင့်ဆွေမျိုးတော်စပ်သူများ၏ ရင်တွင်းစကားသံများက ဤသို့ ဤပုံ-

**လူထုကိုယ်စားလှယ် ဦးထွန်းမြင့်၏ ဒုတိယသမီး ဒေါ်ခင်စောမြင့်**

အဘွားက လင်းခေးမှာနေတာပါ။ အသက် (၉၀)ရှိပါပြီ။ ပင်လုံညီလာခံလုပ်တုန်းက အသက်(၂၀)ပဲရှိသေးတယ်။ အဲဒီတုန်းက အဖေပြောပြတာက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အားလုံးပင်ပင်ပန်းပန်းဒုက္ခရောက်ခဲ့တဲ့အကြောင်း၊ ပင်လုံစာချုပ်ကို ချုပ်ဆိုဖို့အတွက် စည်းရုံးရတဲ့အကြောင်းတွေကို ပြောပါတယ်။ အဘွားလည်း မြင်တာ တွေ့ရှိပါတယ်။ အဲဒီတုန်းက ပင်လုံစာချုပ်ကြီးချုပ်ဆိုနိုင်တဲ့အတွက် တော်တော်ဝမ်းသာကြတယ်။ ရှမ်း၊ ဗမာဘာမှ ခွဲခြားမှုမရှိတော့ဘူးပေါ့။ တစ်ပြည်လုံးလွတ်လပ်ရေးရတော့ မယ်ဆိုတော့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

# နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနား (ပင်လုံ)နှင့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် ပင်လုံမြို့၌ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ "ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း" "Panglong Peace Talk" အစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MRTV Facebook Page၊ Myanmar State Counsellor Office Facebook Page၊ MITV၊ MNTV၊ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❍


ရွှေပြည်နန်း သနပ်ခါး

" ဝက်ခြံ မိတ်ကင်း ရနံ့သင်း၊ မွှေးကြိုင်လန်းဆန်း ရွှေပြည်နန်း "



ဒေါ်တင်ခမရီ
(ကျောင်းဆရာမဟောင်း)

**ဒေါ်တင်ခမရီ (ကျောင်းဆရာမဟောင်း)၊ အမှတ် ၁၇ (ဥလွှာ) ချမ်းသာလမ်း၊ စမ်းချောင်း။**



**ထပ်ဆင့်ထောက်ခံအပ်ပါသည်**
**ဒေါ်ဥမ္မာဝင့်သက်ပိုင် (Candy Girls Cosmetics)၊ ရန်ကုန်။**

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးကဏ္ဍ

ဖေဖော်ဝါရီ ၁၂၊ ၂၀၁၇ (တနင်္ဂနွေနေ့)



## မေဂျိုးငယ်

B.A(International Relation)

ကျွန်မကို လူသားမဆန်ဘူးပဲပြောပြော မိခင်စိတ်မရှိဘူးဘဲဆိုဆို။ ကျွန်မရဲ့ ရင်တွင်း ဝေဒနာကို ကျွန်မတစ်ဦးတည်းသာ သိပါတယ်။ ကျွန်မတို့လို မိန်းမသားတွေရဲ့ ဘဝဆိုတာ ဖော်ပြခွင့်မရှိတဲ့ဒဏ်ရာတွေ ကိုယ်စီရှိကြပါတယ်။ ဒဏ်ရာအထပ်ထပ်နဲ့ နေသားကျအောင် ဖြတ်သန်းနေကြရတာပါ။

ကျွန်မအသက် ခုနစ်နှစ်အရွယ်မှာ ကျောင်းနေချင်စိတ် တဖွားဖွားပေါ်လာခဲ့တယ်။ မောင်နှမ ခြောက်ယောက်မှာ အကြီးဆုံးဖြစ်တဲ့ကျွန်မ မောင်ငယ်၊ ညီမလေးတွေအတွက် အမေကို အိမ်အလုပ် ဝိုင်းကူရုံကလွဲလို့ တခြားဘာမျှော်လင့်ချက်မှ မထားနိုင်ခဲ့ပါ။

အမေရောင်းတဲ့ ကောက်ညှင်းပေါင်းအိုးလေးကို မီးကူထိုးပေးရင်း အသက် ဆယ်နှစ်အရွယ်မှာတင် ဘယ်သူ့အကူအညီမှမလိုဘဲ ကောက်ညှင်းပေါင်း ကောင်းကောင်းပေါင်းတတ်နေပြီ။

အမေ မနက်ခင်းဈေးရောင်းသွားချိန် အိမ်မှုကိစ္စနဲ့ ကောက်ညှင်းပေါင်း နောက်တစ်အိုးပေါင်းဖို့က ကျွန်မတာဝန်ပေါ့။ ဗိုက်ဆာလို့ငိုနေတဲ့ မောင်လေး၊ ညီမလေးတွေကို တစ်ပန်းကန်စာပဲရှိတဲ့ ထမင်းကြမ်းကို ဆီနဲ့နယ်ကာ မောင်လေး ညီမလေးတွေကို ကျွေးကာ အငိုရပ်စေရတာလည်း ကျွန်မ တာဝန်တစ်ခုပါ။

ကျွန်မအောက်က အငယ်ကောင် စိန်လှ ဆို အသက် ကိုးနှစ်ပဲရှိသေးပေမယ့် ရေခပ်၊ ထင်းခွဲ ကူဖော်လောင်ဖက်ရလေပြီ။ မောင်လေး စိန်လှက စာသိပ်တော်တယ်။ တစ်နေ့ အမေက ကျွန်မကို ထူးထူးဆန်းဆန်း စကားတွေလာပြောတယ်။

"အေးမ သမီးမောင်လေး စိန်လှကို အမေ မွေးစားဖို့ပေးလိုက်တော့မယ်"

"ဟင်. . ."

အာမေဋိတ်သံတစ်လုံးသာ ကျွန်မ နှုတ်က ထွက်သွားပြီး အမေ့ကို ဘာပြန်ပြောရမှန်း မသိခဲ့ဘူး။ ကျွန်မစိတ်ထဲ တစ်မျိုးကြီးပဲ မောင်လေးကိုခွဲရမယ်ဆိုတဲ့အသိက ပူလောင်စေတာတော့အမှန်။ အိမ်နီးချင်းတွေဆိုတာလည်း ကျွန်မတို့လို လက်လုပ်လက်စားတွေပါ။ သူတို့က ကျွန်မကို လာနှစ်သိမ့်ပေးကြတယ်။

"အေးမရယ် နင့်မောင်လေးဘဝ ကောင်းစားဖို့ပဲ။ ခုမွေးစားမယ့် သူဌေး လင်မယားက ချမ်းသာတယ်။ နင့်မောင်လေးကို ပညာတတ်ကြီးဖြစ်အောင် လုပ်ပေးမယ်တဲ့"

ကျွန်မ ဘာမှပြန်မပြောဘဲ ဆွံ့အနေခဲ့မိတယ်။ အမေ ဘာမှမဖြစ်သလိုနေနိုင်တာ ကျွန်မ အံ့ဩနေမိတယ်။ ကျွန်မတို့ မောင်နှမတွေက တစ်နှစ်ကြီး တစ်နှစ်ငယ်တွေပါ။

ကျွန်မ အေးမပြီးတော့ မောင်လေး စိန်လှ၊ ရွှေမ၊ ထွေးလှ၊ အေးလှနဲ့ မောင်လေး ချစ်ပို အားလုံးပေါင်း ခြောက်ယောက်။ အဖေက ကျွန်မ ရှစ်နှစ်သမီးအရွယ်မှာ ဆုံးတယ်။ အမေတစ်ယောက်တည်း ကျွန်မတို့ကို မနိုင်ဝန်ထမ်းပေးလာတာဆိုတော့ အမေ့ကိုလည်း အပြစ်မပြောရက်ပါဘူး။

အဲဒီနေ့လေးကို ကျွန်မ ဘယ်တော့မှ မေ့မည်မဟုတ်။ မောင်လေး စိန်လှကို မွေးစားဖို့လာခေါ်တဲ့ နေ့လေးပေါ့။ မောင်လေး စိန်လှကို ကားအမြင့်ကြီးတစ်စီးက လာခေါ်တယ်။ မောင်လေးစိန်လှ ငိုလိုက်တာ တအားပဲ။ ကျွန်မလက်ကို ဆုပ်ကိုင်ထားရင်း မျက်ရည်များကြားက ပြောရှာတယ်။

"အစ်မ အေးမရယ် အမေ့ကို ပြောပေးပါဦး။ သားမရှိရင် ဘယ်သူက ရေခပ်ပေးမှာလဲ။ ဘယ်သူ ထင်းခွဲပေးမှာလဲ။ ညီလေးကို ဘယ်သူကထိန်းပေးမှာလဲ။

ကျွန်မဆီ ငိုပြီးပြေးလာလိုက် အမေဆီ ငိုပြီးပြေးသွားလိုက်နဲ့ မောင်လေး စိန်လှကို ကျွန်မသနားလိုက်တာ။

"အမေရယ် သား ထမင်းအများကြီး မစားတော့ပါဘူး။ အမေ ရောင်းမကုန်တဲ့ ကောက်ညှင်းပေါင်းပဲ စားပါမယ်။ သား အမေတို့နဲ့ မခွဲနိုင်ဘူး။ သားကို မရောင်းစားပါနဲ့ အမေရယ်"

မောင်လေးစိန်လှအသံတွေပင် ဝင်နေပြီ။ အမေကတော့ မောင်လေး စိန်လှကို တစ်ချက်မှ လှည့်မကြည့်ခဲ့ပါဘူး။ သူဌေး လင်မယားပေးတဲ့ ငွေထုပ်လေးကိုကိုင်ကာ တွေတွေကြီးရပ်နေပါတယ်။

သူဌေးမက မောင်လေးစိန်လှကို အလွန်ကြင်နာသောအသံဖြင့် ခပ်တိုးတိုးလေး ပြောနေတယ်။

"သားလေးရယ် မေမေနဲ့လိုက်ခဲ့ပါ။ ဆုံးသွားတဲ့ မေမေ့သားလေးနဲ့ တူလွန်းလို့ပါ။ သားလေးကို ကျောင်းလည်းထားပေးမယ်။ အဝတ်စားအသစ်တွေနဲ့ အစားအစာတွေ အများကြီးပေးမယ်နော်"

သူဌေးမက ပြောပြောဆိုဆို မောင်လေး စိန်လှကို ကားပေါ်သို့ဆွဲတင်ကာ ကားတံခါးကို ပိတ်လိုက်သည်။ အမေ့ကိုလည်း စကားလှည့်ပြောလာတယ်။

"အစ်မကြီးစိတ်မပူနဲ့နော်၊ အစ်မကြီး သားလေးကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်မှာပါ။ အစ်မကြီးသာ ကလေးကို လာမတွေ့ပါဘူးဆိုတဲ့ ကတိလေးသာတည်ပေးပါ။ ကလေးသံယောဇဉ်မပြတ်မှာစိုးလို့ပါ"

မှာစရာရှိတာများမှာပြီး သူဌေးမရဲ့ ကားလေး ကျွန်မမြင်ကွင်းရှေ့က ထွက်ခွာသွားပါတယ်။

ဝူးခနဲ ထွက်သွားသော ကားနောက်သို့ မောင်လေး၊ ညီမလေးများငိုကာ ပြေးလိုက်နေကြတယ်။ မမီမှန်းသိမှ ငိုကျွေးကာ ပြန်လှည့်လာကြပါတယ်။

အဲဒီနေ့ညနေက အမေ ကျွန်မတို့ မောင်နှမတွေကို ကြက်သားဟင်းချက်ကျွေးတယ်။ မောင်လေးနဲ့ ညီမလေးတွေက ငယ်လွန်းတော့ ဘာမှမသိရှာဘူး။ စားကောင်းလွန်းလို့ ခေါင်းတောင်မဖော်နိုင်ရှာဘူး။ ကြက်သားဟင်းဆိုတာ ကျွန်မတို့လိုလူတွေအတွက်တော့ အိပ်မက်ထဲက ဟင်းလျာတစ်ခုပါ။

မောင်လေးကိုရောင်းရတဲ့ငွေနဲ့ ချက်ပြုတ်ထားတဲ့ ဟင်း ကျွန်မ မစားရက်ခဲ့ပါဘူး။ အမေကတော့ အငယ်လေးတွေ အားပါးတရ စားနေတာကြည့်ပြီး ပြုံးနေခဲ့ပါတယ်။

အမေ ဘာတွေတွေးနေလဲ ကျွန်မ စဉ်းစားလို့မရခဲ့ပါ။ တစ်နေ့မှာ အမေ့ခံစားချက်တွေကို ကျွန်မနားလည်ခွင့်ရလိမ့်မယ်ဆိုတာလည်း မသိခဲ့ပါဘူး။ ဒီလိုနဲ့ ကျွန်မ အသက် (၁၃) နှစ်အရွယ်မှာ မြို့က အိမ်တစ်အိမ်မှာ အိမ်အကူလုပ်ခွင့် ရခဲ့ပါတယ်။

အမေက ကျန်းမာရေးသိပ်မကောင်းတော့ဘူး။ စိတ်ကြောင့်ထင်ပါရဲ့ အမေ သူ့သားကိုမွေးစားတဲ့ တိုက်ကြီးရှေ့ကို အရိပ်လေးမြင်ရနိုးနိုးနဲ့ ကောက်ညှင်းပေါင်း ရောင်းဟန်ဆောင်ပြီး သွားတတ်တာ ညနေ ကောက်ညှင်းပေါင်း ရောင်းမကုန်တာပဲ အဖတ်တင်တယ်။

ကျွန်မနဲ့အတူ ညီမလေးထွေးလှလည်း မြို့မှာ အလုပ်လာလုပ်နေတယ်။ အိမ်ချင်းတော့ မတူဘူးပေါ့။ ကျွန်မနဲ့ ညီမလေး ပို့ပေးတဲ့ငွေက မလုံလောက်ခဲ့ပါဘူး။ ကျွန်မတို့ရဲ့ လုပ်အားခတစ်ဝက်သာ ပွဲစားလက်က တစ်ဆင့် အမေ့ဆီရောက်တာလေ။ ပွဲစား အဒေါ်ကြီးကိုလည်း မပြောရဲဘူး။ အလုပ်ပြုတ်ဖို့က သူ့လက်ထဲမှာပဲရှိတာ။

ဒီလိုနဲ့ ပညာတတ်တွေပြောပြောနေတဲ့ အရွယ်မတိုင်ခင် အိမ်ထောင်ပြုခြင်းဆိုတဲ့ စကားအဓိပ္ပာယ်လည်း ကျွန်မတို့ နားမလည်ခဲ့ပါဘူး။ ဒီလိုနဲ့ အသက် (၁၅) နှစ်အရွယ်မှာ ကျွန်မအိမ်ထောင်ကျပါတယ်။

အမေလည်း ကျွန်မအိမ်ထောင်ကျတဲ့ နှစ်မှာ ဆုံးသွားရှာတယ်။ ညီမလေးတွေလည်း အသက် (၁၄) နှစ်မှာ အမှီရှာကုန်ကြတယ်။ မောင်လေးချစ်ပိုလည်း အိမ်နီးချင်းတွေ အကူအညီနဲ့ စိန်လှမွေးစားတဲ့ သူဌေးတွေ လက်ထဲ ထည့်ပေးလိုက်တယ်ပဲ ကြားလိုက်ရတယ်။

ကျွန်မယောကျ်ားလည်း လုပ်ငန်းခွင်မတော်တဆမှုနဲ့ ဆုံးတဲ့အချိန်ဆိုတော့ ညီမလေးတွေပြန်ပြောမှ မောင်လေး ချစ်ပို အကြောင်း သိခဲ့ရတာပါ။

ဒီလိုနဲ့ ကလေး လေးယောက်နဲ့ ကျွန်မ တစ်ဝမ်းတစ်ခါးအတွက် အမေ့အမွေဖြစ်တဲ့ ကောက်ညှင်းပေါင်းအိုးလေးက ကျွန်မရဲ့ အသက်ရှင်သန်မှုအတွက် အဓိက စီးပွားရေးဖြစ်လာခဲ့ပါတယ်။ ကျွန်မ အသက် (၃၀) ပင် မပြည့်သေးသော်လည်း အမယ်ကြီးအိုရုပ်ပေါက်နေပြီ။ လောကဓံရဲ့ ထုထောင်းမှုတွေကြောင့်ပေါ့။

ဒီလိုနဲ့ အခက်အခဲပေါင်းစုံကြားမှာ ရှင်သန်နေတုန်း ကျွန်မသားလေးကို မွေးစားဖို့ လာတောင်းကြတယ်လေ။ ဟိုးအရင် အချိန်က အမေ့ကိုနာကြည်းမိခဲ့ပေမယ့် ခုတော့ အမေ့ရဲ့ခံစားချက်တွေကို ကျွန်မ အပြည့်အဝ နားလည်ခဲ့ပါပြီ။

အမေက သူ့သားသမီးတွေကို ပညာတတ်ကြီးဖြစ်အောင် သူမပေးနိုင်တဲ့ ပြည့်စုံတဲ့ဘဝတစ်ခုဆီကို တွန်းပို့ပေးခဲ့တာပါ။ သူ့နှလုံးသားလေးကို အကြွေခံပြီးတော့ပေါ့။

ခုဆို ကျွန်မသားလေးကိုလည်း ကားအမြင့်ကြီးက လာခေါ်နေပါပြီ။ ကျွန်မလည်း အမေ့တုန်းကလို တွေတွေကြီး ရပ်နေမိပါတယ်။ မျက်ရည်လား။ ကျွန်မ မကျတော့ပါဘူး။ ကျွန်မရဲ့ ရယ်တတ်ငိုတတ်တဲ့ နှလုံးသားလေးကို ကျွန်မကိုယ်တိုင် ရောင်းထုတ်လိုက်လို့ပါ။

■■■

## (၁၀၂) နှစ်ပြည့်မွေးနေ့သို့

ဗိုလ်ချုပ်အသက်ရှင်သေးရင်ပေါ့
(၁၀၂)နှစ်ပြည့်မွေးနေ့ပွဲလေးဟာ
သောင်းသောင်းဖြဖြနဲ့
လှမှာသေချာတယ်။
မြန်မာပြည်ကြီးကလည်း
ကလပ်ပေါ်က ယမင်းရုပ်လေးလို
ကမ္ဘာ့အလယ်မှာ ဝင့်သထက်ဝင့်နေမှာ
သေချာတယ်။
ဗိုလ်ချုပ်စိတ်ထား
ဗိုလ်ချုပ်လုပ်ရပ်
ဘယ်သူမှ မလေးစားဘဲ
မနေနိုင်ဘူး။
စကားပြောကြမ်းချင်ကြမ်းမယ်
အရိုးခံစိတ်ရင်းက ရင်ထဲအပြည့်
တိုးတက်စေချင်တဲ့ မေတ္တာတရားက
အထင်းသား
စည်းကမ်းမရှိရင် ဖာနိုင်ငံဖြစ်မယ်တဲ့
ဗိုလ်ချုပ်ရဲ့ ကရုဏာစကား
လေးစားလိုက်နာစရာကောင်းရဲ့။
ကျောင်းသားသမဂ္ဂခေါင်းဆောင်
အိုးဝေမဂ္ဂဇင်းအယ်ဒီတာ
အသက်ငယ်ပေမယ့်
ထမ်းရွက်ခဲ့တဲ့တာဝန်တွေက
သမိုင်းမှာဖျောက်ဖျက်မရ
ထာဝစဉ်ဦးညွှတ်မိရ။
ဗိုလ်ချုပ်မရှိတော့ပေမယ့်
ဗိုလ်ချုပ်က ပြည်သူတွေ
ရင်ထဲမှာရှိနေပါတယ်
ဗိုလ်ချုပ် (၁၀၂)နှစ်ပြည့်
မွေးနေ့လက်ဆောင်
ပြည်သူတွေ ဘာပေးမှာလဲ။
လုပ်ရပ်တိုင်း
ဝါယမစိုက်ထည့်မယ်ဆိုတဲ့
စိတ်ဓာတ်လေးတွေ၊
စည်းကမ်းရှိရှိ
အပြုအမူလေးတွေ၊
ဆင်ခြင်ဉာဏ်ရှိရှိ
အတွေးအခေါ်အယူအဆတွေ၊
လူတိုင်းပွားစည်းလိုက်ရင်ကို
တမလွန်ကဗိုလ်ချုပ်
ပြုံးပြုံးကြီးကြည့်နေမှာ
သေချာပါတယ်။ ။

**ပိုင်(ဆေး-၁)**
နောက်ဆုံးနှစ် အပိုင်း(ခ)၊
ဆေးတက္ကသိုလ်-၁ ရန်ကုန်

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# နေရာနှင့် နံပါတ်အစွဲများမရှိသော ဘောလုံးတစ်သင်း

## မေနွယ်စိုး(မြန်မာစာ)

"မင်းတို့အသင်း အုပ်စုတက်လား မောင်လေး"ဟု ကျွန်မကမေးလိုက်သောအခါ မောင်လေးက ခေါင်းကို ဖြည်းညင်းစွာခါယမ်းသည်။ ချွေးသီးချွေးပေါက်များ၊ မြေမှုန်များကပ်ငြိလျက်ရှိသော မောင်လေး၏မျက်နှာတွင် ခံပြင်းစိတ်၊ မကျေနပ်စိတ်များ ထင်ဟပ်လျက်။ ကုလားထိုင်ပေါ်ဝယ် ခြေပစ်လက်ပစ်ထိုင်ရင်း အဝေးတစ်နေရာကို အဓိပ္ပာယ်မဲ့စွာငေးမောလျက်။

အမှန်တော့ မောင်လေးတို့ဘောလုံးအသင်း ရှုံးနိမ့်ကြောင်းကို တိုးတက်နေသော ခေတ်နှင့်အညီ ဖုန်းဆက်ထား၍ ကျွန်မသိနှင့်ပြီးဖြစ်သည်။ မောင်လေးတို့အသင်း အပါအဝင် ကျွန်မတို့ရွာမှ အသင်းသုံးသင်းစလုံး အုပ်စုအဆင့်ကိုပင် မကျော်ဖြတ်နိုင်ခဲ့ကြ။ ကျွန်မတို့ရွာ၏ အနောက်ဘက် ဖျောက်ဆိပ်ပင်ရွာတွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရပ်ရွာပေါင်းစုံဘောလုံးပြိုင်ပွဲကို နှစ်စဉ်ကျင်းပပါသည်။ ရွာပေါင်းဆယ်ရွာ ဝင်ရောက်ယှဉ်ပြိုင်နေကျဖြစ်ပြီး ကျွန်မတို့ရွာအသင်းသည် မကြာခဏ ချန်ပီယံဖြစ်သောအသင်းဖြစ်သည်။ လက်ရှိတွင်လည်း နှစ်နှစ်ဆက်တိုက် ထိုပြည်ထောင်စုဒိုင်းကို ရရှိထားသည်။ ယခုနှစ်တွင်တော့ ရွာသူရွာသားများ စိတ်ဝမ်းကွဲလာကြသည်။ "သူ့သားက ရှေ့တန်းက ကစားရတယ်" "သူ့သားက ဘယ်နံပါတ်ကို ဝတ်တယ်" "ငါ့သားကျ အရန်ကစားရတယ်"စသည်ဖြင့် စိတ်ဝမ်းကွဲကြတော့သည်။ သူတို့၏ စိတ်တွင် ဒိုင်းဆုရရှိရေးက အဓိကမဟုတ်တော့။ ကိုယ့်သားသမီးကို စိတ်တိုင်းကျကစားစေနိုင်ရေး၊ နံပါတ်လှလှ စိတ်ကြိုက်ဝတ်ဆင်နိုင်ရေးကို အထူးပြုလာကြသည်။

မိဘများ စိတ်ဝမ်းကွဲခြင်းထက် ကစားသမားများ စိတ်ဝမ်းကွဲခြင်းက ပိုဆိုး၏။ တစ်ချိန်က နားလည်မှု၊ ညီညွတ်မှုအပြည့်နှင့် အမြဲလေ့ကျင့်ကစားခဲ့ကြသော ကစားသမားချင်း သူသိငါတတ် ငြင်းခုံလာကြသည်။ တစ်ချိန်က ရွာ၏ဘောလုံးသမားဟောင်း ကိုပြေသိန်း၏ လမ်းညွှန်မှုနည်းပြမှုအောက်တွင် တစ်သဝေမတိမ်း လိုက်နာကစားခဲ့ကြသော ကစားသမားချင်း စိတ်ဝမ်းကွဲလာကြသည်။ နည်းပြစကားကိုလည်း နားမထောင်ကြတော့။ ဤသို့ဖြင့် နှစ်စဉ်နီးပါး ဗိုလ်လုပွဲတက်နိုင်ခဲ့သော ကျွန်မတို့ရွာအသင်းသည် အချင်းချင်းစိတ်ဝမ်းကွဲ၍ သုံးသင်းခွဲကာ သွားပြိုင်ကြသည်။ ကျွန်မမောင်လေးမှာလည်း မြောက်ကြွမြောက်ကြွ။ သူကြိုက်သည့်နံပါတ် (၇) ကို ဝတ်ဆင်ခွင့်ရကာ ကပ္ပတိန်လက်ပတ်ကြီး တကားကားနှင့်။ "ငါ့မောင်ရယ် မင်းကစားတတ်တာ နောက်တန်း၊ မင်းက အခု အလယ်တန်းတက်ဆော့မလို့လား"ဟု ကျွန်မက ပြောသောအခါ "ဟာ မမကလည်း ရှေ့တန်းတိုက်စစ်မှူးဗျ၊ ရှေ့တန်းကဆော့မှာ။ ကိုပြေသိန်းက နောက်တန်းက ချည်း ဆော့ခိုင်းခဲ့လို့ နောက်တန်းကစားသမားဖြစ်နေတာ"ဟု မောင်လေးကပြန်ပြောပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်မတို့ရွာအသင်း ချန်ပီယံဖြစ်ခဲ့သည့် နှစ်နှစ်ဆက်တိုက် စလုံး မောင်လေး၏နောက်တန်းကစားပုံကို ဘေးရွာသားများကပင် ချီးကျူးရသည်။ အကောင်းဆုံးကစားသမားဆုကိုပင် ရှေ့တန်းကစားသမားများကို ကျော်ဖြတ်၍ မနှစ်က ရခဲ့ဖူးသည်။ သို့သော် စိတ်ဝမ်းကွဲသော ရောဂါ၊ ယုံကြည်ချက်ကွဲလွဲသောရောဂါက ကျွန်မ မောင်လေး ကိုပင် အမြစ်တွယ်နေခဲ့လေပြီ။

ဤသို့ဖြင့် ကိုပြေသိန်းဦးစီးနည်းပြသည့်အသင်း ကျွန်မမောင်လေး ဦးဆောင်သည့်အသင်း ကျန်သူများ စုပေါင်းဖွဲ့စည်းထားသည့်အသင်းဟူ၍ ကျွန်မတို့ရွာမှ သုံးသင်းပေါ်ပေါက်လာသည်။ ရွာအသင်း၏ ပင်ကိုအမည်မှာ ညီညွတ်ရေးဟူသည့်အမည်ပင်ဖြစ်သည်။ ယခုတော့ ထိုအမည်ကို ကိုပြေသိန်းတို့ကဆက်ခံ၍ အခြားနှစ်သင်းက အမည်တစ်မျိုးစီဖြင့် စာရင်းသွင်းကြသည်။ ဝတ်စုံ၊ ဆေးဝါး၊ လိုက်ပါအားပေးမည့်ပရိသတ်များကို ကူညီပို့ဆောင်သည့်ကား စသည်တို့ကို ထောက်ပံ့သူများကလည်း ကိုယ်နှင့်ဆက်နွယ်သည့် အသင်းသားမျက်နှာကိုသာကြည့်၍ ကူညီကြတော့သည်။ ယခင်က ဒိုင်နာလေးစီးမက အားပေးသူများလိုက်ပါကြသော်လည်း ယခုအခါ တစ်စီးပင်အနိုင်နိုင်။ ဤသို့ဖြင့် သုံးသင်းစလုံး အုပ်စုပင်မတက်နိုင်ဘဲ ရှုံးနိမ့်ခဲ့ပေတော့၏။

မောင်လေးက ပြောပါသေးသည်။ "ကျွန်တော်တို့အသင်းက အုပ်စုကသာထွက်ရတာ၊ တစ်ပွဲတော့ နိုင်လိုက်သေးတယ်။ ဟိုနှစ်သင်းကတစ်ပွဲမှ မနိုင်လိုက်ဘူး" တဲ့။ မောင်နှမချင်းမို့ ကျွန်မကို သူ့အသင်း၏ အမာခံပရိသတ်ဟု ယုံကြည်ထားပုံရသည်။ အသင်းခွဲ၍ ယှဉ်ပြိုင်ကြခြင်းကို ကျွန်မသဘောမကျလှ။ ရွာလက်ရွေးစင်အသင်းတွင် ပါဝင်ခွင့်မရသောကြောင့် ဘောလုံးကစားခြင်းကို ဝါသနာပါသူများက နောက်တစ်သင်းထပ်ဖွဲ့ကြသည်ဆိုလျှင် ကျွန်မလက်ခံကောင်း လက်ခံပါပေလိမ့်မည်။

> **ပြည်ထောင်စုနေ့ဟူသော အထိမ်းအမှတ်ခေါင်းစဉ်အောက်တွင် စည်းလုံးညီညွတ်ခြင်းဟူသော စိတ်ဓာတ်ပြိုကွဲလျက် သွားရောက်ယှဉ်ပြိုင်ခဲ့သော သူတို့ဆုံးဖြတ်ချက်ကို သူတို့မသုံးသပ်မိကြ။**

ယခုတော့ ဤသို့မဟုတ်။ နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်အောင် လူရွေးလေ့ကျင့်နည်းပြပေးသော နည်းပြစကားကို ကျွန်မမောင်လေးကစ၍ နားမထောင်တော့။ ကိုယ်ကျွမ်းကျင်ရာနေရာဖြစ်သော နောက်တန်းမှမကစားဘဲ ရှေ့တန်းတိုက်စစ်မှူးနေရာမှပင် ကစားလိုက်သေးသည်။ အသင်းခေါင်းဆောင် လက်ပတ်ကြီးတကားကားနှင့် သူ့စကားနားထောင်မည့်ကစားဖော်များနှင့်သာ တွဲဖက်စုစည်း၍ အသင်းဖွဲ့တော့သည်။ မိဘများ၏အသိတွင်လည်း တို့ရွာဟူသော အသိစိတ်ဓာတ်ပျက်ပြားသွားသည်။ တို့ရွာဟူသော အသိစိတ်ဓာတ်ပျက်ပြားခြင်း အောက်ဝယ် သူ့သားကိုယ့်သား၊ သူ့တူကိုယ့်တူ၊ သူ့ညီကိုယ့်ညီ၊ သူ့မောင်ကိုယ့်မောင် ဟူသည့် ပုဂ္ဂိုလ်စွဲစိတ်များပေါ်ပေါက်လာတော့သည်။ ချန်ပီယံဖြစ်ခဲ့ဖူးသည့်အသင်းသားများမှာလည်း သုံးသင်းစလုံးတွင် ပါဝင်သွားကြသည်။ ကျွန်မတို့ရွာတွင် ဘောလုံးအသင်းအရေအတွက် တိုးလာသော်လည်း စည်းလုံးညီညွတ်မှုလျော့ကျခဲ့လေပြီ။

"လာမယ့်နှစ်ကို အသင်းတွေခွဲမကန်ဘဲ ညီညီညွတ်ညွတ်နဲ့ အရင်တုန်းကလို တစ်သင်းတည်းပဲထွက်ဖို့ ကလေးတွေကိုခေါ်ပြောရဦးမယ်"ဟု ဘကြီးထွန်းက အိမ်အလည်လာရင်းပြောပါသည်။ လူငယ်လေးတွေ ဘကြီးထွန်း စကားကိုတော့ နားထောင်လိမ့်မည်ထင်ပါသည်။ ဘကြီးထွန်းသည် ငွေကြေးကြွယ်ဝသူဖြစ်သလို ရွာ၏ သာရေးနာရေးအတွက်ဆိုလျှင်လည်း လူအားငွေအားဖြင့် မညည်းမညူကူညီတတ်သူဖြစ်သည်။ ရွာ၏ နာရေးနှင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုအတွက် ကားနှစ်စီး လှူဒါန်းထားသူလည်းဖြစ်သည်။ သည်နှစ်ပြည်ထောင်စုနေ့ အကြို ဘောလုံးပြိုင်ပွဲတွင် ရွာအသင်းများရှုံးခဲ့သည်ကို ခံပြင်းနေပုံရသည်။ သူ၏စိတ်တွင် ဘောလုံးအသင်းရှုံးသည်ထက် ရွာ၏စည်းလုံးညီညွတ်မှုပြိုကွဲသည်ကို ပို၍ မကျေမနပ်ဖြစ်နေပုံရသည်။ ကျွန်မတို့နှင့်လည်း ဆွေမျိုးအရင်းအချာဖြစ်သဖြင့် မောင်လေးကို အားရပါးရဆူနေပါတော့သည်။ မောင်လေးခမျာ ဘာမှပြန်မပြောသာတော့။ ခေါင်းပဲငုံ့နေတော့သည်။ အမှန်တော့ မောင်လေးလည်း ဘွဲ့ရပညာတတ်တစ်ဦးပင်ဖြစ်သည်။ ပြည်ထောင်စုနေ့ဟူသော အထိမ်းအမှတ်ခေါင်းစဉ်အောက်တွင် စည်းလုံးညီညွတ်ခြင်းဟူသော စိတ်ဓာတ်ပြိုကွဲလျက် သွားရောက်ယှဉ်ပြိုင်ခဲ့သော သူတို့ဆုံးဖြတ်ချက်ကို သူတို့မသုံးသပ်မိကြ။ ရှေ့တန်းတွင် ထူးချွန်သူကရှေ့တန်း၊ အလယ်တန်းတွင် ထူးချွန်သူက အလယ်တန်း၊ နောက်တန်းတွင် ထူးချွန်သူက နောက်တန်း၊ ဂိုးဖမ်းထူးချွန်သူက ဂိုးဖမ်း၊ လက်ခုပ်တီး အားပေးရမည့်သူက ပုဂ္ဂိုလ်ရေးရာမခွဲခြားဘဲ တို့သား တို့တူ၊ တို့ညီ၊ တို့မောင် မပါသည့်အတွက် အားမပေးဟူသော ခံယူချက်ကိုစွန့်ပယ်၍ "တို့ရွာအသင်း"ဟူသော အသိစိတ်ဖြင့်အားပေးခဲ့လျှင် ယခုကဲ့သို့ရှုံးနိမ့်ခဲ့မည်မဟုတ်ဟု ယုံကြည်ပါသည်။ လာမည့်နှစ်တွင်တော့ ပုဂ္ဂိုလ်ရေးရာအစွဲများ၊ နေရာအစွဲများ၊ နံပါတ်အစွဲများကိုဖျောက်၍ တို့ရွာအသင်းဟူသော အသိစိတ်အောက်တွင် ယှဉ်ပြိုင်ကြမည့် ကျွန်မတို့ရွာ၏ ဘောလုံးအသင်းကို မြင်ချင်မိပါသည်။ ဘောလုံးအသင်းအောင်မြင်ရန်အတွက် တစ်ခါတစ်ရံတွင် နေရာအစွဲ၊ နံပါတ်အစွဲများကို စွန့်ပစ်သင့်သည်ဟူ၍ ကျွန်မယုံကြည်မိပါသည်။

■■■

## စစ်ပွဲနှင့် ငြိမ်းချမ်းရေး

ချိတ်ချိတ်ချင်း ချိတ်တယ်
ခလုတ်ခလုတ်ချင်း ဖြုတ်တယ်
ဖြုတ်လိုက်တဲ့ ခလုတ်
ငြိမ်းချမ်းရေးကို လာမှန်တယ်
ချိတ်လိုက်တဲ့ ချိတ်
စစ်ပွဲတွေကို လာလာချိတ်တယ်
ချိတ်တွေ ချိတ်မယ့်အစား
ချိတ်တွေ ဖြုတ်လိုက်ပါ
ခလုတ်တွေ ဖြုတ်မယ့်အစား
ခလုတ်တွေကို နံရံမှာချိတ်ပြီး
အနားပေးလိုက်ပါ
ငြိမ်းချမ်းရေးလည်း
သက်သက်သာသာရတာပေါ့
စစ်ပွဲတွေလည်း
အနားရကြမှာပေါ့။ ။

**သစ်ဝေခ**
စစ်ကိုင်းပညာရေးတက္ကသိုလ်

## တောင်တက်သမား ငှက်ကလေးများ

### စိုးထက်အောင်

နောက်ဆုံးနှစ် အပိုင်း (ခ)၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။

(၁)

တောင်တက်သမားလေးတစ်ယောက်ဟာ လွန်စွာမြင့်တဲ့ တောင်တစ်ခုကို မျှော်လင့်တကြီးနဲ့ တက်သတဲ့။ တောင်က မြင့်မားသလောက်လည်း လွန်စွာမတ်စောက်တယ်။ တောင်တက်သမားလေးကြိုးစားနေမှုရဲ့ အကြောင်းပြချက်ကတော့ မြင့်မားတဲ့တောင်ထိပ်ရောက်ရင် သူ့အောက်မှာရှိတဲ့အရာရာကို အထက်စီးကကြည့်ချင်လို့ပါတဲ့။

တောင်တက်သမားလေးဟာ တောင်ထိပ်ရောက်ဖို့ အားသွန်ခွန်စိုက်ကြိုးစားခဲ့ပေမယ့် နောက်ဆုံးမှာတော့ ကျရှုံးခဲ့ရရှာတယ်။ သူ တောင်ရဲ့အမြင့်တစ်ဝက်လောက်ရောက်ချိန်မှာပဲ ကျောက်တုံးတစ်တုံးနဲ့ပိမိကာ သူ့ခြေထောက်တစ်ဖက် သွင်သွင်ကျိုးသွားခဲ့တာကိုး။ မတ်စောက်တဲ့တောင်မို့ ခြေတစ်ဖက်ကျိုးနေတဲ့သူ့အဖို့ တောင်ထိပ်ဆီ ဆက်တက်ဖို့ဖြစ်နိုင်ခြေမရှိ ဖြစ်သွားရရှာတယ်။ တောင်တက်သမားလေးဟာ မျက်ဝန်းမှာ မျက်ရည်တွေ အပြည့်နဲ့ တောင်အောက်ကို ခုန်ချလိုက်ပါတော့သတဲ့။

သူရောက်နေတဲ့ တောင်ခါးပန်းဆီကနေကြည့်ရင် မြင်ရမယ့် တောအုပ်စိမ်းစိမ်း၊ နေကြာခင်းဝါဝါတွေနဲ့ သာယာနေတဲ့ ရှုခင်းလှလှလေးကို သူ မခံစားသွားရရှာဘူး။

(၂)

ငှက်ကလေးတစ်ကောင်ဟာ အမြင့်ဆုံး တိမ်ထူထူတွေဆီ ကြိုးကြိုးစားစားပျံနေသတဲ့။ ငှက်ကလေးဟာ ရည်မှန်းချက်ကြီးတယ်။ စွန်ရဲနဲ့ လင်းယုန်ကြီးတွေရဲ့ အထက်ကလည်း ပြန်ချင်တယ်။ တိမ်စိုင်တိမ်လိပ်တွေပေါ်မှာလည်း နားခိုချင်သတဲ့။

မျှော်လင့်ချက်ကြီးတဲ့ ငှက်ကလေးကတော့ ကောင်းကင်ဆီ တစ်ဟုန်ထိုးပျံသန်းခဲ့တော့တယ်။ အတန်ကြာတဲ့ အခါမှာတော့ တရစပ်ပျံသန်းခဲ့ရတဲ့ ငှက်ကလေးဟာ မောပန်းလုလေပြီ။ အဆက်မပြတ်ခတ်ခဲ့ရတဲ့ အတောင်ပံတစ်စုံဟာ ညောင်းချည့်လုလေပြီ။ ငှက်ကလေးက ဖွဲ့မလျှော့။ ရပ်နားဖို့လည်း မစဉ်းစား။ အမြင့်ဆုံးကို ပျံသန်းရင်း၊ ပျံသန်းရင်းနှင့် အတောင်ပံခတ်ဖို့ ခွန်အားမရှိချိန်မှာတော့ မြေပြင်ဆီ အရှိန်နဲ့ထိုးကျသွားလေတော့တယ်။ ငှက်ကလေးဟာ နောက်ဆုံးအချိန်ထိ အမြင့်ဆီက ငှက်တွေကိုပဲ မော့ကြည့်ပျံသန်းခဲ့တော့ သူ့အောက်က ငှက်တွေကို မြင်မသွားရရှာဘူး။

**နိဂုံး**

ကျွန်တော်တို့ဟာ လူငယ်ပီပီ အောင်မြင်မှုကို ဆာလောင်နေကြ၊ ထင်ပေါ်မှုကို မက်မောစွာတမ်းတနေကြ၊ အတ္တရဲ့အလိုဆန္ဒအတိုင်း ပန်းတိုင်ဆီအပြေးသွားကြ၊ ကြိုးစားမှုတိုင်းအတွက် ရလဒ်တစ်ခုရှိနေတယ်ဆိုတာ၊ ကျရှုံးမှုတိုင်းအတွက် မျှော်လင့်ချက်အသစ်အသစ်တွေ ထားလို့ရတယ်ဆိုတာ ကျွန်တော်တို့နားမလည်ခဲ့ကြ။

ကျွန်တော်တို့ဟာ မောဟနဲ့ ပြေးလွှားမောဟိုက်နေကြဆဲ။ မရောင့်ရဲတတ်တဲ့ တောင်တက်သမား၊ ငှက်ကလေးများ ဖြစ်နေကြဆဲ။ ။

## စာဖတ်ကြစို့

အိမ်ကလေးရဲ့စာအုပ်စင်
ညီလေးဖတ်ဖို့ပြင်။
ညီလေးရွေးတဲ့စာအုပ်ဟာ
ပုံပြင်စာအုပ်ပါ။
ကာတွန်းလေးနဲ့တူယှဉ်တွဲ
ညီလေးတဟဲဟဲ။
စာကြည့်တိုက်ကိုသွားစို့ကွယ်
မေမေလိုက်ပို့မယ်။
စာအုပ်တွေက အိမ်ထက်များ
ညီလေးပျော်တယ်ဗျား။
စာအုပ်လေးတွေ ညီလေးပိုက်
မေမေနောက်ကလိုက်။
ကျောင်းစာပြီးရင် စာဖတ်ပေး
ဘဝအတွက်ဆေး။
လူချွန်လူကောင်းဖြစ်ကြဖို့
စာများများဖတ်ကြစို့။

**လှသာမြူခြယ်**
B.A (Geography)

# မြင့်မိုရ်အောင်(တမာမြေ)

"မောင်လေးရယ် . . . ဒီကဗျာလေးတည်းဖြတ်ပေးပါဦး" မနှင်းဆီက အကူအညီတောင်းသော်လည်း ကျွန်တော့်မှာ ဂန္ထဝင်ကဗျာတွေကို တည်းဖြတ်နိုင်လောက်တဲ့ အရည်အချင်းကမရှိပေ။

"ဟုတ် . . . ဟုတ်ကဲ့" မနှင်းဆီရဲ့တောင်းဆိုချက်ကို ကျွန်တော်လက်ခံမိသည်။

"ဘယ်လိုတည်းဖြတ်ရပ့ါ" ဆိုတဲ့စိတ်ကလွှမ်းမိုးနေလေသည်။ "ဖြစ်နိုင်ရင်မောင်လေးရယ် အစ်မက မနက်ဖြန်မှာ မဂ္ဂဇင်းတိုက်ပို့ချင်လို့ ညတွင်းချင်းလုပ်ပေးရင်ကောင်းတာပေ့ါ" မနှင်းဆီက မောင်အရင်းတစ်ယောက်လိုအားကိုးသည်။ ဘုရားမှတ်လို့ ကိုးကွယ် ဖွတ်ထွက်လာမှ တောင်ပို့မှန်းသိရင် ဒုက္ခဖြစ်ခြေမည်။ ရိုးရိုးအအမို့ ထိပါးရိပါးလုပ်ချင်သူတွေကပေါသည်။ ကျွန်တော်ကသာ မနှင်းဆီ၏ အရင်းနှီးဆုံးမောင်တစ်ယောက်မို့ တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်နေ၏။ မနှင်းဆီ တစ်ယောက်တည်းနေရသည်။ မိဘနှစ်ပါး ဆုံးပါးသွားတော့ မလုပ်တတ် မကိုင်တတ်ဖြစ်ကာ ရှိတဲ့စီးပွားလေးပျက်သွားခဲ့သည်။

"ဟုတ်ကဲ့. . . ရ ရပါတယ်" မရဲတရဲ အာမခံလိုက်မိပြီး တစ်ညလုံးတွေးတောရပေတော့မည်။ "ဒါပဲနော်မောင်လေး. . .။ ည ၁၁ နာရီလောက်မှ ဖုန်းပြန်ခေါ်လိုက်မယ်" "ဟုတ်. . . ကဲ့" "ည ၁၁ နာရီလောက်မှပြန်ဆက်လိုက်မယ်"တဲ့ ကြံမိကြံရာ ကြံမိသည်။ ဘယ်လိုမှ အဖြေမထွက်။ မနှင်းဆီပေးထားတဲ့ ကဗျာနဲ့ တူတဲ့ကဗျာ ရှာမိသည်။ ရှိသမျှစာအုပ်တွေသာကုန်သွားသည်။ ည ၈ နာရီ ဝန်းကျင်လောက်ရောက်တော့ နဖူးပေါ်မှာ အလိမ့်လိုက်တက်နေတဲ့ချွေးတွေ တစ်ပေါက်ပေါက် ပြိုကျလာခဲ့သည်မို့ အိပ်ရာထက်မှာလှဲနေလိုက်မိသည်။ "ဒေါက်ဒေါက် . . . ဒေါက်ဒေါက် . . ."

တံခါးခေါက်သံကြားရသည်။နဖူးပေါ်မှ ချွေးစေးတွေကို လက်နှင့်ပွတ်သပ်လိုက်သည်။ ပြီးတံခါးကိုဖြည်းဖြည်းလေးဖွင့်လိုက်ပြီး တံခါးခေါက်သူကို စူးစမ်းသောမျက်လုံးများဖြင့် ကြည့်မိချိန် ကျွန်တော် အံ့သြသွားခဲ့သလို မျက်ခုံးနှစ်ဖက်လည်းအထက်ကို ပင့်တက်သွားခဲ့သည်။ "မျိုးနိုင်. . . မင်းငါ့ဆီကိုလာတယ်။ ထင်မထားဘူးကွာ" ကျောင်းပြီးကတည်းက ခွဲခွာခဲ့ရတဲ့ အချစ်ဆုံးသူငယ်ချင်းဖြစ်သည်။ မျိုးနိုင်နဲ့ ဝင်းမင်းဆိုတာ သူငယ်ချင်းအရင်းတွေဖြစ်သလို ဝါသနာချင်းလည်းတူကြသည်။ ဆိုးအတူကောင်းဖက် တစ်ယောက်နှင့်တစ်ယောက်ချစ်ခင်ကြသည်။ မျိုးနိုင်ဘွဲ့ယူပြီးတော့ အစိုးရဌာနတစ်ခုမှာအလုပ်ရသည်။ တွေ့တုန်းဆုံတုန်း ခဏတာမြင်တွေ့ရတဲ့ သူငယ်ချင်းမို့ ရယ်ကာမောကာ ရှေးဟောင်းနှောင်းဖြစ်တွေပြောကြရင်း အချိန်တို့သည် ကုန်မှန်းမသိကုန်သွားခဲ့သည်။ မနှင်းဆီဖုန်းဆက်တော့ ပြင်ပြီးသားကဗျာလေးကို ဖေ့ဘုတ်စာမျက်နှာက ပေးလိုက်သည်။ ဒီညအတွက်တော့ အလွန့်အလွန်ကို ပျော်ရွှင်နေခဲ့သည်။ တစ်ဖက်သတ်ကြိတ်ပြီးချစ်ခဲ့ရတဲ့ မနှင်းဆီရဲ့ အလိုကို ဖြည့်ဆည်းပေးနိုင်ခဲ့တာကတစ်ကြောင်း၊ ငယ်သူငယ်ချင်းကြီးဖြစ်တဲ့ မျိုးနိုင်နှင့်တွေ့လိုက်ရတာကတစ်ကြောင်း တွေးရင်းတွေးရင်း လှိုင်းမညီသောရင်ခုန်သံတွေက သူ့ရင်ဘတ်ထဲမှတစ်ဆင့် နားထဲအထိ ကျယ်လောင်စွာ ကြားနေရတော့သည်။ မနှင်းဆီကို ချစ်မိနေပြီဆိုတဲ့အကြောင်း မျိုးနိုင်ကို အသိပေးချင်ပေမယ့် တစ်ဖက်သတ်အချစ်မို့ ပြောမထွက်ခဲ့ခြင်းဖြစ်သည်။

"ကဗျာက အဆင်ပြေလား။ နည်းနည်းတော့လိုသေးတာပေ့ါ" နောက်တစ်ရက် မနှင်းဆီနှင့်တွေ့တော့ မေးမိသည်။ ကိုယ့်ကိုယ်ကိုယ်တော့ မလုံ။ ကိုယ်ပြင်ပေးတာမဟုတ်တော့ ပြောရခက်သည်။ ကိုယ်ပြင်ပေးလိုက်သလိုပြောမိ၏။ မနှင်းဆီ သိသွားခဲ့တဲ့အချိန် စိတ်ထားဖြူစင်သောမနှင်းဆီက ရွံရှာမုန်းတီးသွားမည်မှာ သေချာလှသည်။ အမြဲတမ်း စိုးရိမ်သောက ရောက်နေရသည်။

ဖွင့်ပြောပြန်ရင်လည်း အထင်သေးခံရမည်စိုး၍ မပြောခဲ့ခြင်းဖြစ်သည်။ ကိုယ်ကချစ်နေမိသူဆိုတော့ ပိုဆိုးသည်။

"အင်းပြေပါတယ်. . .။ ဘာဖြစ်လို့လဲ" မနှင်းဆီ၏ မျက်ဝန်းတစ်စုံသည်ဝိုင်းလို့။ အရည်လေးတွေတလက်လက် စင်ရော်တောင်မျက်ခုံးနှစ်ခုကြားမှာ နှာတံသွယ်သွယ်လေးက ခပ်စင်းစင်း။ ဝင်းအိနုထွေးတဲ့ ပါးမို့မို့လေးပေါ်က ဝင့်ကြွားနေတဲ့သနခါး မှုန်မှုန်လေးမှာ ဖွေးလွှလွှဖြင့်ရှုမဆုံးအောင်ဖြစ်တော့သည်။ မနှင်းဆီခွန်းတုံ့ပြန်မေးသော စကားလုံးလေးတွေကို မကြားလိုက်သယောင်ဖြစ်မိသည်။

ထို့ကြောင့် မနှင်းဆီ၏အလှတွင် စူးနစ်နေသောသူ့အကြည့်ကို စိမ်းလန်းစိုပြည်သည့် မြက်ခင်းပြင်ပေါ်သို့ အာရုံပြောင်းလိုက်ရသည်။

"ဟုတ်. . . ဟုတ်. . . ဟုတ်ကဲ့"

"ဟင် . . . မောင်လေး ။ ဘာတွေဟုတ်နေတာလဲ"

"အဆင်ပြေရင် ရပါတယ်လို့ ပြောတာပါ "

ထိုနေ့က မနှင်းဆီနှင့်တွေ့ခဲ့ခြင်းသည် ကျွန်တော့်အတွက်တော့ ပျော်ရွှင်ကြည်နူးရသောနေ့လေး ဖြစ်ခဲ့သည်။

ကျွန်တော်အိမ်ရောက်တော့ ဖေဖေက စောင့်ကြိုနေသည်။ တစ်ခုခုကို လောဆော်တော့မည့်ပုံဆိုတာ ကျွန်တော်သိလိုက်သည်။ မေမေ့ကိုကြည့်လိုက်တော့ မေမေ့မျက်နှာမှာအပြုံးရောင်သန်းနေ၏။

"ဝင်းမင်း မင်းကိုအိမ်ထောင်ချပေးတော့မယ်။ မင်းဘာမှငြင်းဆန်ဖို့စိတ်မကူးနဲ့။ ငါတို့ကကောင်းစေချင်လို့စီစဉ်ပေးတာ။ အပေါ်တင်တာကိုမြင့်တယ်ဆိုပြီး ခုန်မချနဲ့။ ငါတို့ကိုမျက်နှာပျက်အောင်လုပ်ရင်တော့ မင်းငါ့အကြောင်း ကောင်းကောင်းသိပြီသာမှတ်" "ဖေဖေ့ . . ။ သားမှာ ချစ်သူရှိတယ်။ ဖေဖေတို့ပေးစားတဲ့ မိန်းမကိုမယူနိုင်ဘူး ။ သားချစ်တဲ့သူကိုပဲယူမယ်။ သားတို့ရဲ့တောင်ပံတွေကိုမချိုးပါနဲ့။ လွတ်လွတ်လပ်လပ်ပျံသန်းခွင့်ပေးပါ။

"သားရယ်. . .။ အမေတို့က သားကိုကောင်းစားစေချင်လို့ စီစဉ်ပေးတာပါ။ သားစဉ်းစားပေ့ါကွာ။ အမေတို့တုန်းကလည်း ဒီလိုပဲ။ သားရဲ့ဘိုးဘိုးဘွားဘွားတို့ ပေးစားခဲ့လို့ သားရဲ့ဖေဖေနဲ့ယူဖြစ်သွားတာပဲ"

ဖေဖေ့ဘေးနားမှာ ရပ်နေတဲ့မေမေက ဖျောင်းဖျပြောလိုက်သည်။

"မတူဘူးအမေ လုံးဝမတူဘူး"တည်ကြည်သော မေမေ့မျက်နှာကိုကြည့်ပြီးပြောလိုက်မိသည်။

"ဟေ့ကောင် တူတူ မတူတူ ငါတို့စီစဉ်ထားတယ်။ ငါတို့လူကြီးတွေမျက်နှာပျက်အောင်မလုပ်နဲ့" မာတင်းပြတ်သားသောလေသံဖြင့် ဖေဖေ့စကားလုံးများက အတ္တဆန်လွန်းသည်ဟု ကျွန်တော်ထင်မိပြီး သားတစ်ယောက်အပေါ်ကိုလွှမ်းမိုးထားချင်၍ပဲလား ကျွန်တော် တွေးမိပြန်သည်။

"အဖေတို့ကို သားကမျက်နှာပျက်အောင်လုပ်တာမဟုတ်ဘူး။ အဖေတို့ကိုယ်တိုင်လုပ်တာ" အဖေ့ကို အတိုက်အခံပြန်ပြောမိသည်။ အနိုင်လိုခြင်းမျိုးမဟုတ်ပေမယ့် ကျွန်တော့်စကားလုံးများက လူမဆန်။

"သောက်သုံးမကျတဲ့ကောင် ငါ့ရှေ့ကထွက်သွားစမ်း" ဒေါသတွေပေါက်ကွဲထွက်ပေါ်လာတဲ့အဖေ့အနားမှာ ကြာကြာမနေလိုတော့။ ဆက်ပြီးနေရင် ကျွန်တော်သာဆိုးလွန်းသူဖြစ်တော့မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်မယူနိုင်ဘူး။ မနှင်းဆီကိုသာ အသက်ထက်မက ချစ်ခဲ့မိသောကြောင့်ဖြစ်သည်။ မနှင်းဆီကို



ဖွင့်ပြောဖို့လည်း မဝံ့မရဲဖြစ်ခဲ့၏။ ရဲရဲ မရဲရဲ ကျွန်တော်ချစ်နေမိတယ်ဆိုတဲ့အကြောင်းကိုတော့ မနှင်းဆီနှင့် နှစ်ကိုယ်တည်းတွေ့ဆုံတဲ့အခါ ပြောဖို့အတွက် ကြိုတင်အားမွေးလိုက်ရတော့သည်။

"မောင်လေး. . .။ ဘာတွေတွေးနေတာလဲ။ မမခေါ်နေတာကို မကြားတော့ဘူး"

"ဘာမှမတွေးပါဘူး"

"ဟုတ်လို့လား . . . "

"အင်း. . . "

"မနှင်းဆီ။ ကျွန်တော် မမကို အရမ်းပဲချစ်နေမိပြီ" ကြည်လင်နုထွေးသော မနှင်းဆီ၏ မျက်နှာလေးကိုကြည့်ပြီပြောလိုက်သော်လည်း မနှင်းဆီတော့ ကြားမည်မထင်။ ကျွန်တော်အစွမ်းကုန်အားယူပြီးပြောလိုက်သော ချစ်တေးသံတို့ကား ရင်ထဲကထွက်မလာ။ ရင်ခုန်သံများထက်ပင် တိတ်ဆိတ်လွန်းလှသည်။

"မောင်လေး . . .။ မမကိုပြောစရာရှိတယ်ဆို ဘာပြောမှာလဲပြောလေ"

"ဟို . . . ဘာရယ်လို့တော့မဟုတ်ပါဘူး၊ ပြောရင် မနှင်းဆီ စိတ်ဆိုးမှာကြောက်တယ်။ အဲဒါကြောင့်မို့ပြောရကောင်း၏၊ မပြောရကောင်း၏ စဉ်းစားနေတာ"

"ငါ့မောင်ရယ် မစိတ်မဆိုးပါဘူး၊ ပြောမှာသာပြောပါ။ ဖြစ်နေလိုက်တာများ ပြောကိုမပြောချင်ဘူး။ မောင်နှမတွေပဲ ပွင့်ပွင့်လင်းလင်းပေ့ါ" နှင်းဆီ အအေးခွက်ထဲမှ ပိုက်ကလေးကို မွှေရင်းပြောသည်။ မနှင်းဆီ၏မျက်ဝန်းတစ်စုံလုံးက ကျွန်တော့် မျက်နှာပေါ်ရောက်နေသည်။ မျက်နှာချင်းမဆိုင်ရဲသောကြောင့် အကြည့်ချင်းလွှဲထားလိုက်သည်။

"မမကို . . . ကျွန်တော်" ရှေ့ဆက်မပြောနိုင်တဲ့ စကားလုံးကို ပြောထွက်ဖို့ အားမွေးလိုက်၏။

"ဟား ဟား. . .။ မောင်လေးရယ် ဒါများ"

"ဗျာ. . . ကျွန်တော်ပြောမယ့်စကားကိုမမသိတယ်ပေ့ါ။ သိရဲ့သားနဲ့ဗျာ ဘာလို့လှောင်ရတာလဲ" ကျွန်တော်တားလိုက်သော်လည်း နှင်းဆီကတော့ ရယ်လျက်ပင်။

"မင်းမမကို ချစ်နေတယ်ဆိုတာ အစကတည်းကသိတယ်။ ဟန်ဆောင်ပြီးနေခဲ့တာပဲ။ တစ်နေ့နေ့မှာ ဖွင့်ပြောလာလိမ့်မယ်လို့လည်း ကြိုတွက်ထားပြီးသား" မနှင်းဆီ စကားပြောပြီး အအေးတစ်ငုံသောက်လိုက်သည်။

"ဒါဆို မမက ကျွန်တော့်ကို ချစ်တယ်ပေ့ါ "

"ချစ်ပါတယ် ဒါပေမယ့်. . ."

မနှင်းဆီ ရှေ့ဆက်ပြောဖို့ တစ်ခုခုကိုစဉ်းစားနေသလို ဆိုင်ရှေ့မှဖြတ်သွားသူများကိုကြည့်နေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောလေမမ"

"မင်း မမကို မချစ်ပါနဲ့ကွာ မမမှာချစ်သူရှိတယ်" ဘာပြန်ဖြေလို့ဖြေရမှန်းမသိအောင် ကျွန်တော် တုန်လှုပ်သွားခဲ့၏။ မျှော်လင့်ခဲ့သမျှအားလုံးကားဆုံးရှုံးသွားသူတစ်ယောက်လိုပင်။

"ဟုတ်တယ်မောင်လေး။ မောင်လေးကို မမချစ်ခဲ့တယ်ဆိုတာကလည်း မိတ်ဆွေတစ်ယောက်လို ချစ်တာပဲ။ ဒီထက်ပိုလို့လည်းမရနိုင်ဘူး။ ဒီမှာကြည့် မမချစ်သူပေးထားတဲ့ လည်ဆွဲလေး။ မမဆီမှာက အပေါ်တစ်ခြမ်း မမချစ်သူဆီမှာက အောက်ကကျန်တဲ့တစ်ခြမ်း" ကျွန်တော်ကြည့်လိုက်မိသည်။ "LOVE" ဆိုတဲ့စာလုံးလေးကို တွဲကပ်ထားပြီး အပေါ်ပိုင်းသာမြင်ရသည်။ အောက်ပိုင်းကမရှိ။

မနှင်းဆီရဲ့ချစ်သူဆီမှာက အောက်ပိုင်းလေ။ ကွဲကွာနေတဲ့ အစိတ်အပိုင်းနှစ်ခုကို ပေါင်းလိုက်မှ LOVE ဆိုတဲ့စာလုံးတစ်လုံးပဲရမှာ။ စွယ်တော်ရွက်ကလေးများလို နှစ်လွှာပေါင်းမှတစ်ရွက်ဆိုသလိုပေ့ါ။ "ဟုတ်ကဲ့ပါ မမဘယ်အခြေအနေပဲဖြစ်နေဖြစ်နေ မမကိုချစ်နေမှာပါ။ ကျွန်တော်သွားစရာလေးရှိလို့ ခွင့်ပြုပါဦး" မနှင်းဆီကိုနှုတ်ဆက်ပြီးပြန်ခဲ့ပေမယ့် စိတ်ကတော့ နှင်းဆီအနားမှာကျန်နေခဲ့သည်။ မျှော်လင့်ချက်ရောင်ခြည် ကင်းမဲ့ချိန်။ မိဘတွေပေးစားတဲ့သူကို ယူတော့မည်ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်မိသည်။ နှင်းဆီနဲ့လည်း မဆုံချင်တော့။ သို့သော် နှင်းဆီကိုသာတမ်းတနေမိတော့သည်။

"သားရေ မြန်မြန်ဆင်းခဲ့တော့ ဧည့်သည်တွေရောက်နေပြီ" ခေါ်သံကြောင့် ကျွန်တော်တုန်လှုပ်သွားခဲ့သည်။ ကိုယ်မချစ်မနှစ်သက်သူနဲ့ ဆုံစည်းပေါင်းဖက်ရမှာလည်း ကြောက်နေမိသည်။ ချစ်သူနဲ့ဝေးကွာခြင်းရဲ့ခါးသီးမှုအစပြုလာခြင်းပင်။ ရေစုန်မျှောလိုက်ဖို့သာ စိတ်ကူးမိသော်လည်း စေ့စေ့တွေးကြည့်မိတဲ့အခါတိုင်း ရင်မောရသည်။ ကျွန်တော်ဧည့်ခန်းဝမှာ တန့်တန့်ကြီးရပ်နေမိသည်။ ဘဝတစ်ခုလုံး လက်တွဲသွားရမယ့်မိန်းမက ဖြူသလားမည်းသလားမသိ။ ရင်ဆိုင်နိုင်ဖို့ အင်အားတွေပျက်သုဉ်းခဲ့သလို။ဖေဖေမေမေတို့က "သား ဒါက မင်းနဲ့စေ့စပ်ထားတဲ့သူကြည့်ပါဦး၊ မချောဘူးလား" ကျွန်တော့်ကို မေမေက ဓာတ်ပုံပေးတဲ့အခါတုန်းက လုံးဝမကြည့်ဘူး။ မေမေ့ဘက်ကိုပြန်တွန်းပေးလိုက်မိတယ်။ခုချိန်မှ အရာအားလုံးပြုပြင်လို့ ရတော့မည်မဟုတ်။ "ဟဲ့ သားဝင်ခဲ့လေ ဘာကြည့်နေတာလဲ" ကိုယ့်အောက်ကိုကိုယ်ကြည့်။ ဧည့်သည်ဆိုတဲ့ လူတွေကိုလည်း ကျွန်တော် မျက်ကွယ်ပြုထားလိုက်မိသည်။ မေမေ့ဘေးနားကခုံမှာ ဝင်ထိုင်လိုက်သည်။

"မသက် ဒါကျွန်မသားလေ။ သမီးကသားကို သိပြီးသားပါ။ ထွေထွေထူးထူးမိတ်ဆက်ပေးမနေတော့ဘူး။ ကဲ သားကလည်းစကားလေးဘာလေး ပြောလိုက်ဦး"

"ဟုတ်ကဲ့"

"မောင်လေး. . .။ ကံတရားကြီးကဆန်းကြယ်လိုက်တာနော်" အမျိုးသမီးတစ်ယောက်ရဲ့ အေးဆေးတည်ငြိမ်စွာပြောလိုက်သောစကားသံကြောင့် ထိုအမျိုးသမီးကို ကြည့်လိုက်မိသည်။

"မနှင်းဆီ" "ဟုတ်တယ်သား။ နှင်းဆီနဲ့သားနဲ့ကို နေရာချထားပေးဖို့ မမညွှန့်မဆုံးခင်ကတည်းက တိုင်ပင်ထားတာ။ မညွှန့်ဆုံးတဲ့နေ့ကလည်း သမီးနှင်းဆီရဲ့အဒေါ် မသက်ကိုစိတ်ချလက်ချအပ်ပြီး သားနဲ့သမီးကိုနေရာချပေးဖို့ ဆုံးဖြတ်ခဲ့တာပဲ" ကျွန်တော် အပျော်ကြီးပျော်ခဲ့ရသည်။ အစကတော့ ဒီမိန်းမကို သိလည်းမသိချင်၊ ယူဖို့လည်းတွန့်တိုနေခဲ့မိသည်။ ခုတော့ ပျော်လို့မဆုံးနိုင်အောင်ပါပဲ။ စေ့စပ်ပွဲပြီးတာနဲ့ မင်္ဂလာဆောင်ဖို့ အားလုံးပြင်ဆင်။ နောက်တစ်ပတ်ဆိုကျွန်တော်သိပ်ချစ်ရတဲ့ မနှင်းဆီကို ဘဝကြင်ဖော်အဖြစ် လက်တွဲရတော့မယ့်ခရီး မပျော်ဘဲရှိပ့ါမလား။ ဒီနေ့အတွက်တော့ နတ်ဘုံလောကကို ရောက်သွားမိသူတစ်ယောက်၏ခံစားမှုမျိုးနဲ့ ပျော်ရွှင်ဖွယ်ရင်ခုန်သံများကြားဝယ် နစ်မျောနေတော့သည်။

"မောင်လေး ဒီကဗျာကိုပြင်ပေးဦး"

"ဟုတ်"

"မမသွားမယ်နော် လုပ်စရာရှိသေးတယ်" ကျွန်တော့်ကိုကဗျာစာရွက်ကလေးပေးပြီး ပြန်လှည့်သွားသည်။ မနှင်းဆီတဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတဲ့အထိ နောက်မှကြည့်နေမိသည်။ မနှင်းဆီဟာ ကျွန်တော့်ဘဝအတွက်အဖော်မွန်အစစ်ပဲဖြစ်သည်ဟုတွေးရင်း ကြည်နူးမိတော့သည်။ ကဗျာကိုပြင်ဆင်ဖို့အတွက် မျိုးနိုင်အိမ်ကိုသွားရပေဦးမည်။ ကဗျာဖွဲ့နည်းတွေလည်း အနည်းဆုံးတော့ နားလည်အောင်သင်ပြခိုင်းရပေမည်။ ဖွဲ့နည်းစာအုပ်ကိုလည်းလေ့လာဖို့ လိုလာလေပြီ။ တွေးရင်းတွေးရင်း မျိုးနိုင်အိမ်ကိုထွက်ခဲ့၏။ မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်ပေးဖို့လည်း ဖိတ်ရမည်ဟု ဆုံးဖြတ်ထားခဲ့မိသည်။ သိပ်ချစ်ရတဲ့သူငယ်ချင်း။ ကျွန်တော့်အတွက်ဆို အရာရာအရှုံးပေးခဲ့ အနစ်နာခံခဲ့သူ။ ဒီလိုသူငယ်ချင်းမျိုးကို ဘယ်မေ့ထားလို့ရမလဲ။ "ဟေ့ယောင် မျိုးနိုင်။ ဟေ့ယောင် မျိုးနိုင် မျိုးနိုင်"

"ဝင်ခဲ့ကွာ. . . ဘယ်သူလဲ"

"ငါပါကွာ. . . ဝင်းမင်း ဝင်းမင်း"

**မျိုးဆက်သစ်ရင်ပြင် (ယ) သို့**

# ကျေးဇူး

**မြင့်ငွေ**
စစ်ကိုင်းပညာရေးကောလိပ်

(၁)

မှတ်မိနေပါသေးသည်။ ယခုလိုအချိန် ဆောင်းရာသီ အနားသတ်ချိန် ညနေခင်းတစ်ခုတွင် သူ့ကိုစတွေ့ခဲ့ပါသည်။ ကျောင်းဆင်း၍ အဆောင်သို့ပြန်ရောက်ချိန်တွင် အဆောင်ရှေ့ရှိမြေကွက်လပ်ငယ်တွင် သူက ဝပ်နေ၏။ ဘယ်ကလာမှန်းမသိသော ခွေးတစ်ကောင်ဖြစ်၏။ သူ့ကို မနှစ်မြို့စွာသေချာကြည့်နေမိ၏။ အရိုးပေါ်အရေတင် အလွန်ပိန်လှီလွန်းသော ခွေးမလေးဖြစ်သည်။ ကျွန်တော့်ကို သူမြင်တော့ ယိမ်းတိမ်းယိုင်တိုင်ဖြင့် ထရပ်၏။ နောက်ခြေနှစ်ချောင်းကို ကန့်လန့်ကန်လျက် သူ့ကိုယ်သူ လဲမကျအောင်ထိန်းထား၏။ ထို့နောက် သူက ကျွန်တော့်ကို သေချာကြည့်သည်။ ကျွန်တော့်အကြည့်ကို ဘာသာပြန်တတ်၍လားမသိ။ သူ့ခေါင်းလေးကိုလှုပ်ကာ နှုတ်ဆက်၏။ အသနားခံ တိုးလျှိုးတောင်းပန်သည့်သဘောပင်။ ထို့နောက် သူ၏တိုနံ့နံ့အမြီးကို လှုပ်ပြပြန်၏။ သို့သော် အမြီးကားလှုပ်မလာ။ သူ့ခန္ဓာကိုယ်နောက်ပိုင်းသာ အနည်းငယ် လှုပ်သလိုရှိပြီး လဲကျသွားတော့သည်။သူ့ကိုသနားသွားသည်။ ကျွန်တော်သည် အဆောင်ပေါ်သို့ အဆောတလျင် ပြေးတက်ကာ မနက်က စားလက်စပေါင်မုန့်အကျန်ကိုယူ၍ သူ့ကိုကျွေးသည်။ ထို့အပြင် အဆောင်တွင် နေထိုင်ခွင့်ပါပေးလိုက်ပါသည်။ သူသည် ပေါင်မုန့်ကို အငမ်းမရစားရင်း ကျွန်တော့်ကိုတစ်ချက်ကြည့်သည်။ သူ့မျက်လုံးမှာ မျက်ရည်တွေဝေ့နေသည်။ ဝမ်းသာလို့ကျသည့် မျက်ရည်ပင်ဖြစ်ပေလိမ့်မည်ထင်ပါသည်။

(၂)

ဤသို့ဖြင့် ခြောက်လခန့်ကြာသောအခါ သူသည် ကြည့်ကောင်းလာ၏။ အသွေးအမွေး ပြောင်ပြောင်ရောင်ရောင် ဖြစ်လာ၏။ သူ့ကို လာရောက်ပိုးပန်းသူကလည်းများလှပါဘိ။ တချို့က ဝင်းအပြင်ဘက်ကနေ လျှောက်ပြန်သံပေးလုပ်နေကြသည်။ တချို့က အဆောင်အထိ ကျူးကျော်ဝင်ရောက်လာကြ၏။ မောင်းထုတ်ရသည်မှာ နေ့ရောညပါ နားရသည်မရှိပေ။ သူ့ကိုကြည့်ပြန်တော့ ပျော်နေပုံရ၏။ ဝလည်း ပိုဝလာ၏။ ဝဝတုတ်တုတ်လေးမို့ သူ၏အလှက ပို၍တင့်တယ်နေ၏။ သူ့ကိုကြည့်ရင်း မိမိကျွေးမွေးစောင့်ရှောက်မှုကြောင့် ဤသို့လှနေဝနေရသည်ဟုတွေးကာ ပီတိဖြာမိပါသေးသည်။

(၃)

နောက်လအနည်းငယ်ကြာသည့်အခါတွင် အဆောင်အောက်မှ အီအီအဲ့အဲ့ အသံကိုကြားရသည်။ အဆောင်အောက်ကိုဆင်း၍ကြည့်လိုက်သောအခါ သူသည် သူ့ကလေး လေးကောင်ကို ရင်ခွင်ထဲထည့်ကာ ချော့သိပ်နေသည်ကို တွေ့ရသည်။ မိမိ၏ကျွေးမွေးမှုကြောင့် ဤမျှဝနေရခြင်းမဟုတ်ပါကလားဟု ထိုအချိန်ကျမှ သိလိုက်ရပါသည်။

(၄)

နေ့စဉ်ဆိုသလို ကျောင်းမသွားခင်၊ ကျောင်းကအပြန် သူတို့မိသားစုကိုကြည့်မိ၏။ သူ၏ကလေးများသည် တစ်ရက်ထက်တစ်ရက် ဝမလာသည့်အပြင် တဖြည်းဖြည်း ပိန်လာ၏။ နို့မဝ၍ ဖြစ်ပေလိမ့်မည်။ သို့ဖြင့် သူ၏ကလေးများကို နို့ဖျော်တိုက်ရသည့်အလုပ်ပင် ပိုလာပါသည်။ ကျွန်တော် နို့ဖျော်၍ သူ့ကလေးများကို တိုက်နေတိုင်း သူက အနားမှာဝပ်နေတတ်သည်။ တစ်ရက်က သူ၏ကလေးများကို နို့ဘူးဖြင့် နို့ဖျော်တိုက်နေစဉ် သူသည် ရုတ်တရက် အပြင်သို့ထွက်သွား၏။ မကြာခင်မှာပင် ပြန်ရောက်လာသည်။ ကိုက်ချီလာသော မုန့်ထုပ်တစ်ထုပ်ကို ကျွန်တော့်ရှေ့တွင်ချပေးလျက် ပါးစပ်က တအီအီ အသံပြုကာ ကျွန်တော်စားဖို့အတွက်ဟု ပြောနေသယောင်ပြု၏။ ကျေးဇူးဆပ်သည့်သဘောပင်ဖြစ်မည်ထင်၏။ ဤမုန့်ထုပ်ကို ကျောင်းသားတို့၏အိပ်ဆောင်မှ ခိုးယူလာခဲ့ခြင်းဖြစ်ပေမည်။ သူ့ကို စိတ်ဆိုးမိသေး၏။ သို့သော် မိခင်တို့သည် မိမိသားသမီးအတွက်ဆိုလျှင် မကောင်းမှုကိုပင် ကျူးလွန်ရန်ဝန်မလေးကြပါလားဟု တွေးမိသည့်အခါ သူ့ကိုသနားမိပြန်သည်။ မိခင်မေတ္တာသည် ကြီးမားလှပေစွ။

(၅)

ညမှောင်ရီပိုးတဝါးအချိန်တွင် လှန်းထားသော အဝတ်များ မသိမ်းရသေးသဖြင့် သိမ်းရန် အဆောင်အောက်သို့ ဆင်းခဲ့သည်။ အဝတ်များလှန်းထားရာသို့အသွားတွင် သူသည် တဝေါင်းဝေါင်း အသံပြုလျက် ကျွန်တော့်ရှေ့မှ ကာဆီးကာဆီး လုပ်နေသည်။ "ရှုပ်လိုက်တာကွာ"ဟု ပြောရင်း ရှေ့သို့ဆက်သွားရန်ပြင်၏။ သို့သော် သူက အသွားမခံ။ ကျွန်တော့်ပုဆိုးစကိုတောင် ကိုက်ဆွဲထားလိုက်သေး၏။ နှောင့်ယှက်ရကောင်းလားဟုထင်ကာ သူ့ကို ကန်ထုတ်လိုက်ပြီး ရှေ့သို့တိုးသွားခဲ့သည်။ ဤတွင် သူသည် ကျွန်တော်၏ နောက်ခြေတစ်လှမ်းကျမည့်နေရာရှိ အရာတစ်ခုကို ခုန်အုပ်လိုက်သည်။ ထို့နောက် ပါးစပ်နှင့်ကိုက်ထားရင်း ခေါင်းကို ဘယ်ညာရမ်းကာခါ၍ အဝေးသို့လွှင့်ပစ်လိုက်သည်။ ထိုအရာကား အခြားမဟုတ်။ မြွေတစ်ကောင်ဖြစ်နေသည်။ မြွေလည်း မလှုပ်နိုင်တော့ပေ။ သူသည် ကျွန်တော့်ကိုကြည့်နေသည်။ ကြည့်နေရင်းနှင့် လဲကျသွား၏။ ပါးစပ်မှ အမြှုပ်များထွက်လာသည်။ ကျွန်တော့်အသိ နောက်ကျသွားခဲ့ပါပြီ။ မြွေဆိပ်က သူ့ဘဝကို အဆုံးသတ်ပစ်လိုက်ပါသည်။ ။

## စည်းလုံးခြင်းပန်းတွေပွင့်တဲ့နေ့

အသွေးတခြား အသားတခြား
ကလေးကစားစရာဖြစ်နေသရွေ့
ပြည်ထောင်စုနေ့ဆိုတာ
အငွေ့သာသာ။
ထင်းတစ်စည်းနဲ့ သားအဖအကြောင်း
ငါတို့စာလုံးပေါင်းခဲ့ပြီ။
ရိုးသားညီညွတ်ခြင်းနဲ့မိတ်ဆက်
ဆိုးတူကောင်းဖက်။
ပြည်ထောင်စုစိတ်ဓာတ်ဟာ
အခိုင်အမာတည်ထားတဲ့ကျောက်တိုင်
နလုံးသားတွေမယိုင်လဲဘူး။
မြေပြန့်တောင်တန်းတစ်စိတ်တစ်ဝမ်း
ငါတို့လမ်းတွေဖြောင့်ပါစေ။
တစ်သွေးတစ်သားအလေးထား
အတွေးများလည်းဖြူပါစေ။
သြော်…တကယ်တော့
ပြည်ထောင်စုနေ့ဆိုတာ
ညီညွတ်ခြင်းပန်းတွေဖူးတဲ့နေ့
စည်းလုံးခြင်းပန်းတွေပွင့်တဲ့နေ့။ ။

**အလင်းသစ်(ရွှေဆည်မြေ)**

# ပုံသေနည်းများပြားသော ပုစ္ဆာတစ်ပုဒ်

**ဇာနည်အောင်(မန္တလေး)**

> မည်မျှပင် ဆိုးသွမ်းသူဖြစ်ပါစေ။ များသောအားဖြင့် တစ်ကွက်ကောင်းတော့ ရှိတတ်ပါ၏။ သို့သော် မြင်အောင်ကြည့်နိုင်ရန်မှာ မလွယ်ကူကြ။ ဒေါသဖုံးလွှမ်းသည့်စိတ်ဖြင့် ကြည့်သောအခါ တစ်ဖက်သား၏ ခြေသံပြင်းပြင်းဖြင့် လမ်းလျှောက်သည့်အမူအရာသည်ပင် စိတ်တိုစရာဖြစ်စေနိုင်၏။

လူအချင်းချင်းပေါင်းသင်းဆက်ဆံရေးသည် ပုံသေနည်း ပေါများစွာတွက်ချက်ရသော ပုစ္ဆာတစ်ပုဒ်ကဲ့သို့ ရှုပ်ထွေးလှ၏။ ဂဏန်းသင်္ချာတွင် ကိန်းဂဏန်း ၁၀ လုံးဖြင့် ဖွဲ့စည်းထားသော်လည်း လူတို့၏စိတ်ဆန္ဒများမှာမူ ပုံစံမတူကွဲပြားခြားနားမှုများ မရေမတွက်နိုင်အောင်ရှိလှသည်။ စိတ်ရင်းတူရာချင်း စုစည်းပေါင်းဖက်ရန်လွယ်ကူသလောက် မတူရာချင်းပေါင်းဖက်ရန်မှု အလွန်ခက်ခဲလှ၏။ နားလည်မှုကိန်းဂဏန်းများဖြင့် ခြားနားနေသော အယူအဆများကို ပေါင်း၊ နုတ်၊ မြှောက်၊ စားလုပ်၍ ညီမျှအောင် ညှိယူရ၏။ ထိုသို့ညှိယူပေါင်းသင်းကြသည့် အခိုက်အတန့်တွင်လည်း အကောင်းမြင်စိတ်ရှိရန်လိုအပ်ပေ၏။

အကောင်းမြင်စိတ်ရှိခြင်းသည် မိမိကိုယ်ကို ဦးစွာစိတ်ချမ်းသာစေ၏။ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် "သူက အပြောပဲဆိုးတာ စေတနာကောင်းတယ်"၊ "သူက အရက်သာ သောက်တာ စိတ်ရင်းဖြောင့်တယ်"၊ "သူက ဆင်းသာဆင်းရဲတာ သဒ္ဓါတရား သိပ်ကောင်းတာပဲ" စသည့်အမြင်များသည် အကောင်းမြင်စိတ်ကိုအခြေခံ၍ ဖြစ်ပေါ်လာသောအယူအဆများပင်ဖြစ်ပေ၏။ မည်မျှပင် ဆိုးသွမ်းသူဖြစ်ပါစေ။ များသောအားဖြင့် တစ်ကွက်ကောင်းတော့ ရှိတတ်ပါ၏။ သို့သော် မြင်အောင်ကြည့်နိုင်ရန်မှာ မလွယ်ကူကြ။ ဒေါသဖုံးလွှမ်းသည့်စိတ်ဖြင့်ကြည့်သောအခါ တစ်ဖက်သား၏ ခြေသံပြင်းပြင်းဖြင့် လမ်းလျှောက်သည့်အမူအရာသည်ပင် စိတ်တိုစရာဖြစ်စေနိုင်၏။ မနာလိုစိတ်ဖြင့် ကြည့်ရှုပါက တစ်ဖက်သားဝတ်လာသည့်အင်္ကျီတစ်ထည်ကလည်း မစ္ဆရိယစိတ်ကိုဖြစ်စေနိုင်၏။ ထို့အတူ မေတ္တာစိတ်နှင့်ကြည့်ရှုပါက တစ်ဖက်သား၏စရိုက်ကြမ်းသည့် အပြုအမူသည်ပင် ပွင့်ပွင့်လင်းလင်းဆက်ဆံတတ်သူဟုလည်းကောင်း၊ တစ်ဖက်သား၏စေးနှဲမှုကိုပင် စနစ်ရှိသူဟုလည်းကောင်း မြင်တွေ့ခံစားရစေပါသည်။

ကျွန်တော်အလုပ်လုပ်သည့်စက်ရုံ၌ အလွန်အပေါက်ဆိုးသည့် ဌာနခွဲမှူးတစ်ဦးကို ကြုံဖူးပါသည်။ အလုပ်ခွင်တွင် ခိုကပ်သူများ၊ စာရိတ္တချို့ယွင်းသူများကို ထုတ်ပယ်လေ့ရှိသည်။ အလုပ်ခွင်တွင် အလုပ်သမားဝန်ထမ်းများကို ချိုသာစွာပြောဆိုဆက်ဆံလေ့မရှိ။ အလုပ်တွင်ကျယ်ရေးသာ မခိုမကပ်အောင်ခိုင်းသည်။ လူအများက သူ့ကို မနှစ်သက်ကြ။ သို့သော် အလုပ်သမားတစ်ဦး ကျန်းမာရေးမကောင်းလျှင် လစာပြည့်ဖြင့် ခွင့်ရရန်ကြိုးစားဆောင်ရွက်ပေးတတ်ခြင်း၊ အိမ်တိုင်ရာရောက် လူမမာမေးလေ့ရှိခြင်း၊ အလုပ်သမားများ ရသင့်ရထိုက်သည့်အခွင့်အရေးကို အလုပ်သမားများဘက်မှ မားမားမတ်မတ် ရပ်တည်တောင်းဆိုပေးခြင်း စသည့်အပြုအမူများကြောင့် အချိန်ကာလကြာလာသည်နှင့်အမျှ သူ့ကို အလုပ်သမားတိုင်းလိုလို ချစ်ကြောက်ရိုသေဆက်ဆံကြစမြဲပင်။

အချို့ပုဂ္ဂိုလ်များ၏စိတ်ဓာတ်ကို ကြာကြာပေါင်းမှ အကြောင်းသိရ၏။ အချို့ပုဂ္ဂိုလ်များ၏စိတ်ဓာတ်ကို အရေးကြုံမှ သိရ၏။ မည်သို့ပင်ဖြစ်စေ ကောင်းကွက်တစ်ကွက်ရှိမှသာလျှင် လူအချင်းချင်းပေါင်းသင်းဆက်ဆံရေးသည် အသက်ဝင်၏။ တစ်ကွက်မကရှိလျှင်ကား ဆိုဖွယ်ရာမရှိတော့။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေးသည် ပုံသေနည်းများသော တွက်ပုစ္ဆာတစ်ပုဒ်ဖြစ်၏။ မိမိကိုယ်တိုင်လည်း လူမှုဆက်ဆံရေးနယ်ပယ်တွင် ဝင်ဆံ့နိုင်ရန် တစ်ကွက်ကောင်းတော့ရှိထားသင့်ပေသည်။ ။

## တပို့တွဲ

ငွေနှင်းပုလဲ တပို့တွဲ
လွင့်ကဲပျော်သည့်နောက်ဆုံးလ။
ကုံလရာသီ မာဃညီ
သာသည်ထွန်းပ နက္ခတ်လ။
ပေါက် လဲ ဆူးပန်း ရာသီနန်း
တင့်ဆန်းငုံစီဖူးသည့်လ။
တူပျော်ရွှင်နွှဲ ထမနဲ
အားခဲမာန်ခဲထိုးသည့်လ။
မြတ်ဒါနကဲ မီးပုံပွဲ
တူနွှဲချစ်ကြည်ပေါင်းသည့်လ။ ။

**ဟိဏ်းဦးဆည် (တန့်ဆည်မြေ)**

**မျိုးဆက်သစ်ရင်ပြင် (၇) မှ**

"သြော် အေးလေကွာ" မျိုးနိုင်၏ဘေးကို ဝင်ထိုင်လိုက်မိသည်။ ထိုစဉ် ချဉ်စုပ်စုပ်အနံ့တစ်ခုကြောင့် မျိုးနိုင်ကို ငေး၍ကြည့်နေမိသည်။ အရက်ကို အလွန်သောက်ထားသောကြောင့် မြင်ရသည့်ပုံက သိပ်မကောင်း။

"မျိုးနိုင် မင်းဘာတွေလျှောက်လုပ်နေတာလဲ။ အရက်ပဲ လွန်အောင်သောက်နေတယ်ထင်တယ်။ အရက် ပုလင်းတွေကလည်း ပွလန်နေတာပဲ။ ပြောပါ၊ မင်းဘာဖြစ်နေတာလဲ။ ငါက မင်းရဲ့အချစ်ဆုံးသူငယ်ချင်းလေ။ မင်းငါ့ကိုမှမတိုင်ပင်ရင် ဘယ်သူ့တိုင်ပင်မှာလဲ"

"အေးဆေးပါ။ ငါဘာမှမဖြစ်ဘူး။ ဒါပေမယ့် ငါ တအားခံစားရတယ်ကွာ။ ဒီကောင်မ ငါ့အပေါ်သစ္စာမရှိဘူး"

ငိုသံပါကြီးနဲ့ ဗလုံးဗထွေးစကားလုံးများကို ကျွန်တော်စိတ်ဝင်စားနေမိသည်။ ဘယ်သူဘယ်ဝါမှန်းမသိပါ။ သိရင်လည်း သူတို့နှစ်ယောက်ကို ပြန်လည်သင့်မြတ်စေချင်ခဲ့သည်။ ကျောင်းသားဘဝကတည်းက ကျွန်တော့်အပေါ်ကောင်းခဲ့တဲ့အတွက် ဒီတစ်ကြိမ်တော့ ကျေးဇူးတုံ့ပြန်သောအားဖြင့် ကူညီပေးချင်သည်။

"ငါကူညီမယ်ကွာ ဘယ်သူက ပစ်သွားတာလဲပြော၊ ငါ ဖြေရှင်းပေးမယ်"

"မရတော့ဘူးကွ။ ငါတို့ နောက်ကျသွားပြီ။ သူ့ကို မုန်းလိုက်တော့တဲ့။ ငါနဲ့တွဲရတာ ရင်မခုန်ဘူးတဲ့။ သူ ရင်ခုန်တဲ့သူနဲ့လိုက်သွားတော့မယ်တဲ့။ ငါဘာဆက်လုပ်ရမလဲ။ ငါ့ဘဝအတွက် ဘာမှမလိုတော့ဘူး။ ငါ မင်းကို ကျေးဇူးတင်ပါတယ်"

မျက်ရည်တွေအတားအဆီးမဲ့ကျပြီး ပြောလိုက်သမျှစကားလုံးတိုင်းက ကျွန်တော့်ရင်ကို ထိုးဆွနေသယောင်။

"ဘယ်သူလဲ ပြောပါကွာ။ ငါလိုက်ပြီး ဖျောင်းဖျပေးမယ်။ ငါ့ကို ဒီလောက်တော့ကူညီခွင့်ပေးပါ မျိုးနိုင်ရာ။ မင်း ငါ့အပေါ်ကောင်းခဲ့တာတွေက မနည်းပါဘူး။ ဒီတစ်ခါတော့ ငါ့ကိုကူညီခွင့်ပေးပါ"

"ဒီမိန်းမကို မင်းသိမှာပါ။ လုံးဝကိုသစ္စာမရှိတဲ့ မိန်းမ။ ငါသူ့ကိုမုန်းတယ်ကွာ ကဲကွာ. . . ကဲကွာ. . ." မျိုးနိုင်လွှင့်ပစ်လိုက်သောစာအုပ်များက အခန်းတွင်းပြန့်ကျဲလျက်။

ကျွန်တော့်ရှေ့တည့်တည့် လွင့်ကျလာတဲ့စာအုပ်ကို ကိုင်ကြည့်မိသည်။ တစ်ရွက်ချင်း လှန်လိုက်မိသည်။ တစ်ပြန်တစ်လှည့် ရေးထားတဲ့ဒိုင်ယာရီစာအုပ်ဖြစ်သည်။ စာအုပ်ကြားမှ အရာတစ်ခုထွက်ကျလာသည်။ ကျွန်တော် ကောက်ပြီးကြည့်လိုက်မိချိန် love ဆိုတဲ့စာလုံးလေးလေးလုံးက အပြည့်မပါ။ အပေါ်ပိုင်း လိုနေသေးသည်။

"ဟာ. . . မနှင်းဆီနဲ့ မင်းနဲ့က"

"ဟုတ်တယ်၊ ငါ့နှလုံးသားကို နင်းခြေတဲ့မိန်းမပေါ့" ကျွန်တော် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားပြီး တွေဝေသွားခဲ့၏။ အကြိမ်ကြိမ်အခါခါစဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

ဒီအတွက်လည်း ဂုဏ်ယူခဲ့သည်။ ပေးဆပ်ခြင်းဖြင့် ချစ်ရခြင်းသည် ဖြူစင်၍ အပြုံးမပြယ်သောချစ်ခြင်းတရားပင် ဖြစ်မည်ထင်မိသည်။ အချစ်ဆိုသည်က ရယူပိုင်ဆိုင်မှသာလျှင် အချစ်မဟုတ်။ ပေးဆပ်အနစ်နာခံခြင်းသည်လည်း အချစ်ပင်မဟုတ်ပါလော။ ထို့ကြောင့် မျိုးနိုင်ကို ကတိတစ်ခုပေးလိုက်မိတော့သည်။

"သိပ်ချစ်ကြတဲ့ မင်းတို့နှစ်ယောက်ကို ဆုံစည်းအောင် ငါကူညီပေးမယ်"ဟူသော ကတိပင်။

■■■








## မိတ်ဆွေများအတွက်သတင်းကောင်း

"ရွှေမြင့်စံ & မင်းသုကျော် အကျိုးဆောင်နှင့်ဆောက်လုပ်ရေး Co;"မှ "သန်လျင် Star City အိမ်ရာ" ရှိ အခန်းများကို ခေတ်မီလှပသော Design များဖြင့် ပြင်ဆင်၍ "ရောင်း/ဝယ်/ငှား"ခြင်းဖြင့် ကူညီပေးပါမည်။

ပြင်ဆင်ခန့်မှန်း (၁××/၂××/၃××)သိန်း (ပစ္စည်းစုံ)

"ရွှေမြင့်စံ & မင်းသုကျော် အကျိုးဆောင်နှင့် ဆောက်လုပ်ရေး Co;"

အမှတ်(၇၀/၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်မီးပွိုင့်ထောင့်၊ ဗဟန်း။
01-548-993, 09-509-9696, 09-79-509-9696, 09-7319-9696

ကျွန်မတို့၏ Co; သို့ယုံကြည်စိတ်ချစွာ လုပ်ငန်းအပ်နှံပေးသော အခန်းပိုင်ရှင် မိတ်ဆွေများကို ကျေးဇူးတင်ပါသည်။

(အားလုံးစိတ်ချမ်းသာမှုရှိအောင် ဆောင်ရွက်ပေးပါမည်)


## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၇ပဲမှီကုန်း၊ မြေကွက်အမှတ်-၁၆၁/A၊ ဧရိယာ (၀. ၀၂၉)၊ မြေကွက်တည်နေရာအမှတ်(၃၉/ခ)၊ စပါယ်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (မောင်ဘမောင်) အမည်ပေါက် B-၃ကရပြီးမြေအား အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၈/၂၀၁၆ဖြင့် မြေနှင့်အိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် (၃က)လျှောက်ထားစေလိုမှု၏ ၂၄-၃-၂၀၁၆ရက်စွဲပါ တရားရုံးစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှု အမှတ်-၂၈/၂၀၁၆ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၉-၅-၂၀၁၆ရက်စွဲပါ တရားရုံး နေ့စဉ် မှတ်တမ်း ၁၀-၅-၂၀၁၆ရက် ဘီလစ်ခန့်အပ်စာ ၃က လက်မှတ်တင်ပြပြီး ဘီလစ်ဒေါ်မိုးမိုးအေး [၁၂/အစန(နိုင်)၁၂၂၁၈၄]မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေ ကရန်အုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၆/၁၈(ကုန်းအောင်)၊ မြေကွက်အမှတ်(၂၄)၊ ဧရိယာ (၄၀'×၆၀') စ/ပေရှိ ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်များကို အမည်ပေါက် ပိုင်ရှင်ထံမှ ဝယ်ယူထားသူ ဦးခင်မောင်အေး (၁၂/ရကန(နိုင်)၀၃၃၇၂၉) ထံမှ ဝယ်ယူရန် သဘောတူညီကြပြီးနောက် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်သက်သက်၍အကျိုးသက်ဆိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့အထောက်အထား များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်စုစုဖြိုး (LL.B,DBL) စဥ် - ၃၇၆၄၇

ဒေါ်ချိုရီ(B.Sc, H.G.P,R.L,DBL) စဥ် - ၁၉၁၁

ဒေါ်ခင်အိအိအောင်(LL.B,DIL) စဥ် - ၇၆၆၄

အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေများ

အမှတ် (၁၇၀/၁၇၂) ပထမထပ်၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၀၃၁၇၆၊ ၀၉ ၅၄၈၄၉၄၃၊ ၀၉ ၇၈၆၀၃၆၉၄၃


အမျိုးသမီးသီးသန့် ကားမောင်းသင်ပေးမည်။

(အိမ်အရောက်သင်သည်။)

Ph:09-421146587



## ယာဉ်မောင်းတစ်ဦး အမြန်အလိုရှိသည်

အိမ်ကားမောင်းရန် ယာဉ်မောင်းတစ်ဦး အမြန်အလိုရှိသည်။ (၉)မိုင်တွင် ကားထုတ်ရန်။ အသက်(၃၀)မှ(၄၀)အတွင်း

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၂၅၄၃၂၃၁**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ အမှတ်(၂၂/ခ)နေ ကျွန်မ ဒေါ်စန်းစန်းမြင့်(ခ)မာတူး[၁၂/သဃက(နိုင်)၁၂၆၂၆၆]မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်စန်းစန်းမြင့်(ခ)မာတူးသည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကွင်းအမှတ်(၂၈/က)၊ ဦးပိုင်အမှတ်(၄၉)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ အမှတ်(၇)ရှိ ပေ(၁၆×၆၀) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်သဇင်စိုး (ဘ)ဦးသန်းစိန်[၁၂/သဃက(နိုင်)၁၅၃၇၉၇]နှင့် ဒေါ်စုစုမွန်(ဘ)ဦးသန်းစိုး[၁၂/သဃက(နိုင်)၁၅၃၇၉၈]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ၃၀-၁၁-၂၀၁၆ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စန်းစန်းမြင့်(ခ)မာတူး** | **ဒေါ်ခင်သန္တာထွန်း** |
| **[၁၂/သဃက(နိုင်)၁၂၆၂၆၆]** | **အထက်တန်းရှေ့နေ(စဥ်-၂၇၂၅၁)** |

**အမှတ်-၁၂၀၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၁၀၄၄၂၊ ၀၉-၇၉၉၅၆၁၅၈၈**


PREMIER®
COFFEE
ချက်ချင်းပေါက်ငွေသားကံထူးရှင်ထဲမှ
၅ သိန်းဆုကံထူးရှင် (၂၁) ဦး၊
၁ သိန်း ဆုကံထူးရှင်(၂၃၂) ဦး ပေါ်ထွက်လာပါပြီ။
ကျန်ရှိနေသေးသည့်ဆုမဲများ
အထူးဆုကြီး ငွေကျပ်သိန်း ၁၀၀၀(၁)ဆု၊
ငွေကျပ်သိန်း ၅၀၀ (၄)ဆု
ငွေကျပ်သိန်း ၁၀၀ (၁၈)ဆု
ငွေကျပ် ၅ သိန်း (၁၆၅)ဆု
ငွေကျပ် ၁ သိန်း (၂၀၃၉)
(၂)ထပ်ကွမ်း ငွေလမ်း ကံစမ်းမဲ
ကံစမ်းမဲကာလ(ဒီဇင်ဘာ ၂၀၁၆) မှ (ဧပြီ ၂၀၁၇) ထိ
၁
ဖော်ပြပါနမူနာပုံစံအတိုင်းတွေ့ရှိပါက
၂
အထုပ်ဘယ်ဘက်တွင်ပါရှိသော နမူနာပုံစံအား ကြိုက်နှစ်သက်ရာစာရွက်အလွတ်တစ်ခုအပေါ် ပုံတွင်ပြထားသည့်အတိုင်းဖြည့်စွက်ပါ
၃
ဖြည့်စွက်ပြီးပါက အိတ်ခွံနှင့်အတူ ဖော်ပြပါပုံစံအတိုင်းပူးတွဲ၍
၄
စာအိတ်(၁)အိတ် ထဲသို့ ဝင်ဆံ့သလောက်ထည့်နိုင်ပါသည် စာရွက်(၁)ရွက်နှင့်အိတ်ခွံ(၁)ခွံအား (၁)မဲအဖြစ် သတ်မှတ်ပါသည်။(ဥပမာ - စာအိတ်ထဲ (၆)ခုပါက (၆)မဲ သတ်မှတ်ပြီး/ (၁)ခုထဲပါပါက (၁)မဲဟုသတ်မှတ်ပါမည်)
၅
BY AIR MAIL
ဖော်ပြပါပုံအတိုင်းစာအိတ်ပေါ်တွင်ရေး၍
၆
POST
နီးစပ်ရာစာတိုက်ပုံး (သို့)စာတိုက်သို့ ပေးပို့ကံစမ်းနိုင်ပါသည်။
ချက်ချင်းပေါက်ငွေသားကံစမ်းမဲအပြင်
ထပ်မံကံစမ်းနိုင်မယ့်
(၂) ထပ်ကွမ်းငွေလမ်း
ရန်ကုန်
(၁၁၀၉)၊ (၁၁၁၉)
မန္တလေး
(၁၀)၊ (၁၈)
နေပြည်တော်
(၁၁၉)
စာတိုက်ပုံး




ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် "ငြိမ်းချမ်းရေး စည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲ"နှင့် "ငြိမ်းချမ်းရေး ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းပွဲ" အား အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | – | ၁၃.၂.၂၀၁၇ (တနင်္လာနေ့) |
| အချိန် | – | ညနေ(၅)နာရီမှ ည (၁၁)နာရီအထိ |
| နေရာ | – | အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂)၊ နေပြည်တော် |

DW DIAMOND WALL CO.,LTD

အခမ်းအနားကျင်းပရေးကော်မတီ
ဆက်သွယ်ရန် – ၀၉ ၄၃၀၆၆၄၃၀
၀၉ ၄၄၂၁၂၀၂၀



AUTHENTIC

အချိန်ကောင်းရောက်ပြီမို့ Authentic နှင့် ခရီးသွားစို့ ....

| | | | |
|---|---|---|---|
| ၀၁မတ်လ၂၀၁၇ | စင်္ကာပူ | (၀၄ရက်/၀၃ည) | ၆၉၀ဒေါ်လာ / ၂၀ယောက် |
| ၁၀ဧပြီလ၂၀၁၇ | ဩစတြေးလျ | (၁၁ရက်/၁၀ည) | ၃၈၂၀ဒေါ်လာ / ၂၀ယောက် (ပြည်တွင်းလေယာဉ်စရိတ် ၂ကြိမ်) |
| ၁၃ဧပြီလ၂၀၁၇ | ဥရောပ | (၁၂ရက်/၁၁ည) | ၂၉၆၅ဒေါ်လာ / ၂၀ယောက် (ပြည်တွင်းလေယာဉ်စရိတ် ၁ကြိမ်) |
| ၁၄ဧပြီလ၂၀၁၇ | ဗီယက်နမ်(ဟိုချီမင်း) | (၀၄ရက်/၀၃ည) | ၄၉၀ဒေါ်လာ / ၂၀ယောက် |

Call Us +959 768 40 59 50 ~ 53 , +195 99 99 05 81, +959 96 51 20 426 Viber



၁၀တန်းတွင် သင်္ချာဘာသာရပ်၌ ဂုဏ်ထူးရှင်များစွာကို နှစ်စဉ်မွေးထုတ်သင်ကြားပေးပြီး တက္ကသိုလ်ဝင်တန်း သင်္ချာဘာသာရပ်ကို ဤနွေ(၃)လတွင် သင်ရိုးတစ်ကျော့ပြီးပြတ်အောင် နှစ်စဉ် သင်ကြားပေးနေသော Skynet Education Channel ၌ သင်္ချာဘာသာရပ်ကို အပတ်စဉ်ပို့ချသော-

**ဆရာဒေါက်တာညီညီ(သင်္ချာ)၏ ၂၀၁၇ နွေသင်ရိုးကုန်သင်တန်းများကို**
**မတ် ၉ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပါမည်။**

| | | |
|---|---|---|
| အချိန် | - | တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ ၁း၃၀-၃း၀၀ PM |
| နေရာ | - | အမှတ်(၁၈၈)၊ ဆိပ်ကမ်းသာ၊ (လွှစ္စလမ်း)(အလယ်)၊ ရန်ကုန်မြို့။ |
| ဖုန်း | - | ၀၁-၃၇၂၂၃၇၊ ၀၁-၃၇၅၅၀၉၊ ၀၉-၅၀၅၆၂၇၂၊ ၀၉-၅၀၉၇၃၇၂ |



**uefMuEdumifaumf**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၂၆/က)၊ မြေကွက်တည်နေရာအမှတ်(၄၂၆/က)၊ မင်းခေါင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးသူရအောင်)[၁၂/တမန(နိုင်)၀၈၈၂၄၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးသူရအောင်)ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး[၁၂/ပဘတ(နိုင်)၀၀၃၈၁၉]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၇၇/၃-၁-၁၇နှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1C/5207 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**



**မြေကွက်ရောင်းမည်**

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ တိုးချဲ့(၁)ရပ်ကွက်၊ ကျန်စစ်သားလမ်းမပေါ်

**ဖုန်း-၀၉-၄၄၅၅၅၀၅၅၉**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၄၇၂-က)၊ မြေကွက်တည်နေရာအမှတ်(၄၇၂-က)၊ ပြင်ဦးလွင်လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်အေးအေးကြွယ် အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အံဂျမား[၁၂/လမန(နိုင်)၀၂၈၂၂၆]မှ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ပျောက်ဆုံးကြောင်း**

ကြယ်တံခွန်စိမ်း ကျောက်မျက်ကုမ္ပဏီလီမိတက်(Green Comet Gems Co.,Ltd) မှတ်ပုံတင်အမှတ်(၁၁၁၄/၂၀၀၆-၂၀၀၇/၂၈-၁၁-၂၀၀၆)၏ ကုမ္ပဏီကတ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၁-၃၇၈၈၅၄**








SUMMER ENGLISH COURSE

- English Time Series
- Basic Grammar
- Knowledge, Values
- Fun Games
- Joyful Melody

Stars' Choice

March 6 to May 25 | Age 5 to 12 years

Room(101), No (35), Phyar Pone Street, Sanchaung Tsp, Yangon.
Ph : 09421127523, 0973125683



ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်နိုင်ရန် သင်တန်းသူ အမြန်အလိုရှိသည်။

(A) ဂျပန်နိုင်ငံ၊ Ibaraki မြို့ရှိ ဝက်အူချောင်းထုတ်လုပ်သည့်စက်ရုံ Nippon Ham Co.,Ltd. တွင်မြန်မာသင်တန်းသူ(၃၅)ဦးအမြန်အလိုရှိသည်။

(၁) အခြေခံလစာ တစ်နာရီ (၇၄၇ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၂) ပျမ်းမျှဝင်ငွေ တစ်လ (၁၂၆,၃၆၈ ယန်း) ရရှိမည်ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက ကုမ္ပဏီသို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Shine Hill Co.,Ltd.**(License No.59/2015)
အမှတ်(၂၅၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁)၂၄၁၂၄၈၊ ၀၉-၇၃၀၅၂၉၉၃၊ ၀၉-၇၃၀၅၂၈၀၅၊ ၀၉-၇၇၇၃၇၀၉၅
Email:shinechill07@gmail.com



Quality Creates Market Shares

လူလေး ဂက်စ်

LU LAY General Trading Co., Ltd.
Head Office: No.167, Room(6), Bo Aung Kyaw St; (Middle),Kyauktada Tsp; Yangon.
Tel:01-249322, 373077, 701158, 09-5106994 E-mail: lulaytrading@gmail.com




ဝယ်ယူရရှိနိုင်သော အရောင်းဆိုင်ခွဲ နေရာ နှင့် ဖုန်းနံပါတ်များ


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

